


# ဝဏဂေဒါင်

ဝမ်အောင်း၏ ပါ့ချီရုး

**နက္ခတ်ရှစ်လုံး**

'ဒုတိယပိုင်း
ဇာတ်သိမ်းပိုင်း'

တိုးတက်ရေးစာပေ

ဝဏ္ဏအောင်

# နက္ခတ်ရှစ်ဂါလုံး

(ဒုတိယပိုင်း-ဓာတ်သိမ်း)

တိုးတက်ရေးစာပေ

## အခန်း (၁၈)

ရှစန်းကျင်း အံ့တင်းတင်းကြိတ်လိုက်၏။

သူ မည်သည့်နည်းနှင့်မျှ အဖမ်းမခံနိုင်ပါ။

သူက ပြတင်းပေါက်မှတစ်ဆင့် ကြည့်လိုက်၏။

ရွှန်ပေါင်နှင့်ရဲမက်ဆယ်ဦးခန့်က လက်နက်ကိုယ်စီဖြင့် အိမ်ကလေးဆီသို့ ချဉ်းကပ်လာ၏။

သူ အချိန်မရှိတော့ပါ။ ဓားကို ဆွဲထုတ်လိုက်၏။

ထိုတဒင်္ဂအတွင်း သူ၏ဦးနှောက်ထဲသို့ အလင်းတန်းတစ်ခု ဝင်ရောက်လာ၏။

"ကျင်းအော် ဘာလုပ်မလဲ"

"ကျင်းအော်ဟာ အရေးပေါ်ထွက်ပေါက် အမြဲထားတဲ့ လူတစ်ယောက်ပဲ"

ရှစန်းကျင်းက ဓားကို ပြန်သွင်းလိုက်၏။ သူက အိမ်အနေအထားကို အကဲခတ်လိုက်၏။ ဧည့်ခန်းတွင်း၌ ဗီရိုတစ်ခုရှိနေ၏။

ကြည့်ရသည်မှာ သဘာဝမကျလှပါ။

ရှစန်းကျင်း ဗီရိုကို တွန်းရွှေ့လိုက်၏။

ကြမ်းပြင်ပေါ်တွင် အံဖုံးတစ်ခုရှိနေသည်ကို တွေ့လိုက်ရ၏။ ချက်ချင်းပင် အံဖုံးကို ဆွဲဖွင့်လိုက်၏။

သူတွက်ဆထားသည့်အတိုင်း ဥမင်လိုဏ်ခေါင်းတစ်ခုကို တွေ့လိုက်ရ၏။ ရှစန်းကျင်းက အောက်သို့ ဆင်းလိုက်ပြီး အံဖုံးကို အောက်မှ ကန့်လန့်ချပိတ်လိုက်လေသည်။

အခန်းတစ်ခုအတွင်း ခုတင်ပေါ်၌ လူငယ်တစ်ယောက် လဲလျောင်းနေ၏။ ထိုလူငယ်မှာ ဆင့်လျန်ပင် ဖြစ်ပါသည်။

သူသည် အိပ်စက်နေရာမှ ရုတ်တရက် မျက်လုံးပွင့်လာသည်။ ထို့နောက် သက်ပြင်းချလိုက်ပြီး ...

"ခင်ဗျားရောက်လာပြီကိုး"

သူ့စကားအဆုံးတွင် အခန်းတွင်းမှ မီးအိမ်လင်းသွား၏။

စားပွဲတွင် လူတစ်ယောက် ထိုင်နေ၏။ ထိုလူ၏အဝတ်အစားများမှာ ဖုန်များပေကျံပြီး ညစ်ပတ်နေ၏။



ထိုသူကား ရှစန်းကျင်းပင်တည်း။

ဆင့်လျန် အိပ်ရာမှ လူးလဲထပြီး ရှစန်းကျင်းနှင့် မျက်နှာချင်းဆိုင် ထိုင်ချလိုက်လေ၏။

"ဘယ်လိုလဲ ... ခင်ဗျား ကျုပ်အကူအညီကိုယူဖို့ သဘောတူပြီလား"

ဆင့်လျန်က မေးလိုက်သည်။ ရှစန်းကျင်းက ...

"မင်းက ဘာကြောင့် ကျုပ်ကို ဖုံးကွယ်ထားရတာလဲ"

"ကျုပ်က အမှန်ကိုပြောပြလို့ကော ခင်ဗျားက ယုံမှာလားဗျ"

ရှစန်းကျင်းက ခေါင်းညိတ်လိုက်၏။

မှန်ပါသည်။ မျောက် ကျင်းအော်၏မှတ်တမ်းမဖတ်ရသေးလျှင် ဆင့်လျန်သည် ကျင်းအော်နှင့် စာကလေးတို့၏ မိတ်ဆွေဟု အဘယ်မှာလျှင် လက်ခံနိုင်ပါမည်နည်း။

"မင်း ဘယ်လောက်သိထားပြီလဲ၊ သိသလောက် ကျုပ်ကို ပြောပြပါ"

ရှစန်းကျင်းက စတင်မေးလိုက်၏။ ဆင့်လျန်က သက်ပြင်းချကာ ...

"စာကလေးဟာ ခင်ဗျားတို့လိုပဲဗျ၊ ဘယ်သူ့ကိုမှ ယုံကြည်

တဲ့လူ မဟုတ်ဘူး။ သူဟာ ကျုပ်ကို ငယ်စဉ်က ထောက်ပံ့ဖူးတဲ့ ကျေးဇူးရှင်တစ်ဦးပါ။ သူ အကူအညီတောင်းလာတော့ ကျုပ်က ကူညီဖို့ ကတိပြုခဲ့တယ်၊ ဒါပေမဲ့ သူက ဖြစ်ပျက်သမျှအကြောင်းအရာတွေကို အမှန်အတိုင်း မပြောခဲ့ဘူးဗျ"

"မင်းက အကုန်အစင် သိစရာမလိုဘူး ယူဆလို့နေမှာပေ့ါ"

"ပြဿနာရဲ့အရင်းအမြစ်ကို မသိရတော့ ကျုပ်က ဘာကိုစပြီး ဖြေရှင်းရမှန်းမသိခဲ့ဘူး"

"ဒါပေမဲ့ မင်း အခု အတော်သိနေပြီပဲ မဟုတ်လား"

ဆင့်လျှန် ဝန်ခံလိုက်၏။

"ဟုတ်တယ်"

"ကဲ ... ဆက်ပြောပါဦး"

"ခင်ဗျားတို့ နက္ခတ်ရှစ်လုံးမှာ သော့တစ်ချောင်းစီရှိကြတယ်၊ ဒီသော့တွေဟာ ရွှေငွေပစ္စည်းနဲ့ ပတ်သက်နေတယ်၊ တစ်စုံတစ်ယောက်က ပစ္စည်းအကုန်လိုချင်တယ်၊ ဒါကြောင့် တိတ်တဆိတ်လုပ်ကြံပြီး သော့ကိုအရယူတယ်၊ ဒါပဲ"

"မင်းကို စာကလေးခိုင်းခဲ့တာက ဘယ်သူလဲဆိုတာ စုံစမ်းဖို့ပဲ၊ မင်း ဘယ်သူဘယ်ဝါဆိုတာ ငါသိပြီးသား"

ဆင့်လျှန်က ...



"ကျုပ် စာကလေးနဲ့ ဆက်သွယ်ခဲ့တာ တစ်လပဲရှိသေးတယ်ဗျ၊ ပြဿနာရဲ့ဇစ်မြစ်မသိတော့ ဘဲဥအစရှာမရသလို ဖြစ်နေခဲ့ရတယ်၊ ပထမတည်းက အကြောင်းရင်းမှန်ကိုသိရရင် စာကလေးအသက်ကို ကျုပ်ကယ်နိုင်မှာပဲ"

"စာကလေးမသေရင် မျောက်လည်း သေမှာမဟုတ်ဘူး၊ အခုတော့ ကျန်တဲ့လူအားလုံး သေနိုင်ပြီ"

ဆင့်လျှန်က ...

"ကျုပ်တို့ ခေါင်းအေးအေးထားပြီး ဆွေးနွေးဖို့သင့်ပြီ"

"ကောင်းပြီ ... မင်း စဉ်းစားရတာ အရင်ပြောပါ"

ဆင့်လျှန်က ...

"တရားခံဟာ နက္ခတ်ရှစ်လုံးထဲက ဖြစ်မယ်လို့ ခင်ဗျား ယုံကြည်သလား"

"ဖြစ်နိုင်တယ်၊ မင်းကော"

"ဖြစ်နိုင်ပါတယ် ... ဘာကြောင့်လဲဆိုတော့ ခင်ဗျားတို့ရဲ့ လျှို့ဝှက်ချက်ကို အပြင်လူသိဖို့မှ မလွယ်ဘဲ"

ရှစန်းကျင်းက နှာခေါင်းရှုံ့လိုက်၏။

"ဒါပေမဲ့ ဖြစ်ရပ်က လျှို့ဝှက်ထားတယ်ဆိုပေမယ့် အာဏာပိုင်တွေဘက်က ပေါက်ကြားပြီး တစ်စုံတစ်ဦးက သိခဲ့တာလည်း ဖြစ်

နိုင်တယ်"

ဆင့်လျှန်က ...

"ကျုပ် ရှင်းရှင်းပြောမယ်၊ ခင်ဗျားတို့ဟာ ဘုရင့်ဘဏ္ဍာငွေတွေ လုယက်ပြီး ဝှက်ထားတယ်၊ ဝှက်တဲ့နေရာ ဒါမှမဟုတ် ပုစ္ဆာကို ရဖို့ သော့ (၈) ချောင်းစုံမှရမယ်"

"ဟုတ်တယ်"

"ဒီအကြောင်းကို နက္ခတ်ရှစ်လုံးကလွဲပြီး အပြင်လူ သိသလား"

"မင်း သိပြီပဲ"

ဆင့်လျှန်က ...

"ကျင်းအော်ရဲ့မှတ်တမ်းကို ဖတ်ရလို့သာ ကျုပ်သိတာပဲ၊ ခင်ဗျားတို့ နက္ခတ်ရှစ်လုံးကိုပဲ တွက်ဆကြည့်ရအောင်"

ရှစန်းကျင်းက ခေါင်းညိတ်လိုက်၏။ ဆင့်လျှန်က ...

"သေတဲ့လူတွေ ဖယ်ရအောင်"

ရှစန်းကျင်းက ခေါင်းညိတ်လိုက်၏။ ဆင့်လျှန်က ...

"ပထမ ချင်းကူး၊ ဒုတိယ ကျင်းအော်၊ နှစ်ယောက်သေခဲ့ပြီ"

"ဟုန်ဝိလည်း ဖယ်လိုက်ပါ"

"ဟုန်ဝိ သေပြီ ... ဟုတ်လား"



"ဟုတ်တယ်၊ သူနဲ့ကျုပ် မဆုံတွေ့ခင်ဘဲ လုပ်ကြံခံလိုက်ရတယ်"

"ကောင်းပြီ ... စတုတ္ထ ခင်ဗျားကိုယ်တိုင် မပါဝင်တော့ ဖယ်ထုတ်လိုက်ရင် လေးယောက်ပဲ ကျန်မယ်"

ရှစန်းကျင်းက ...

"ရန်ပေလျှန်၊ လျှူဝေကျို၊ ချူကျောင်းနဲ့ ချင်းကျဲ့ကျဲ့"

"လျှူဝေကျူဟာ ရုတ်တရက် ပျောက်ကွယ်သွားတယ်"

"မင်း သူ့ကို သံသယရှိသလား"

ဆင့်လျှန်က ...

"လူတိုင်း သံသယဝင်စရာပဲ မဟုတ်လား၊ သူ့အိမ် မီးလောင်ပြီး အလောင်းက အရိုးပဲကျန်တယ်၊ သူဟာ မီးလောင်ပြီး တကယ် သေဆုံးသွားတာလည်း ဖြစ်နိုင်သလို ခြေရာဖျောက်သွားတာကော မဖြစ်နိုင်ဘူးလား"

ရှစန်းကျင်းက ခေါင်းညိတ်လိုက်၏။

"ချူကျောင်းကကော"

ဆင့်လျှန်က ...

"သူဟာ စာကလေးရဲ့ လျှို့ဝှက်အိမ်မှာ လုပ်ကြံခံရတယ်လို့ ချင်းကျဲ့ကျဲ့ ပြောခဲ့တယ်၊ ဒါ အမှန်ပဲလား၊ သူတို့ (၂) ဦးပေါင်း

လိမ်တာလား၊ ကျုပ် မသိရသေးဘူး”

“ရန်ပေလျှန်ကော”

ရှစ်နီးကျင်းက မေးသည်။ ဆင့်လျှန်က …

“ရန်ပေလျှန်ဟာ စာကလေးရဲ့ လျှို့ဝှက်နေရာတစ်ခုမှာ ရှိနေဆဲလို့ သိရတယ်၊ ဒါပေမဲ့ လျှို့ဝှက်နေရာတွေကို ကျုပ် မသိဘူးဗျ”

ရှစ်နီးကျင်းက …

“စာကလေးမှာ လျှို့ဝှက်နေရာကို မှတ်သားထားတာတွေ ရှိတယ်၊ ဒါပေမဲ့ တစ်စုံတစ်ယောက်က ဖြိုယူသွားခဲ့တယ်”

“ဒါဆိုရင်”

ရှစ်နီးကျင်းက …

“ကျုပ် ဒီနေရာတွေအားလုံး သိပါတယ်၊ အဖြစ်နိုင်ဆုံးက”

ဆက်မပြောဘဲ ခုတင်ဆီ လျှောက်သွားပြီး လှဲချလိုက်၏။

“ကျုပ် မနားရသေးဘူး၊ ဒီည အနားမယူရင် ကျုပ် လှုပ်ရှားဖို့ မလွယ်ဘူး၊ မနက်ကျမှ သွားကြတာပေါ့”

သူသည် ချက်ချင်းပင် အိပ်ပျော်သွားလေတော့သည်။

★★★



# အခန်း (၁၉)

အခန်းတံခါးခေါက်သံကြောင့် ကွန်းလုယန်က မျက်မှောင်ကြုတ်သွား၏။

“ဘယ်သူလဲ”

အပြင်မှခြေသံ ထွက်ပေါ်လာ၏။ ကွန်းလုယန်က တံခါးဖွင့်ပေးလိုက်ရာ အစောင့်တစ်ယောက် ဝင်လာသည်။ အစောင့်က …

“သခင်လေး … မြို့စားကြီး ကွယ်လွန်ခါနီးပြီ”

ကွန်းလုယန်က …

“ဘယ်သူ့ကို ဆက်ခံဖို့ ရွေးခဲ့သလဲ”

အစောင့်က …

“ကနေ့ည သူဌေးကြီးထန်းယန့်နဲ့ စာပေသမားကျင့်ဂူ နှစ်ဦးထဲက တစ်ဦးကို အပြီးသတ်ရွေးချယ်လိမ့်မယ်”

“ထန်းယန့်ဟာ နက္ခတ်ရှစ်လုံးနဲ့ ပတ်သက်နေသလားလို့ပါ”

ဝေချို မျက်မှောင်ကြုတ်သွား၏။ ကွင်းလုယန်က ဆက်

ပြောလိုက်သည်။

"ဖြစ်နိုင်တာက ကျုပ်ဖခင်ကို လုပ်ကြံတာဟာ သူ့အတွက် ရာထူးယှဉ်ပြိုင်မှု လွတ်လပ်သွားမယ်၊ သူဟာ နက္ခတ်ရှစ်လုံးနဲ့ ပတ်သက်နေတဲ့အတွက် ရှစန်းကျင်းကို ထောင်ထဲပြန်ထည့်မယ်"

"ကျုပ် မရှင်းဘူး"

ကွန်းလုယန်က ...

"ကျုပ် ဒီအခန်းထဲကနေ ငွေနဲ့ သတင်းတွေဝယ်ခဲ့တယ်၊ အဲဒီသတင်းတွေထဲမှာ နက္ခတ်ရှစ်လုံးသတင်းက အများဆုံးပဲ"

ဝေချို့က နားထောင်နေသည်။

"နက္ခတ်ရှစ်လုံးဟာ ဘုရင့်ဘဏ္ဍာတွေကို လုယက်ခဲ့တယ်"

ဝေချို့ အံ့အားသင့်သွားသည်။

"ဟုတ်ရဲ့လား ... ကျုပ်တို့ မကြားမိပါလား"

ကွန်းလုယန်က ...

"အာဏာပိုင်တွေက လျှို့ဝှက်ထားလို့ ဒီသတင်းဟာ တိမ်မြုပ်နေတာပဲ၊ ကျုပ်က ရှစန်းကျင်းနဲ့ ထောင်ထဲမှာ အတူနေခဲ့ပေမယ့် အဲဒီကိစ္စကို နည်းနည်းပါးပါးပဲ သိရတယ်၊ ဒါကလည်း သူက တစ်ချိန် ဝေစုခွဲပြီးရင် ကျုပ်နဲ့ စီးပွားရေးလုပ်ငန်းတွေ လုပ်ကိုင်ချင်လို့ တီးခေါက်ရင်း ရိပ်စားမိခဲ့တာပဲ"



ဝေချို့က ခေါင်းတဆတ်ဆတ် ညိတ်လိုက်သည်။

"ဆက်ပြောပါဦး သခင်လေး"

ကွန်းလုယန်က ...

"အခု နက္ခတ်ရှစ်လုံးဟာ ဇာတ်မြုပ်နေတယ်၊ ကျုပ် ကြိုးစား စုံစမ်းတော့ သေသူသေ ပျောက်သူပျောက် ဖြစ်နေကြတယ်၊ သူတို့ကို တစ်စုံတစ်ယောက်က ဖြိုခွဲနေတယ်၊ သူတို့တိုက်ခိုက်ထားတဲ့ ဘဏ္ဍာတွေကို အပိုင်စီးဖို့ ကြံနေတယ်ဆိုတာ သိရတယ်"

"အဲဒါ ထန်းယန့်နဲ့ ပတ်သက်နေသလား"

"ပတ်သက်နိုင်တယ်၊ နက္ခတ်ရှစ်လုံးမှာ ရှစန်းကျင်းဟာ ကြောက်စရာအကောင်းဆုံးပဲ၊ ဒါကြောင့် သူ့ကို ထောင်ထဲ ပြန်ထည့်ထားတာပဲ"

"သူ ထောင်ထဲရောက်နေတော့"

"သူ မရှိတော့ ကျန်တဲ့လူတွေကို အလွယ်တကူ ရှင်းနိုင်မယ်"

"သူ့ကို ရှင်းချင်ရင်ကော"

ကွန်းလုယန်က ပြုံးလိုက်၏။

"ထန်းယန့်သာ မြို့စားဖြစ်ရင် စီးမင်းအကျဉ်းထောင်က ဒီနယ်မြေထဲမှာပဲ၊ အကျဉ်းသားတစ်ဦးကို သူ ရှင်းပစ်ဖို့ မခက်ပါဘူး"

ဝေချို့က အံကြိတ်လိုက်သည်။

"ထန်းယန့်ကို ကျုပ် ရှင်းပစ်မယ်"

ကွန်းလုယန့်က ပြုံးလိုက်သည်။

"ဘယ်လွယ်မှာလဲ"

"သူသာ မြို့စားဖြစ်ရင် သူ့ကိုရှင်းဖို့ အခွင့်အရေးရှိတော့မှာ မဟုတ်ဘူး သခင်လေး"

"ကျုပ်သိတယ်၊ အခုလည်း ထန်းယန့်ဆိုတာကို ကျုပ်တို့က အတွေးနဲ့ စဉ်းစားပြောတာ၊ ဘယ်မှာမှ သက်သေအထောက်အထား မရှိဘူး၊ သူ့ကို ရှင်းပစ်ချင်ရင်လည်း အင်အားကစ်ရာလောက်နဲ့ အတင်းဝင်ပြီး စီးနင်းတိုက်ခိုက်မှပဲ ရမယ်"

ဝေချို့က ခေါင်းငိုက်စိုက်ကျသွား၏။

"ကျုပ်တို့ ဘာလုပ်မလဲ သခင်လေး"

"ထန်းယန့်ဟာ တရားခံ ဟုတ်,မဟုတ် မသေချာခင် သူ့ကို မြို့စားအဖြစ် မရွေးချယ်အောင် လုပ်ရလိမ့်မယ်"

"ဘယ်လို လုပ်ရမှာလဲ"

ကွန်းလုယန်က ရှင်းပြလိုက်လေသည်။ ဝေချို့၏မျက်နှာမှာ ပြုံးရွှင်သွား၏။

"ကျုပ် အခုပဲ စီစဉ်လိုက်ပါ့မယ်"



သူသည် ကွန်းလုယန်အား အရိုအသေပြုပြီး အခန်းထဲမှ လျင်မြန်စွာ ထွက်သွားလေတော့သည်။

★

မြို့စားဂေဟာ ...။

မြို့စားဂေဟာအတွင်း မီးများ လင်းထိန်နေ၏။ မြင်းတစ်ကောင်မှာ မြို့စားဂေဟာရှေ့သို့ ပြေးလွှားရောက်ရှိလာ၏။

မြင်းပေါ်မှလူက မြေပေါ်သို့ ပေါ့ပါးစွာ ခုန်ဆင်းလိုက်သည်။ ထိုလူအား တွေ့သောအခါ အစောင့်ရဲမက်များက ဦးညွှတ် အရိုအသေပြုလိုက်ကြသည်။

ထိုလူက အခန်းတစ်ခုဆီသို့ ဦးတည်လျှောက်သွား၏။ အစောင့်ရဲမက်နှစ်ဦးက အခန်းတံခါးကို ဖွင့်ပေးပြီး ထိုလူဝင်သွားသည်နှင့် အခန်းတံခါးကို ပြန်ပိတ်လိုက်သည်။

အခန်းတွင်း၌ လူသုံးယောက် ထိုင်နေ၏။

အတွင်းဝန်လု၊ ဘဏ္ဍာထိန်းနှင့် သမားတော်ကြီးတို့ပင် ဖြစ်ပါသည်။

"တပ်မှူးလေး တယ်နောက်ကျပါလားဗျ"

ဝင်လာသူမှာ တပ်မှူးလေးလီပင် ဖြစ်ပါသည်။

တပ်မှူးလေးလီက အရိုအသေပြုပြီး ဝင်ထိုင်လိုက်သည်။

သမားတော်ကြီးက ချောင်းတစ်ချက်ဟန့်ပြီး စကားစလိုက်သည်။

"မြို့စားကြီးအခြေအနေက ပိုဆိုးလာပြီ၊ ဒါကြောင့် ရာထူးဆက်ခံမယ့်လူကို အပြီးသတ် ရွေးချယ်ရလိမ့်မယ်"

"ဟုတ်ကဲ့ ... ကျုပ် နောက်ကျတာကလည်း ဒီကိစ္စအတွက်ကြောင့်ပါပဲ"

အားလုံးက တပ်မှူးလေးလီအားကြည့်လိုက်သည်။ တပ်မှူးလေးလီက ...

"ကျုပ်တို့ ရွေးချယ်မယ့်လူဟာ လူကောင်းဖြစ်မှသာ မြို့သူမြို့သားတွေအတွက် အကျိုးရှိပါလိမ့်မယ်"

အားလုံးက ခေါင်းညိတ်လိုက်သည်။ တပ်မှူးလီက ...

"ရွေးချယ်ရမယ့် လူနှစ်ဦးမှာ သူဌေးကြီးထန်းယန့်ဟာ အရည်အချင်းအားလုံးနဲ့ ပြည့်စုံပါတယ်၊ ဒါပေမဲ့ သူ့အကြောင်း စုံစမ်းတဲ့အခါ ကွင်းဆက်တွေ ပြတ်နေတာကို တွေ့ရတယ်ဗျ"

"သူဟာ ဒီမြို့သားပဲ၊ ဘယ်နေရာမှာ ကွင်းဆက်ပြတ်နေလို့လဲဗျ ... ရှင်းပါဦး"



"သူဟာ အသက်နှစ်ဆယ်အရွယ်မှာ ဒီမြို့က ထွက်သွားပြီး ဆယ်နှစ်ကြာမှ ပြန်ရောက်လာတယ်၊ သူ ချမ်းသာကြွယ်ဝလာခဲ့တယ်"

"ဒါ ဘာဆန်းသလဲ၊ သူဟာ လူငယ်သဘာဝ ကြီးပွားအောင် စီးပွားရှာခဲ့တယ်၊ ကြီးပွားလာတော့ ဒီမှာပြန်ပြီး အခြေချတယ်"

တပ်မှူးလေးလီက ...

"သူဟာ ဒုစရိုက်လုပ်ငန်းတွေကို အခုထိ လုပ်ကိုင်နေတယ်လို့ ကျုပ် သံသယရှိတယ်"

သမားတော်ကြီးက မျက်မှောင်ကြုတ်သွား၏။

"သေချာရဲ့လား"

"သူပိုင်ဆိုင်တဲ့အရာတွေထဲမှာ ယန်ပေ့လောင်းကစားဂေဟာနဲ့ ကျင်းဂေဟာဆိုတဲ့ ကြေးတန်းစားဂေဟာတစ်ခု ရှိတယ်"

ဘဏ္ဍာထိန်း သက်ပြင်းချလိုက်၏။ အကွင်းဝန်လုက ...

"အတော်အရုပ်ဆိုးတာပဲ"

ဟု ပြောလိုက်သည်။

တပ်မှူးလေးလီက ...

"ပြီးတော့ အထောက်အထားမရှိပေမယ့် သူဟာ ကွန်းကျူးကို လုပ်ကြံခဲ့တယ်လို့ ကျုပ်ယူဆမိတယ်"

အားလုံး အံ့အားသင့်သွား၏။

"ဟုတ်ရဲ့လား"

"ဖြစ်နိုင်ပါ့မလား"

တပ်မှူးလေးလီက ...

"ရွှန်ပေါင်ရဲ့သတင်းပေးချက်အရ ရှစန်းကျင်းက လူသတ်သမားလို့ထင်ရတယ်၊ ဒါပေမဲ့ ရှစန်းကျင်း ခုတုံးလုပ်ခံလိုက်ရတာလို့ ကျုပ်က သံသယရှိနေခဲ့တယ်ဗျ"

အတွင်းဝန်လုက သက်ပြင်းချလိုက်၏။

"ဟုတ်တယ် ... ဒီအမှုကို ကြားရကတည်းက တစ်စုံတစ်ခု လစ်ဟာနေသလို ခံစားမိတယ်"

ဘဏ္ဍာထိန်းက ...

"ထန်းယန့်က ကွန်းကျုံးကို ဘာကြောင့် လုပ်ကြံရမှာလဲဗျ"

"မြို့စားရာထူးကြောင့်ပဲ"

သမားတော်ကြီးက ...

"ထန်းယန့်ကို အရေးယူ"

"ဒါက ကျုပ်တို့ယူဆတာပါ၊ သံသယနဲ့ ဘယ်လိုမှ အရေးယူလို့ မရဘူး"

ဘဏ္ဍာထိန်းက လေပူတစ်ချက် မှုတ်ထုတ်လိုက်၏။



"သံသယနဲ့ သူဟာ အခွင့်အရေးတွေ ဆုံးရှုံးသွားပြီလို့ ဆိုရမယ်"

တပ်မှူးလေးလီက ပခုံးတွန့်လိုက်၏။

"ဘယ်တတ်နိုင်မလဲ ... သူ့ကိုရွေးချယ်ပြီးမှ သူဟာ သံသယရှိတဲ့အတိုင်း မှန်ကန်နေခဲ့ရင် ကျုပ်တို့အားလုံး အပြစ်ဒဏ်သင့်လိမ့်မယ်"

"ဒီကိစ္စ မင်း စုံစမ်းနေပြီလား"

"နေပြည်တော်က အထောက်တော်တစ်ယောက် လျှို့ဝှက်စုံစမ်းနေပါတယ်"

"အင်း ... ဒါဆို ကျုပ်တို့ ဘယ်သူ့ကို ရွေးချယ်ရမယ်ဆိုတာ သိပါပြီဗျာ"

သမားတော်ကြီးက ပြောရာ ဘဏ္ဍာထိန်းက ...

"ကျုပ်လည်း သဘောတူပါတယ်"

"ကောင်းပြီ ... အားလုံးဆန္ဒအရ ကျုပ် မနက်ဖြန်ပဲ အမည်စာရင်း ပေးပို့လိုက်ပါမယ်"

အတွင်းဝန်လုက ပြောလိုက်သည်။ ထို့နောက် သူတို့လေးယောက်သည် အခြားကိစ္စရပ်များကိုကို ဆက်လက်တိုင်ပင် ဆွေးနွေးနေကြ၏။

ထိုစဉ် ထိုအခန်း၏တစ်ဖက်ရှိ အခန်းတစ်ခုအတွင်းမှ ရဲမက်တစ်ဦး အသာထွက်သွားသည်ကို မည်သူမျှ သတိမပြုမိလိုက်ကြချေ။

★

ရဲမက်၏မျက်နှာ ဝင်းပနေ၏။

လက်ထဲမှ ငွေလွှဲလက်မှတ်များကို ရေတွက်ကြည့်ပြီးနောက် ဦးအကြိမ်ကြိမ် ညွှတ်လိုက်သည်။

ငွေလွှဲလက်မှတ်များကို သိမ်းဆည်းပြီး ထိုအိမ်အတွင်းမှ ထွက်လာခဲ့လေသည်။ သူသည် သတင်းရောင်းစားရန်အတွက် နောက်တစ်အိမ်သို့ သွားရန် စဉ်းစားလိုက်သည်။

သတင်းက မကောင်းသော်လည်း သူ့အတွက် အထိုက်အလျောက် ငွေရနိုင်သည်ဟု တွက်ဆပြီး ထိုအိမ်သို့ ခပ်သွက်သွက် လျှောက်သွားလေ၏။

ဂေဟာစောင့်များက ရဲမက်ကိုတွေ့သည်နှင့် ချက်ချင်း တံခါးဖွင့်ပေးလိုက်ကြသည်။

"သူဌေးကြီးအိပ်ပြီလား"

"မအိပ်သေးဘူး၊ ခင်ဗျားကိုစောင့်နေတယ်"



"ကျုပ် သွားတွေ့လိုက်ဦးမယ်"

"ဆုငွေရရင် ကျုပ်ကို မေ့မသွားနဲ့ဦးနော်"

"စိတ်ချ ... မနက် ရွှေငါးစားသောက်ဆိုင်ကိုလာခဲ့၊ ကျုပ်ကောင်းကောင်းကြီး ပြုစုမယ်"

ရဲမက်သည် အိမ်ဂေဟာအတွင်းသို့ လှမ်းဝင်လိုက်သည်။ ဂေဟာအတွင်း၌ လုံခြုံရေးအစောင့်များက ရဲမက်အား နှုတ်ဆက်လိုက်ကြ၏။

ရဲမက်က ပြန်လည်နှုတ်ဆက်ပြီး သီးသန့်ခန်းအတွင်းသို့ လှမ်းဝင်လိုက်လေသည်။

"ကျုပ် မင်းကိုစောင့်နေတာ"

သူဌေးကြီးထန်းယန့်၏အသံ ထွက်ပေါ်လာ၏။ ရဲမက်က ...

"ဆွေးနွေးပွဲက အခုလေးမှ ပြီးသွားပါတယ်"

ထန်းယန့် စိတ်လှုပ်ရှားသွား၏။ သိလိုသော အရိပ်အယောင်များ မျက်လုံးတွင် ပေါ်ထွက်လာ၏။

ရဲမက်က မပြောသေးဘဲ စားပွဲပေါ် အသင့်ရှိနေသော ငါးရှက်စိမ်းအရက်ကို ငှဲ့သောက်လိုက်၏။ ပြီးမှ ...

"သူတို့အားလုံးက ကျင့်ဝူကို ရွေးလိုက်ကြတယ်၊ သူဌေးကြီး

အတွက် စိတ်မကောင်းပါဘူး"

ဟု စိတ်မကောင်းသောအသံဖြင့် ပြောလိုက်လေသည်။ ထန်းယန့်က ရယ်မောလိုက်၏။

"ကိစ္စမရှိပါဘူးကွာ၊ ကျုပ်ကလည်း အလုပ်က အများသား၊ တကယ်တော့ စီးပွားရေးလောက် အုပ်ချုပ်ရေးကိုလည်း မကျွမ်းဘူး၊ စာပေပညာလည်း ညံ့တယ်၊ သူတို့ လူရွေးတာမှန်ပါတယ်၊ ကျင့်ဂူဟာ မြို့စားရာထူးနဲ့ အထိုက်တန်ဆုံးပါပဲ"

ရဲမက်က ထန်းယန့်အား လေးစားစွာ ကြည့်လိုက်၏။

"သူဌေးကြီးက တကယ် စိတ်ထားပြည့်ဝပါပေတယ်"

ထန်းယန့်က ငွေတုံးကလေးများအား ရဲမက်သို့ ပေးလိုက်၏။ ရဲမက်က မျက်နှာပူပူနှင့် ငွေကိုယူပြီး ထန်းယန့်အား နှုတ်ဆက်ကာ ထွက်ခွာသွားလေတော့သည်။

★

ထန်းယန့်က သက်ပြင်းချလိုက်၏။

"ကျုပ်တို့ အလွဲလွဲအချော်ချော် ဖြစ်နေပြီ"

အော်ပိုးက ခေါင်းညိတ်လိုက်၏။



သူသည် ရှစန်းကျင်းအား လုပ်ကြံရာ မအောင်မြင်ရုံမက ရှစန်းကျင်းခြေရာကိုပင် ရှာမရ ဖြစ်ခဲ့ ရပေသည်။

"ကျုပ် ရှစန်းကျင်းကို လုပ်ကြံတဲ့အချိန်မှာ သူ့မိတ်ဆွေ တစ်ယောက် ရောက်လာလို့ လွဲချော်သွားရတာပါ"

"အခုလည်း မြို့စားရာထူးကို ကျင့်ဂူက ကြားထဲက နေရာ ရသွားခဲ့ပြီ"

"ဟင်"

"ဟုတ်တယ် ... စောစောကပဲ ကျုပ်ရဲ့သတင်းပေး ရောက်လာတယ်"

အော်ပိုးက ...

"ကျင့်ဂူက ပထမရွေးမယ့်စာရင်းထဲ မပါဘူး မဟုတ်လား"

"တပ်မှူးလေးလီက ရွေးချယ်လိုက်တာ"

"ကျန်တဲ့လူတွေက သဘောတူတယ်ပေါ့"

"ဟုတ်တယ်"

"ဒါဆို သခင်ကြီးကို သူတို့ သံသယဖြစ်နေကြသလား"

ထန်းယန့်က ခေါင်းတဆတ်ဆတ် ညိတ်လိုက်၏။

"စဉ်းစားစရာပဲ"

"ဝူးမင်းသေဆုံးသွားရဟာ ရှစန်းကျင်းလက်ချက် မဟုတ်

ဘူးဆိုတာ သခင်ကြီး သိပြီးပြီလား"

"ဂေဟာရှင် ကျုပ်ကိုပြောပါတယ်"

"သခင်ကြီးယန့်ကို စိတ်ချဖို့မသင့်ဘူး"

"ကျုပ် နဂိုကတည်းက သူ့ကိုမယုံပါဘူး"

အော်ပိုးက နားမလည်သလို ဖြစ်သွား၏။ ထန်းယန့်က ...

"သူ့ကို အသုံးချမယ်၊ ရတနာတွေရလာတဲ့အခါ သူ့ကို ရှင်းပစ်လိုက်မယ်"

"ရှင်းဖို့လွယ်ပါ့မလား၊ ဒီလူက သိပ်ပြီး ကောက်ကျစ် ပါးနပ်တယ်"

"ကျုပ်သာ မြို့စားရာထူးရရင် သိပ်ဖြစ်တာပေါ့"

အော်ပိုးက အရာအားလုံးသဘောပေါက်သွား၏။ ထန်းယန့်က ...

"သူတို့ဒီမှာ လူကြားထဲနေလို့ရအောင် ဖန်တီးထားတာဟာ သူ့အကူအညီရယူပြီး မြို့စားရာထူးရအောင်လို့ပဲ၊ ဒါပေမဲ့ သူက ကျုပ် မြို့စားရာထူးရရေးကို စိတ်မဝင်စားဘူး၊ ကျုပ်ကို အကူအညီ ပြန်မပေးချင်ဘူး၊ ဒါကြောင့် တစ်နေ့ သူ့ကိုရှင်းပစ်ဖို့ ကျုပ် အစောကြီးကတည်းက စဉ်းစားပြီးသားပါ"

"သူနဲ့လက်တွဲတာ သခင်ကြီးမှားသွားတာပေါ့"



"သူနဲ့လက်တွဲပြီး အလုပ်လုပ်ခဲ့လို့ ကျုပ်စီးပွားရေး ပြန်ဦးမော့လာတာ၊ အမှန်တော့ ကျုပ်လုပ်ငန်းမှန်သမျှ အယောင်ပြဆိုတာ မင်းလည်းအသိသားပဲ"

မှန်ပေသည်။

ထန်းယန့်၏ တရားဝင်လုပ်ကိုင်နေသော လုပ်ငန်းများသည် ဟန်ပြသာဖြစ်၏။ သူ၏ အဓိကလုပ်ငန်းမှာ ဓားပြတိုက်ခြင်းသာ ဖြစ်ပါသည်။ အော်ပိုးက ...

"ကျုပ်တို့ ဘာဆက်လုပ်မလဲ သခင်ကြီး"

"အခုကျမှ မထူးပါဘူး ...ဒီလိုလုပ် ..."

"ဖြစ်ပါ့မလား၊ တပ်မှူးလေးလီ ပိုပြီး သံသယဝင်သွားဦးမယ်"

ထန်းယန့်က ဒေါသထွက်သွား၏။

"အော်ပိုး ... ဒါကိုမှ အောင်မြင်အောင် မလုပ်နိုင်ရင် မင်းသေဖို့ကောင်းပြီ"

အော်ပိုး၏ခန္ဓာကိုယ်မှာ တစ်ချက် တုန်ခါသွား၏။ ထိုစဉ် အကြံပေး ရှီ့ခွမ်းက ရောက်ရှိလာ၏။ ထန်းယန့်က ...

"ရှီ့ခွမ်း ... ကျုပ် ကျင့်ဝူကို ရှင်းရမယ်၊ ပြဿနာမပေါ်အောင် အော်ပိုးကို စီစဉ်ပေးလိုက်"

ရှို့ခွမ်းက ခေါင်းညိတ်လိုက်သည်။ သူသည် မည်သည့်အကြောင်းကြောင့်ဟု ပြန်မမေးပါ။

"လာ ... ကျုပ် ပြောပြမယ်"

အော်ပိုးက ရှို့ခွမ်းအနီးကပ်လာသည်။ ရှို့ခွမ်းက တီးတိုးပြောဟန် ပြင်လိုက်ပြီး ရုတ်တရက် အော်ပိုးအား လက်ဝါးဖြင့် ရိုက်ချလိုက်လေသည်။

'ဝုန်း'

အော်ပိုးမှာ နောက်သို့ လွင့်စဉ်သွားသည်။ အဖြစ်အပျက်က လျှင်မြန်လွန်းလှ၏။ ရှို့ခွမ်းက အော်ပိုးအား ဒိုက်ခိုက်မည်ဟု မည်သူကမျှ ထင်မထားခဲ့ပါချေ။

ထန်းယန့်ပင် ကြောင်အမ်းအမ်း ဖြစ်သွား၏။ ရှို့ခွမ်းက ထန်းယန့်ဘက်လှည့်ကာ ...

"သခင်ကြီး ... သူဟာ ယန်ရဲ့သစ္စာခံဖြစ်နေတာ ကြာပါပြီ"

ထန်းယန့်၏မျက်နှာ ဖြူရော်သွား၏။ သူက အော်ပိုးအား ယုံကြည်စိတ်ချစွာဖြင့် သခင်ကြီးယန်ကို ရှင်းပစ်မည့်အကြောင်းများ ပြောပြနေခဲ့သည် မဟုတ်ပါလား။

ထန်းယန့်က အော်ပိုးအား ဆွဲမလိုက်ပြီး ...

"အော်ပိုး ... မင်းက သစ္စာဖောက်ကိုး"



'ဖြန်း ဖြန်း'

ထန်းယန့်က လက်ပြန်ရိုက်ချလိုက်၏။ ရှို့ခွမ်းက ...

"သူ့ကိုစောင့်ကြည့်နေတာ ကြာပြီ"

အော်ပိုးမှာ မငြင်းနိုင်ပါ။ အော်ပိုးက ပျော့ခွေနေရာမှ ရုတ်တရက် ထန်းယန့်၏ရင်ဝသို့ လက်သီးတစ်ချက် ပစ်သွင်းလိုက်၏။ သူ၏ လက်သီးချက် မည်မျှ လျင်မြန်ပြင်းထန်သည်ကို သူသိ၏။

သူ၏လက်သီးသည် ထင်းယန့်ဝမ်းဗိုက်အား ထိုးမိသွား၏။ သူ့လက်သီးမှာ ထန်းယန့်၏ဗိုက်အတွင်း နစ်မြုပ်သွားသလို ခံစားလိုက်ရ၏။

အော်ပိုးက ထိတ်လန့်သွားကာ သူ့လက်သီးကို ပြန်ရုပ်လိုက်၏။ သို့သော် ထန်းယန့်၏ ဝမ်းဗိုက်ကြွက်သားများ ညပ်နေသလို ဖြစ်နေ၏။

ထန်းယန့်သည် သူဌေးတစ်ဦးသာမက ထက်မြက်သော သိုင်းသမားတစ်ဦးလည်းဖြစ်ကြောင်း သူသိလိုက်သည်။ သူ၏အသိနောက်ကျသွားပြီဖြစ်၏။

ထန်းယန့်၏လက်သီးက သူ၏နားထင်ကို တည့်မတ်စွာ ထိမှန်သွားလေတော့သည်။

'ခွပ်'

အော်ပီးမှာ ခေါင်းတစ်ခုလုံး ကြေမွသွားကာ အသိဉာဏ် အားလုံး မှောင်အတိကျသွားလေတော့သည်။ ထန်းယန့် သက်ပြင်း ချလိုက်၏။

"ကျုပ်ရဲ့လူယုံနှစ်ယောက် ဆုံးရှုံးသွားရပြီ"

ရှီခွမ်းက ...

"ပူးမင်း သေဆုံးရတာ ဝမ်းနည်းစရာဖြစ်ပေမယ့် အော်ပီး သေရတာက ဝမ်းသာစရာပါပဲ သခင်ကြီး"

ထန်းယန့်က ...

"ပြီးတာတွေ ပြီးပါပြီ၊ ကျင့်ဝူကို ကျုပ်နဲ့မပတ်သက်ဘဲ သေဆုံးအောင် မင်းကြည့်စီစဉ်လိုက်"

"ဟုတ်ကဲ့ သခင်ကြီး"

ရှီခွမ်း အခန်းထဲမှ သွက်လက်စွာ ထွက်သွားလေတော့သည်။

★★★



## အခန်း (၂၀)

ကျင့်ဝူ ...။

ယီကျန်းမြို့၏ စာပေပညာရှင် ကျင့်ဝူ။

သူသည် ငယ်ရွယ်စဉ်က နေပြည်တော်တွင် စာပေပညာရှင်အဖြစ် တာဝန်ထမ်းဆောင်ခဲ့ဖူးသူဖြစ်၏။

အသက်သုံးဆယ်ကျော်၊ လေးဆယ်နီးပါးရောက်မှ ဇာတိ ယီကျန်းမြို့သို့ ပြန်လာကာ အခြေချနေခြင်းဖြစ်၏။ သူသည် တစ်ကိုယ်ရေ တစ်ကာယသမား ဖြစ်၏။

သူ၏အိမ်ကလေးမှာ ယီကျန်းမြို့၏မြောက်ဘက်တွင် တည်ရှိသည်။ ခြံဝင်းကျယ်အတွင်းရှိ သူ၏အိမ်ကလေးအား သစ်တုံးများဖြင့် လှပစွာ ဆောက်လုပ်ထား၏။

သူ၏အိမ်တွင်း၌ ပရိဘောဂအသုံးအဆောင်များပင် တွေ့ရမည် မဟုတ်ပါ။ သူ၏အိမ်တွင်း ဝင်လိုက်သည်နှင့် များပြားလှသော စာအုပ်များကိုသာ တွေ့ရမည်ဖြစ်၏။

ကျင့်ဂူသည် အမြဲတမ်း စာဖတ်နေသူတစ်ဦးသာ ဖြစ်ပေသည်။ ယနေ့ညလည်း သူသည် မအိပ်သေးဘဲ ရှေးဟောင်း ကဗျာတစ်ပုဒ်ကို စိတ်ဝင်စားစွာ ဖတ်ရှုနေလေသည်။

ထိုစဉ် တံခါးခေါက်သံ ထွက်ပေါ်လာလေသည်။

'ဒေါက် ဒေါက် ဒေါက်'

ကျင့်ဂူက ဖတ်လက်စစာအုပ်ကို စားပွဲပေါ်ချပြီး တံခါးကို ဖွင့်ပေးလိုက်၏။ တံခါးဝတွင် ရွာသားတစ်ယောက် ရပ်နေသည်ကို တွေ့လိုက်ရ၏။

"ဘာကိစ္စရှိလို့လဲ"

ရွာသားက ...

"စာပေပညာရှင် ကျင့်ဂူဆိုတာ"

"ကျုပ်ပဲ"

ရွာသားက ...

"ဒီလိုပါ ... ကျုပ် စာတစ်စောင် မဖတ်တတ်လို့ အခုလိုလာပြီး အကူအညီတောင်းရတာပါ၊ နောင့်ယှက်သလိုဖြစ်နေရင် တောင်းပန်ပါတယ်"

"ကိစ္စမရှိပါဘူး၊ ဘယ်မှာလဲစာ၊ ကဲ ကဲ ... အထဲဝင်ဦး"

ရွာသားက အထဲသို့ ဝင်လိုက်၏။ ထို့နောက် အိတ်ထဲမှ



စာရွက်ခေါက်ကလေးအား ထုတ်ပေးလိုက်သည်။ ကျင့်ဂူက စာရွက်ခေါက်ကလေးကို ဖြန့်၍ ဖတ်ကြည့်လိုက်၏။

*ကျင့်ဂူ*

*ခဏအနားယူလိုက်ပါ။*

ကျင့်ဂူ၏မျက်လုံးအစုံ ပြူးကျယ်သွားလေတော့သည်။

★

ယန်စွန်းမှာ တစ်ညလုံး မနားမနေ လှုပ်ရှားနေ၏။ ကျင့်ဂူအား မြို့စားအဖြစ် ရွေးချယ်ကြောင်း မည်သူမျှ မသိသေးခင် ရှင်းပစ်ရပေမည်။

ရှင်းပစ်မည့်သူသည် ဤနယ်မြေထဲမှ လူမဖြစ်မှ ဖြစ်ပေမည်။ ယန်စွန်းက ရှာဖွေရာ ညတစ်ဝက်ကျိုးမှပင် သူအလိုရှိသောသူကို တွေ့လိုက်ရ၏။

ယန်စွန်းက ထိုလူ၏နောက်မှ မသိမသာလိုက်သွား၏။ ထိုလူက ယန်စွန်းလိုက်လာကြောင်း ရိပ်မိသွားပြီး မြို့ပြင်သို့ ထွက်သွား

၏။

ယန်စွန်းကလည်း ထိုလူနောက်မှ ထက်ကြပ်မကွာ လိုက်သွား၏။ ရှေ့မှ ပြေးနေသူက မလွတ်နိုင်မှန်းသိသောအခါ ရပ်လိုက်ပြီး ဓားကိုလည်း အသင့်ဆွဲထုတ်လိုက်သည်။

ယန်စွန်းက လက်နှစ်ဖက်ဆုပ်ကာ ဂါရဝပြုလိုက်၏။

"အထင်မလွဲပါနဲ့၊ ကျုပ်က ခင်ဗျားရန်သူ မဟုတ်ပါဘူး နဂါးနက်"

"မင်း ဘယ်သူလဲ၊ ဘာကြောင့် ကျုပ်နောက် လိုက်လာရတာလဲ၊ ကျုပ်ကို ဘယ်လိုသိသလဲ"

ဟု ဆက်တိုက်မေးလိုက်၏။ ယန်စွန်းက ပြုံးလိုက်၏။

"ခင်ဗျားလို ကျော်ကြားတဲ့ လူတစ်ဦးကိုသိနေတာ မဆန်းပါဘူးဗျာ"

နဂါးနက်မှာ သိုင်းလောကတွင် ကျော်ကြားလှသူမဟုတ်ပါ။ သာမန် အနက်ရောင်သိုင်းသမားတစ်ဦးသာ ဖြစ်၏။

"ခင်ဗျား ဘာကိစ္စရှိလို့လဲ"

"အလုပ်တစ်ခု အပ်ချင်လို့ပါ"

နဂါးနက်က ...

"ဘာအလုပ်လဲ"



"လူတစ်ယောက် သတ်ပေးဖို့ပါ"

သူသည် ပြောပြီးသည်နှင့် ရွှေရွက်ကလေးများ ထုတ်ပြလိုက်၏။ နဂါးနက်၏မျက်လုံးများ အရောင်တောက်ပလာ၏။

"ဘယ်သူ့ကို သတ်ရမလဲ ... ပြောပါ"

ယန်စွန်းက ကျင့်ဝူ၏အမည်နှင့် နေအိမ်တို့ကို ပြောပြလိုက်၏။

"ဒီညပဲ လုပ်ကြံပေးပါ၊ ကျုပ် ဒီမှာပဲ စောင့်နေမယ်"

နဂါးနက်က ရယ်မောပြီး ယန်စွန်းလက်ထဲမှ ရွှေရွက်တစ်ရွက်ကို ယူလိုက်၏။

"စိတ်ချ ... ကျုပ်ကလည်း ဒီညပဲ ဒီကထွက်သွားမှာဆိုတော့ အတော်ပါပဲ၊ စရန်တော့ ယူသွားမယ်"

သူသည် ပြောပြီးသည်နှင့် ကျင့်ဝူ၏အိမ်ဘက် လျှောက်သွားလေတော့သည်။ ယန်စွန်းက ကျေနပ်စွာ ပြုံးလိုက်၏။ ကျင့်ဝူသည် စာပေပညာရှင်တစ်ဦးသာဖြစ်ပြီး သိုင်းပညာမတတ်ပါ။

နဂါးနက်သည် အဆင့်မြင့်သူ မဟုတ်သော်လည်း ကျင့်ဝူကိုမူ ကောင်းစွာလုပ်ကြံနိုင်မည်ဟု သေချာပေသည်။

ယန်စွန်းက သူ၏အစီအစဉ် ဒုတိယပိုင်းကို ဆက်လုပ်ရန် စီစဉ်လိုက်၏။

သူသည် ပဝါနက်တစ်ထည်ထုတ်ကာ မျက်နှာကို စည်းနှောင်လိုက်၏။ ထို့နောက် သူသည် ရဲမက်များရှိရာဘက်သို့ ထွက်သွားလေတော့သည်။

★

ရဲမက်များမှာ ကင်းစောင့်ရင်း စကားပြောနေကြ၏။ ထိုစဉ်

"ဓားပြ ဓားပြ"

လူတစ်ယောက်၏အော်သံ ထွက်ပေါ်လာ၏။ ရဲမက်မှာ လှုပ်လှုပ်ရှားရှား ဖြစ်သွား၏။ ထိုစဉ် အနက်ရောင်ဝတ်စုံနှင့်လူတစ်ယောက် ရဲမက်များရှေ့မှ ဖြတ်ပြေးသွားလေသည်။

ရဲမက်များက ချက်ချင်းပင် ထိုလူနောက်မှ ပြေးလိုက်လာကြ၏။ ရှေ့မှလူနှင့် ရဲမက်တို့မှာ ဝါးတစ်ရိုက်ခန့်အကွာမှ ပြေးလွှားလာနေကြ၏။

လူရိပ်မှာ ပြေးရင်းလွှားရင်း မြို့မြောက်ပိုင်းရှိ စာပေပညာရှင် ကျင့်ဂူအိမ်ဝင်းထဲသို့ ခုန်ဝင်သွားလေသည်။ ရဲမက်များက ...

"ဟေး ... ဟိုအိမ်ဝင်းထဲ ဝင်သွားပြီး၊ အမြန်လိုက်"

"မလွတ်စေနဲ့"



အော်ဟစ်ရင်း ခြံဝင်းအတွင်း အပြေးအလွှား ဝင်လာကြ၏။ လူရိပ်မှာ အခြားသူမဟုတ်ပါ။ ယန်စွန်းပင် ဖြစ်ပါသည်။

ယန်စွန်းက အိမ်ဝင်းထဲဝင့်ဟန်ပြပြီး ကိုယ်ဖော့ပညာသုံးကာ ခြံထဲမှ ပြန်ခုန်ထွက်လိုက်၏။

ထို့နောက် နီးရာအိမ်အမိုးပေါ် ခုန်တက်ပြီး ပုန်းခိုကာ အခြေအနေကို စောင့်ကြည့်နေလိုက်၏။

သူတွက်ဆသည့်အတိုင်းပင် ရဲမက်များက ခြံဝင်းထဲဝင်လာပြီး အိမ်ကလေးအား ဝိုင်းရံလိုက်၏။ ယန်စွန်းက ပြုံးလိုက်၏။

"နဂါးနက်ရေ စိတ်မကောင်းစရာပဲ"

သူကြည့်နေစဉ် အိမ်တံခါး ပွင့်လာ၏။ တံခါးဝတွင် ကျင့်ဂူပေါ်လာပြီး အပြင်သို့ အပြေးထွက်လာသည်ကို တွေ့လိုက်ရ၏။

ကျင့်ဂူ၏ အော်ဟစ်လိုက်၏။

"လုပ်ပါဦး ... ဓားပြ ကျုပ်အိမ်ထဲ ဝင်လာပြီ"

ရဲမက်များက ကျင့်ဂူအား ဖေးမလိုက်၏။

"ဘာမှ မပူပါနဲ့ ... ကျွန်တော်တို့ ရောက်လာပြီပဲ"

ထိုစဉ် တပ်မှူးလေးလီက ရောက်ရှိလာ၏။

"ဓားပြ ဘယ်မှာလဲ"

"အိမ်ထဲဝင်သွားတယ်၊ အဖမ်းခံဖို့ပြောပေမယ့် ဘာမှ ပြန်

မပြောဘူး"

တပ်မှူးလေးလီ ဓားကို ဆွဲထုတ်ပြီး အိမ်ထဲသို့ ဝင်ရောက်သွားလေတော့သည်။

★

"တောက်"

ထန်းယန့်မျက်နှာမှာ တင်းမာခက်ထန်နေ၏။

"ရှီခွမ်း"

ရှီခွမ်း ခေါင်းမော့လာ၏။

"ပြန်ပြောစမ်းပါဦး ... မင်း လုပ်ကြံခိုင်းတဲ့လူတွေက ရဲမက်တွေနဲ့ ရင်မဆိုင်ရဲဘဲ ကိုယ့်ကိုယ်ကိုယ် သတ်သေသွားတယ် ... ဟုတ်လား"

"ဟုတ်ပါတယ် ... တစ်ခုခု မှားနေတယ်လို့ ကျုပ် ထင်မိပါတယ်"

ထန်းယန့်က မဲ့လိုက်၏။

"မင်းကို အမှားအယွင်းမရှိစေနဲ့လို့ ကျုပ် အတန်တန် မှာလိုက်တယ် မဟုတ်လား"



"ကျုပ်ဘက်က မမှားပါဘူး"

ထန်းယန့်က နှာခေါင်းရှုံ့လိုက်၏။

"နဂါးနက် ကိုယ့်ကိုယ်ကိုယ် သတ်သေသွားတာဟာ မင်းအမှား မဟုတ်ဘူးလား"

"ကျွန်တော် အချိန်ကိုက်လှုပ်ရှားခဲ့တာ၊ ကျွန်တော် ရဲမက်တွေ မျှားခေါ်လာတဲ့အချိန်မှာ သူဟာ ကျင့်ဝူကို လုပ်ကြံဖို့ အချိန်ကောင်းကောင်း ရပါတယ်၊ ဒါပေမဲ့ ကျွန်တော် ရောက်လာပြီးတဲ့အထိ ကျင့်ဝူက အသက်ရှင်နေတယ်"

ထန်းယန့် တွေဝေသွား၏။ ရှီခွမ်းက ...

"ပြီးတော့"

"ဆက်ပြောစမ်း"

"သခင်ကြီးသာ နဂါးနက်နေရာမှာဆိုရင် ရဲမက်တွေလက်က လွတ်အောင် ဘယ်လိုလုပ်မလဲ"

ထန်းယန့်က ...

"ထိုးဖောက်ထွက်နိုင်မလားကြည့်မယ်၊ မရရင် ကျင့်ဝူကို ဓားစာခံလုပ်ပြီး ထွက်မယ်"

"ကျွန်တော်လည်း ဒီအတိုင်းပဲ၊ အကြံရှိတဲ့လူမှန်သမျှ ဒီလိုပဲ လုပ်ကြမှာပဲ"

ထန်းယန့်က အတန်ကြာ စဉ်းစားလိုက်ပြီးမှ ...

"မင်းက နဂါးနက်ဟာ သူ့ကိုယ်သူ သတ်သေသွားတာ မဟုတ်ဘူးလို့ ဆိုလိုချင်တာလား"

"ဟုတ်ပါတယ် ... ဖြစ်နိုင်တဲ့သဘာဝကို နဂါးနက်က လွန်ဆန်နေတယ်"

"ဒါဆို နဂါးနက်က ဘာကြောင့် သေသွားရတာလဲ"

ရှီ့ခွမ်း ပါးစပ်ပိတ်နေ၏။ ထန်းယန့်က စားပွဲကို လက်ချောင်း ကလေးများဖြင့် တခေါက်ခေါက်ခေါက်ရင်း စဉ်းစားနေသည်။

"အဖြေက ကျင့်ဂူပဲ၊ ကျင့်ဂူက နဂါးနက်ကို သတ်နိုင်မလား"

ရှီ့ခွမ်းက သက်ပြင်းချလိုက်၏။

"ဒါကြောင့် တစ်စုံတစ်ခု မှားယွင်းနေတယ်လို့ ကျွန်တော် ပြောတာပါ၊ ကျင့်ဂူဟာ သိုင်းပညာတတ်တဲ့လူမှ မဟုတ်ဘဲ"

ထန်းယန့်က လေပူတစ်ချက် မှုတ်ထုတ်လိုက်၏။

"ကျုပ်လည်း မစဉ်းစားတတ်တော့ဘူး ကျင့်ဂူ မသေတဲ့ အတွက် ကျုပ် ရှုံးပြီပေါ့"

"ကျင့်ဂူအတွက် ရဲမက်လေးဦး အစောင့်ချပေးထားတယ်၊ ဒါပေမဲ့ ကျင့်ဂူက အငြိမ်နေတတ်တဲ့သူမှ မဟုတ်ဘဲ၊ သူ အပြင်ထွက်လာမှာပဲ၊ သူ့ကို တစ်နည်းနည်းနဲ့ ရှင်းပစ်နိုင်အောင် အစီအစဉ် ဆွဲထားလိုက်ပါ့မယ်"



"မင်းပဲ ကြည့်စီစဉ်လိုက်ပါ၊ အရေးကြီးဆုံးက ပြဿနာ ကြားမှာ ကျုပ် တစ်စွန်းတစ်စမှ မပါဖို့ဘဲ"

"စိတ်ချပါ သခင်ကြီး ... နောက်တစ်ကြိမ် အမှားအယွင်း မရှိအောင် ကျုပ်စီစဉ်ပါ့မယ်"

★

ထိုအချိန်တွင် ရှုစန်းကျင်းနှင့် ဆင့်လျှန်တို့မှာ ရွာကလေး တစ်ရွာသို့ ရောက်ရှိလာကြ၏။ ထိုရွာကလေးတွင် စာကလေး၏ လှျို့ ဝှက်အိမ် ရှိ၏။ ဆင့်လျှန်က ...

"ခင်ဗျားက ခြသေ့ ရန်ပေလျှန် ဒီမှာရှိမယ်လို့ ဘာကြောင့် မှန်းဆနိုင်တာလဲ"

"လွယ်ပါတယ်၊ မျောက်ကျင်းအော်ရဲ့ မှတ်တမ်းအရ ရှန်ပေ လျှန်ဟာ ဒဏ်ရာရနေတယ်၊ ဒီတော့ သူက ဆေးကုသရမယ်၊ လှျို့ ဝှက်အိမ် အများစုက သီးခြားရှိပေမယ့် ဒီအိမ်ကတော့ ရွာထဲမှာ ရှိ တယ်၊ ရန်ပေလျှန်ဟာ ဆေးကုသရမယ်ဆိုတော့ ဒီမှာပဲ နေထိုင်ရမှာ ပေါ့"

ဆင့်လျှန်က ခေါင်းညိတ်လိုက်သည်။ ရှစန်းကျင်းက ရှေ့မှ ဦးဆောင်လျှောက်သွားရာ မကြာမီ အိမ်ကလေးတစ်လုံးသို့ ရောက်ရှိလာလေသည်။

ရှစန်းကျင်းက အိမ်တံခါးအား အသာခေါက်လိုက်၏။ တစ်ခေါင်းလုံး ဖြူဖွေးနေသော အဘိုးအိုတစ်ဦး၏ခေါင်း ပေါ်ထွက်လာလေသည်။

"ဘာကိစ္စလဲ"

ရှစန်းကျင်းက လျှို့ဝှက်ဆက်သွယ်မှုကို လက်ဟန်ဖြင့် ပြလိုက်သည်။ အဘိုးအိုက တံခါးဖွင့်ပေးလိုက်လေသည်။ အိမ်တွင်းဝင်သည်နှင့် ဆေးမြစ်ပေါင်းစုံအနံ့များ ရှူရှိုက်လိုက်မိလေသည်။

"ဘာကိစ္စလဲ"

အဘိုးအိုက မေးလိုက်သည်။ ရှစန်းကျင်းက ...

"ခြသေ့်နဲ့ တွေ့ချင်လို့ပါ"

"လာ ... ကျုပ်နောက်လိုက်ခဲ့"

သူသည် ရှစန်းကျင်းတို့အား ခြံဝင်းနောက်ဘက်သို့ ပတ်၍ ခေါ်ဆောင်သွားလေသည်။ ခြံဝင်းနောက်တွင် ဆေးပင်များကို စိုက်ပျိုးထား၏။

ဆေးပင်များကြား ကွေ့ဝိုက်လျှောက်သွားပြီး တစ်နေရာ



အရောက်ဝယ် ရပ်တန့်သွားလေသည်။ ရှစန်းကျင်း မျက်နှာ ကွက်ခနဲ ပျက်သွား၏။

အဘိုးအိုရပ်နေရာတွင် အသစ်စက်စက် မြေပုံတစ်ခု ရှိနေသည် မဟုတ်ပါလား။ ရှစန်းကျင်းက မြေပုံရှေ့တွင် ဒူးထောက်ထိုင်လိုက်လေသည်။

သူသည် ခြသေ့် ရန်ပေလျှန်၏မြေပုံအား ဂါရဝပြုလိုက်၏။

"အစ်ကိုကြီး ရန်ပေလျှန် ... ရန်သူကို ကျုပ် မရမနေ ဖော်ထုတ်ပါ့မယ်လို့ ကတိပြုပါတယ်"

★

"ခြသေ့် ရန်ပေလျှန်ကို ဘယ်သူသတ်သွားသလဲ"

ရှစန်းကျင်း၏အသံ ထွက်ပေါ်လာသည်။ အဘိုးအို ပြောမည်အပြု ဆင့်လျှန်က ကြားဖြတ်ပြောလိုက်၏။

"ပထမဆုံး အဖြစ်အပျက်ကစပြီး ပြောပြပါလား"

အဘိုးအိုက ခေါင်းညိတ်လိုက်၏။

"ခြသေ့် ရန်ပေလျှန်ဟာ ဒဏ်ရာပြင်းထန်စွာရလာတယ်၊ သူ့ကို ဟုန်ပိက ဒီကိုလာပို့ခဲ့တယ်၊ ရန်ပေလျှန်ရဲ့ဒဏ်ရာဟာ လက်

ဝါးရာပဲ၊ အတွင်းအားပြည့်ဝတဲ့ လူတစ်ဦးရဲ့ ရိုက်ချက်ပဲ"

"သူ့ကို ဘယ်သူတိုက်ခိုက်သွားသလဲဆိုတာ ပြောပြခဲ့သလား"

"သူ့ရဲ့ဂေဟာကို လူတစ်စုက ဝင်စီးနင်း တိုက်ခိုက်ခဲ့တယ်တဲ့၊ အားလုံးဟာ မျက်နှာဖုံးစွပ်ထားတယ်၊ လှုပ်ရှားပုံက ကြေးစားဆန်တယ်၊ သူ့ကို အလစ်ဝင်တိုက်တဲ့သူက သေွးဘီလူးတဲ့"

"နောက် ဆက်ပြောပါဦး"

"သူ့ကို ဒီအထိလာပြီး လုပ်ကြံတာ ဘယ်သူလဲ"

အဘိုးအိုက သက်ပြင်းချလိုက်၏။

"ဒီရက်ပိုင်းအတွင်း သူ သက်သာစပြုလာပြီး မသေခင် မနက်ပိုင်းက သူပြောသွားတယ်၊ တရားခံဟာ သူဖြစ်နိုင်တယ်တဲ့"

"ဘယ်သူလဲ"

ဆင့်လျှန်နှင့် ရှစန်းကျင်းတို့က ပြိုင်တူမေးလိုက်၏။ အဘိုးအိုက ...

"သူက ကျုပ်ကိုပြောတာ မဟုတ်ဘူး၊ သူ့ဘာသာသူ တစ်ယောက်တည်း ပြောနေတာကို ကျုပ် ကြားခဲ့တာ"

"ကြားရတာကို ပြောပါဦး"

အဘိုးအိုက တစ်ချက် စဉ်းစားလိုက်ပြီး ...



"ယန်ရိကျန်းလား၊ ရိကျန်းယန်လား မသိတော့ဘူး"

ဆင့်လျှန်က ရှစန်းကျင်းဘက် လှည့်လိုက်၏။

"ခင်ဗျား သိသလား"

ရှစန်းကျင်း ခေါင်းခါလိုက်သည်။

"ဒီနာမည် မကြားဖူးဘူး၊ ကဲ ... ဆက်ပြောပါဦး"

"အဲဒီနေ့က ကျုပ်လည်း ဆေးမြစ်တစ်ခုလိုနေတာနဲ့ တူးဖို့ တောထဲသွားခဲ့တယ်၊ ပြန်လာတဲ့အခါမှာ ခြသေ့် ရန်ပေလျှန် သေဆုံးနေတာကိုပဲ တွေ့ရတယ်"

"သူ့ရဲ့သေတ္တာ"

"ပါသွားပြီထင်တယ်၊ ကျုပ် သူ့ကို သတိပေးပေမယ့် သူက သေတ္တာကို ကိုယ်နဲ့မကွာ ထားခဲ့တယ်"

ရှစန်းကျင်း သက်ပြင်းချလိုက်သည်။

"သူက လျှုဝေကျိအကြောင်း၊ ဒါမှမဟုတ် လျှုဝေကျိဆိုတဲ့ အမည် ပြောခဲ့သလား"

အဘိုးအိုက စဉ်းစားလိုက်၏။ အတန်ကြာမှ ...

"မကြားမိဘူး ထင်တာပဲ"

"ဒီကို တခြား ဘယ်သူလာသေးသလဲ"

အဘိုးအိုက ...

"ဟုန်ပိလာပို့ပြီးကတည်းက အခုထိ မင်းတို့ကလွဲရင် ဘယ်သူမှ မလာပါဘူး"

ရှစ်န်းကျင်းက ဆင့်လျန်အား ကြည့်လိုက်၏။ ဆင့်လျန်က ပခုံးတွန့်လိုက်သည်။ အဘိုးအိုက ...

"စာကလေးကို တောင်းပန်ပေးပါ၊ ကျုပ် တာဝန်မကျေပွန်ခဲ့ဘူးလို့"

"စာကလေးက ခင်ဗျားကို ဘာမှ အပြစ်မပြောနိုင်တော့ပါဘူး"

အဘိုးအို မျက်မှောင်ကြုတ်လိုက်သည်။

"ဘယ်လို ... မင်းတို့ပြောပုံက စာကလေးမရှိတော့သလိုမျိုးပါလား"

"ဟုတ်တယ် ... စာကလေး သေဆုံးသွားပါပြီ"

အဘိုးအိုမှာ ငိုင်ကျသွား၏။ အတန်ကြာမှ ...

"ရန်သူက သူ့ကို ရှင်းသွားတာလား"

"ဟုတ်တယ် ... သူ့ဆီက လျှို့ဝှက်အိမ်စာရင်းကို အရယူသွားနိုင်ခဲ့တယ်"

အဘိုးအိုမှာ မျက်နှာပျက်သွားလေသည်။ ရှစ်န်းကျင်းက ထိုင်ရာမှ ထပြီး ...



"ကျုပ်တို့ကို ခွင့်ပြုပါဦး"

သူက အဘိုးအိုအား နှုတ်ဆက်ကာ ထွက်လာခဲ့လေသည်။ ဆင့်လျန်က နောက်မှ လိုက်လာရင်း ...

"ကျုပ်သိထားတာ ဘာမှမရှိဘူး၊ ခင်ဗျားအတွက် ကျုပ် လူပိုဖြစ်နေမယ်ထင်တယ်၊ ကျုပ် ဒီနေရာမှာ နေခဲ့ပါ့မယ်"

ရှစ်န်းကျင်းက တွေဝေသွား၏။ ဆင့်လျန်က ...

"စာကလေးအတွက် ရန်သူကို ကျုပ်နည်းကျုပ်ဟန်နဲ့ ရှာပါ့မယ်"

ရှစ်န်းကျင်းက ခေါင်းညိတ်လိုက်၏။ ထို့နောက် ဆင့်လျန်အား နှုတ်ဆက်ကာ ထွက်လာခဲ့လေသည်။

★

ရှစ်န်းကျင်းမှာ တောလမ်းအတိုင်း လျှောက်လာခဲ့သည်။ ထိုစဉ် သူ၏ကျောရိုးထဲမှ ရုတ်တရက် အေးစိမ့်သွားသည်။ အန္တရာယ်၏အငွေ့အသက်များ ရုတ်တရက် ရလိုက်၏။

ခြေလှမ်းကို မသိမသာ အရှိန်လျှော့လိုက်ပြီး ပတ်ဝန်းကျင်ကို အသာ အကဲခတ်လိုက်သည်။

သူ၏မျက်လုံးတွင် ပြုံးယောင်သန်းသွားသည်။

တစ်ယောက်၊ နှစ်ယောက်၊ သုံးယောက်။

သစ်ပင်နောက်ကွယ်များတွင် ပုန်းအောင်းနေသော လူ (၃) ယောက်ကို တွေ့လိုက် ရသည် မဟုတ်ပါလော။

ရှစ်နီးကျင်းက လက်တစ်ချက် ဝှေ့ယမ်းလိုက်သည်။

"ဗိုး ... ဒုတ် ဒုတ် ဒုတ်"

ဓားပျံ (၃) လက်က ထိုလူများ ပုန်းအောင်းနေသော သစ်ပင်များတွင် စိုက်ဝင်သွားလေသည်။ ရှစ်နီးကျင်းက လေသံမှန်မှန်နှင့် ပြောလိုက်သည်။

"ပုန်းမနေနဲ့၊ ထွက်ခဲ့ကြပါ"

သူ့စကားသံအဆုံးဝယ် သစ်ပင်နောက်ကွယ်မှ လူ (၃) ယောက် ပေါ်ထွက်လာလေသည်။ ထိုလူ (၃) ယောက်စလုံး အနက်ရောင်ဝတ်စုံ ဝတ်ဆင်ထား၏။

မျက်နှာတွင် မျက်နှာဖုံးများတပ်ဆင်ထားပေသည်။ ရှစ်နီးကျင်းက သက်ပြင်းချလိုက်သည်။

"မင်းတို့က သွေးဘီလူးရဲ့လူတွေလား"

ဝတ်စုံနက်က ...

"ဟုတ်တယ် ... မင်းကို ပထမ သတိမိန့်မပေးထားလို့ မင်း



သက်သာနေတာပါ။ အခု မင်းသေရတော့မယ်"

ရှစ်နီးကျင်းက ပြုံးလိုက်သည်။

"အပြောကြီးလှချည်လား"

ဝတ်စုံနက်က ...

"ဒါပေမဲ့ သွေးဘီလူးက မှာလိုက်တယ်၊ မင်း သော့ကို အသာတကြည် ထုတ်ပေးရင် မင်းကို သတ်စရာမလိုဘူးတဲ့"

ရှစ်နီးကျင်းက ပြုံးလိုက်သည်။ သူသည် အန္တရာယ် အငွေ့အသက်ကို ခံစားနေရဆဲဖြစ်သည်။ ရန်သူသည် ထို (၃) ယောက် ထက်မကကြောင်း နားလည်လိုက်သည်။

ပုန်းအောင်းနေသူကသာ သူ့အသက်ကို ခြွေယူလိမ့်မည်ဟု တွက်ဆလိုက်၏။ ထိုစဉ် ဝတ်စုံနက်၏အသံက ထွက်ပေါ်လာပြန်သည်။

"ဝံပုလွေ ... မင်းသော့ကို ပေးတော့မလား"

"ကျုပ်က သော့ကို ကိုယ်နဲ့မကွာထားတဲ့တုံးလို့များ မင်းတို့ ထင်နေသလား"

"ဒါဆိုလည်း လွယ်ပါတယ်၊ မင်းကို နှိပ်စက်ပြီး မေးရမှာပေါ့"

"ဒါပေမဲ့ ကျုပ်ဓားက သဘောတူမှာမဟုတ်ဘူးဗျ"

"ကျုပ်တို့ ဓားထုတ်လိုက်ရင် မင်းဓားက သဘောတူသွားပါလိမ့်မယ်"

ရှစ်နီးကျင်းက အေးစက်စွာ ပြုံးလိုက်သည်။

"သိရအောင် ဓားထုတ်လိုက်ပါလား"

ဝတ်စုံနက် (၃) ဦးက ဓားများ ပြိုင်တူထုတ်လိုက်ကြသည်။ သူတို့၏ ဓားထုတ်ပုံ၊ နေရာယူပုံတို့က စနစ်ကျပေသည်။ ထိုဝတ်စုံနက် (၃) ဦးသည် ကြေးစားဓားသမားများဖြစ်ကြောင်း ရိပ်စားမိလိုက်သည်။

သူ့အနေနှင့် တိုက်ပွဲကို အချိန်ဆွဲ၍ မဖြစ်ပါ။ ထိုလူ (၃) ယောက်အား အမြန်ရှင်းနိုင်မှသာ စတုတ္ထလူ၏ လက်တွင်းမှ အလွတ်ရုန်းနိုင်မည်ဟု နားလည်ထား၏။

ထို့ကြောင့် ရန်သူ (၃) ဦး၏ တိုက်ခိုက်မှုကို စောင့်ဆိုင်းမနေတော့ဘဲ ဓားကို လျှပ်တစ်ပြက် ဆွဲထုတ်ကာ စတင်တိုက်ခိုက်လိုက်လေတော့သည်။

★

ရှစ်နီးကျင်း၏ တွက်ဆချက် မမှားပါ။ သစ်ပင်တစ်ပင်



နောက်တွင် အမှန်တကယ်ပင် လူတစ်ယောက် ရှိနေပေသည်။

ထိုသူသည် ရှစ်နီးကျင်းတို့၏ တိုက်ပွဲအား မျက်ခြည်မပြတ်ကြည့်ရင်း အခွင့်အရေးကို စောင့်ဆိုင်းနေ၏။

တိုက်ပွဲကား ပြင်းထန်သည်ထက် ပြင်းထန်လာ၏။ ပုန်းကွယ်နေသောသူက ဓားပျံတစ်လက် ဆွဲထုတ်လိုက်သည်။ ထိုစဉ် သူ၏ခန္ဓာကိုယ်မှာ တစ်ချက်တုန်ခါသွား၏။

အနီးပတ်ဝန်းကျင်တွင် လူတစ်ယောက် ပုန်းအောင်းနေသလို ခံစားလိုက်ရ၏။ ထို့ပြင် အချိန်မရွေး သူ့အား တိုက်ခိုက်လာနိုင်သည်လည်း ခံစားလိုက်ရ၏။

သူ မလှုပ်ရဲသလို ဖြစ်သွား၏။ မျက်လုံးကို အသာစောင်း၍ ကြည့်လိုက်၏။ သူ၏ညာဘက်ဘေးရှိ သစ်ပင်တစ်ပင်အား မှီ၍ လက်ပိုက်ကာ ရပ်နေသော လူတစ်ယောက်ကို တွေ့လိုက်ရလေသည်။

ထိုလူရွယ်က သူ့အား ပြုံးကြည့်နေ၏။ သူ သက်ပြင်းအသာချလိုက်၏။ ထို့နောက် လူရွယ်၏မျက်နှာကို မှတ်မိအောင် တစ်ချက်ကြည့်ပြီး နောက်ဆုတ်ထွက်လာခဲ့လေသည်။

★

ရှစန်းကျင်းက ဓားကို သွက်လက်စွာ ဝှေ့ယမ်းလိုက်၏။

"အား"

ဝတ်စုံနက်တစ်ဦးမှာ ဓားချက်ထိကာ လဲကျသွား၏။ ရှစန်းကျင်းက နောက်ဆုံးကျန်နေသော ဝက်စုံနက်ဘက်သို့ လှည့်လိုက်သည်။

ဝတ်စုံနက်က ထိတ်လန့်စွာဖြင့် နောက်ဆုတ်လိုက်၏။ သစ်ပင်နှင့်ကျောကပ်သွားသည်။ သူ၏ခန္ဓာကိုယ်မှာ တစ်ချက် တုန်ခါသွား၏။

ရှစန်းကျင်း၏လက်က လျှင်မြန်စွာ လှုပ်ရှားသွား၏။

'ဒုတ်'

ဓားသည် ဝတ်စုံနက်၏လည်ပင်းနံဘေး တစ်လက်မအကွာ သစ်ပင်တွင် စိုက်ဝင်သွားသည်။ ရှစန်းကျင်းက ပြုံးလိုက်၏။

"မင်း စကားအမှန်ပြောရင် မင်းအသက်ကို ချမ်းသာပေးလိုက်ပါ့မယ်"

"ကျုပ်တို့စည်းကမ်းအရ အလုပ်ရှင်ကိုတော့ ထုတ်ဖော်လို့ မဖြစ်ဘူး"

"မင်းအလုပ်ရှင်ကို မပြောရင် မင်း သေရမှာပဲ"



ဝတ်စုံနက်က ထိတ်လန့်သွား၏။

"ကျုပ် မသေချင်ဘူး"

"ဒါဆို ပြောတော့မယ်ပေါ့"

ဝတ်စုံနက်က ခေါင်းညိတ်လိုက်၏။ ပြီးနောက် ...

"ပန်ယ"

ဟု ပြောလိုက်သည်။ ရှစန်းကျင်းမှာ မျက်မှောင်ကြုတ်သွား၏။ ထို့နောက် ဓားကို သစ်ပင်မှ ဆွဲနုတ်ပြီး ဝတ်စုံနက်အား ထိုးသွင်းလိုက်လေသည်။

"အင့်"

"ခင် ခင်ဗျား ကတိ မတည်"

ရှစန်းကျင်းက ပြုံးလိုက်သည်။

"ငပုလွေကိုယုံကြည်တာ မင်းအမှားပဲ"

သူသည် နေရာမှ ချာခနဲ လှည့်ထွက်ခဲ့လေတော့၏။ ပုန်းအောင်းနေသူ ထွက်မလာသည့်အတွက် အနည်းငယ် အံ့ဩမိသော်လည်း အရေးမလုပ်တော့ပါ။

★★★

## အခန်း (၂၁)

ရှီ့ခွမ်းမှာ လက်နှစ်ဖက်နောက်ပစ်ကာ အခန်းတွင်းဝယ် ခေါက်တုံ့ခေါက်ပြန် လျှောက်နေ၏။ သူသည် ကျင့်ဂူအကြောင်း တွေးတောနေခြင်းဖြစ်သည်။

ကျင့်ဂူအား နဂါးနက်က မည်သည့်အတွက်ကြောင့် လုပ်ကြံခြင်းမပြုဘဲ သေသွားရသနည်း။ ကျင့်ဂူက သတ်ပစ်ခြင်းပေလော။

သူက သက်ပြင်းချလိုက်၏။

ကျင့်ဂူသည် သိုင်းပညာ လုံးဝမတတ်ကြောင်း သူသိထား၏။ ထို့ကြောင့် မဖြစ်နိုင်ပါ။ တစ်နေရာရာတွင် မှားယွင်းနေပြီ ဖြစ်သည်။

ထိုမှားယွင်းနေသောနေရာအား တွေ့အောင်ရှာရပေမည်။ ရှီ့ခွမ်းက လမ်းလျှောက်နေရာမှ ရပ်တန့်လိုက်၏။ သူတို့သည် သခင်ကြီးယန်နှင့် ဆက်လက် ရင်ဆိုင်ရဦးမည် ဖြစ်သည်။

သခင်ကြီးယန်အား ရင်ဆိုင်နိုင်ရန် အင်အားကို ယခုကပင်



ရှာဖွေထားသင့်ပေသည်။ ရှီ့ခွင်းမှာ ရုတ်တရက် လူတစ်ဦးအား သတိရလိုက်သည်။

အနက်ရောင် သိုင်းလောကသားများနှင့် အဆက်အသွယ်ရှိသော လူတစ်ဦးပင် ဖြစ်၏။ ထိုသူ၏အမည်မှာ တိန်ဟူဖြစ်သည်။ သူသည် တိန်ဟူနှင့် သွားရောက်တွေ့ဆုံရန် ဆုံးဖြတ်ချက်ချလိုက်လေတော့သည်။

★

ရှစန်းကျင်းသည် အခန်းတွင်း၌ လဲလျောင်းနေ၏။ သူ မည်သည့်နေရာသို့သွားရမှန်း မသိပါ။ သူသိသည်က သွေးဘီလူး၊ ရန်ကျရန်၊ ပန်ယဟူသော အမည် (၃) ခုပင် ဖြစ်ပါသည်။

သွေးဘီလူး ...။

သွေးဘီလူးဟူသောအမည်ကို သိုင်းလောကတွင် တစ်ကြိမ်မျှ မကြားခဲ့ဖူးပါချေ။ ထို့အတူ ရန်ကျရန်ဟူသော အမည်ကိုလည်း သူ မကြားဖူးပါ။

ပန်ယ ...။

ပန်ယဆိုသည်မှာ သန်းခေါင်ယံဖြစ်၏။ ပန်ယသည် မည်

သည့်အဓိပ္ပာယ်နည်း။ ရှစန်းကျင်းသည် ရန်သူအလာကို ထိုင်စောင့်နေတတ်သူ မဟုတ်ပါ။ ရန်သူကို ပြေးတွေ့ချင်သူ ဖြစ်၏။

သူသည် တွေးရင်း လူတစ်ယောက်အား သတိရလာ၏။ သိုင်းလောကသားများအကြောင်း အသိဆုံးလူတစ်ယောက်ပင် ဖြစ်သည်။

ထိုသူနှင့် သွားရောက်တွေ့ဆုံရန် ဆုံးဖြတ်လိုက်၏။ သူသွားရောက်တွေ့ဆုံမည့်သူမှာ တိန်ဟူပင် ဖြစ်ပါသည်။

တိန်ဟူသည် သိုင်းလောကနှင့်ပတ်သက်သည့် သတင်းများကို ရောင်းဝယ်သူ ဖြစ်သည်။

★

သစ်သားအိမ်တစ်လုံး ခြံဝင်းကျယ်အတွင်း တည်ရှိ၏။

ရှစန်းကျင်းသည် အိမ်ကလေးအားကြည့်နေစဉ် အိမ်ထဲမှ လူတစ်ယောက် ထွက်လာသည်ကို တွေ့လိုက်ရ၏။

တိန်ဟူလေလား။

ထိုလူနီးလာမှ တိန်ဟူမဟုတ်ဘဲ လူစိမ်းတစ်ယောက် ဖြစ်နေသည်ကိုတွေ့လိုက်ရ၏။



လူစိမ်းကလည်း ရှစန်းကျင်းအား တွေ့မြင်သွား၏။

မျက်မှောင်ကြုတ်ကာ တစ်ချက်စိုက်ကြည့်လိုက်ပြီးနောက် ခြံဝင်းထဲမှ ထွက်ခွာသွားလေသည်။

ရှစန်းကျင်းက လူစိမ်းနောက်ကျောကို တစ်ချက်ကြည့်ပြီး ခြံဝင်းသို့ ဝင်လာခဲ့သည်။

သစ်သားအိမ်ကလေးရှေ့၌ ရပ်လိုက်၏။ တံခါးခေါက်မည်ပြုပြီးမှ မခေါက်တော့ဘဲ တံခါးကိုတွန်းဖွင့်လိုက်သည်။ တံခါးမှာ စေ့ထားသောကြောင့် အလွယ်တကူ ပွင့်သွား၏။

ဧည့်ခန်းအတွင်း၌ တိန်ဟူအား အဆင်သင့်တွေ့လိုက်ရလေသည်။ ရှစန်းကျင်းအား တွေ့လိုက်သောအခါ တိန်ဟူ၏မျက်လုံးများက မှေးစင်းသွားလေသည်။

"မင်း လွတ်လာပြီကိုး"

ရှစန်းကျင်းက ခုံတွင် ဝင်ထိုင်ရင်း ...

"ခင်ဗျား သိပြီးသားပဲ နေမှာပါ"

တိန်ဟူက ဘာမျှပြန်မပြောပါ။ အရက်အိုးတစ်လုံး ထုတ်ယူကာ ခွက်ထဲသို့ အရက်ဖြည့်ပြီး ရှစန်းကျင်းအား ကမ်းပေးလိုက်၏။

"မင်းကို ဖမ်းမိရင် လျှံငွေငါးထောင်အထိ ဆုငွေရနိုင်တယ်ဆိုတာ ကျုပ် မနေ့ကပဲ ကြားလိုက်တယ်"

ရှစန်းကျင်းက မျက်လုံးပြူးသွား၏။

"ဟုတ်လား … ကျုပ်တောင်မသိဘူး"

"တပ်မှူးလေးရှန်ပေါင်က ကြေညာတာပါ"

ရှစန်းကျင်းက ပခုံးတွန့်လိုက်၏။ တိန်ဟူက …

"ကဲ ပြော … မင်း ဘာကိစ္စနဲ့ ရောက်လာတာလဲ"

ရှစန်းကျင်းက တစ်ချက်စဉ်းစားလိုက်၏။

"ယန်ရိကျင်း"

"သိုင်းသမားလား"

"ကျုပ် မသိဘူး"

တိန်ဟူက မျက်မှောင်ကြုတ်ကာ စဉ်းစားလိုက်၏။ အတန်ကြာမှ …

"သိုင်းလောကရဲ့ အဆင့်မြင့်သိုင်းသမားတွေထဲမှာ ဒီနာမည် မရှိဘူးဗျ"

ရှစန်းကျင်းက ငွေလွှဲလက်မှတ်တချို့ ချပေးလိုက်၏။ တိန်ဟူက မျက်လုံးဖြင့် တစ်ချက် စစ်ဆေးလိုက်၏။

"ကျုပ်မသိတာ သေချာတယ်၊ တကယ်လို့ သူဟာ လူတစ်ဦးဆိုရင်လည်း သာမန်သိုင်းသမားတစ်ယောက်ပဲ ဖြစ်ရမယ်ဗျ"

ရှစန်းကျင်းက သက်ပြင်းချလိုက်၏။



တိန်ဟူလောက် သိုင်းလောကအား ကျွမ်းကျင်သူမရှိပါ။ သိုင်းလောကသားတစ်ဦးအမည် မဟုတ်နိုင်ကြောင်း သိရှိလိုက်၏။

"မင်း ဘာသိချင်သေးသလဲ၊ ကျုပ် ကူညီနိုင်သလောက် ကူညီလိုက်ပါ့မယ်"

တိန်ဟူက ငွေယူ၍ကောင်းရန် ပြောလိုက်ခြင်းဖြစ်၏။ ရှစန်းကျင်း ငွေလွှဲလက်မှတ်တစ်ရွက်ထုတ်ကာ စားပွဲပေါ်တင်လိုက်၏။ ပြီးမှ တစ်လုံးချင်း ပြောလိုက်လေသည်။

"ပန်ယ"

"ပန်ယ … ဟုတ်လား"

"ပန်ယနဲ့မင်းက ဘယ်လိုပတ်သက်နေလို့လဲ"

ရှစန်းကျင်းက …

"ကျုပ်မေးတာ ဖြေမှာလား၊ ကျုပ်ကို ပြန်မေးနေမှာလား"

တိန်ဟူ သက်ပြင်းချလိုက်၏။

"ကောင်းပြီလေ … ကျုပ်ပြောပြမယ်၊ သူ့ကိုတော့ ကျုပ်သိပါတယ်၊ မင်း ဘာသိချင်သလဲ မေးပါ"

"ပန်ယအကြောင်းပဲ"

"သူဟာ လျှို့ဝှက်တဲ့လူတစ်ဦးပါ၊ သိုင်းလောကမှာ သူ့နာမည်ကို မကြားဖူးတဲ့လူ အများကြီးပဲ ရှိကြပါတယ်"

ရှစန်းကျင်းက ခေါင်းညိတ်လိုက်၏။

"ကျုပ်တောင် သိမှမသိဘဲ"

"မင်းမသိတာ မဆန်းပါဘူး"

"ဘာဖြစ်လို့လဲ"

"ပန်ယ ပေါ်ထွက်လာတာ လေးနှစ်ပဲ ရှိပါသေးတယ်"

"ပန်ယက ဘယ်လိုသိုင်းသမားလဲ"

"ကြေးစားဓားသမား"

"ဒါဆိုရင် ပန်ယရဲ့နာမည်က သရဲမျက်နှာတို့ လော်ချန်တို့လောက် မကျော်ကြားသေးဘူးပေါ့ ...ဟုတ်လား"

"သူက ကျော်ကြားမှာ စိုးရိမ်တဲ့လူမျိုးပဲ၊ ကျုပ်သိသလောက် ပန်ယဟာ လုပ်ငန်းမှန်သမျှ ချွတ်ယွင်းချက်မရှိဘဲ အကြိမ်တိုင်း အောင်မြင်ခဲ့တယ်"

ရှစန်းကျင်းက ...

"ဒါတက် သူ့ကို ဘယ်သူချုပ်ကိုင်ထားသလဲ"

တိန်ဟူက ခေါင်းခါလိုက်၏။

"သူဟာ ဘယ်သူချုပ်ကိုင်တာကိုမှ လက်ခံမယ့်သူ မဟုတ်ဘူးလို့ထင်တာပဲ၊ ဒါပေမဲ့ သူပျောက်နေတာ (၆) လလောက် ရှိပြီ"

"သူ့အကြောင်း သိသလောက်ပြောပြပါဦး"



တိန်ဟူက ခေါင်းတစ်ချက် ကုတ်လိုက်၏။ ပြီးမှ လေသံဖြင့် ပြောလိုက်၏။

"ပန်ယ သန်းခေါင်ယံအချိန်၊ ဒါဟာ လျှို့ဝှက်အမည်ပဲ၊ သူဟာ တစ်ဦးတစ်ယောက်ကို လုပ်ကြံတော့မယ်ဆိုရင် သန်းခေါင်ယံအချိန်မှာပဲ လုပ်ကြံလေ့ရှိတယ်၊ သူဟာ လူငယ်တစ်ယောက်လို့ သိရတယ်၊ ကြေးတန်းစားတွေရဲ့ ထုံးစံအတိုင်း သိုင်းလောကမှာ အတည်တကျ နေလေ့မရှိဘူး၊ သူ အများဆုံးကျက်စားတတ်တာ လုယန်မြို့ပဲ"

"ခင်ဗျား သူ့ကို ဆက်သွယ်ပေးနိုင်မလား"

တိန်ဟူက ခေါင်းခါယမ်းလိုက်၏။

"ကျုပ် သူနဲ့ဆက်သွယ်လို့ မရဘူး"

"ဒါဆို သူ့ရဲ့အဆက်အသွယ်တော့ ရှိရမှာပေါ့၊ ဘယ်သူလဲဗျ"

"မင်း သူ့ကို ငှားရမ်းမလို့လား"

တိန်ဟူ မယုံကြည်သောလေသံဖြင့် မေးလိုက်၏။ ရှစန်းကျင်းက ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်"

"ကျုပ်တော့ မယုံသလိုဘဲ"

"ခင်ဗျားယုံအောင်လည်း ကျုပ်က အကြောင်းပြချက်တွေ ပြောနေမှာ မဟုတ်ဘူး"

တိန်ဟူ ခေါင်းညိတ်လိုက်သည်။

"ကျုပ်သိသလောက် သူနဲ့ဆက်သွယ်ချင်တယ်ဆိုရင် ငွေပုံလွှားစားသောက်ဆိုင်ကို သွားပါ။ အဲဒီမှာ ခါးကုန်းကြီးတစ်ဦး ရှိတယ်၊ မင်း သူနဲ့ဆက်သွယ်ကြည့်ပါ"

ရှစ်နန်းကျင်းက ထိုင်ရာမှ ထပြီး တိန်ဟူ၏အိမ်ထဲမှ ထွက်ခွာခဲ့လေတော့သည်။

★

ရှို့ခွမ်းမှာ ကျောက်တုံးများကြားတွင် ထိုင်နေ၏။ သူ၏နေရာမှကြည့်လျှင် လမ်းကလေးကို ကောင်းစွာ တွေ့မြင်နေရ၏။ ရှို့ခွမ်းက သူ၏လူများကို ကြည့်လိုက်၏။

သူက ရသမျှ ကြေးစားများစုရုံးကာ နေရာချထားပေးခဲ့ခြင်း ဖြစ်၏။ ကမ်းနံဘေးဝဲယာတွင် ကြေးစားဓားသမား ဆယ့်နှစ်ယောက်ပုန်းအောင်း စောင့်ဆိုင်းနေ၏။

ရှို့ခွမ်းက သက်ပြင်းတစ်ချက် ချလိုက်၏။



"အင်း ... ရတဲ့အချိန် ရတဲ့လူငှားလာရပေမယ့် သူ့ကိုတော့ ကောင်းကောင်းရှင်းပစ်နိုင်မယ် ထင်ပါတယ်"

မကြာမီ လမ်းကလေးအတိုင်း မြင်းတစ်စီး ပြေးလွှားလာနေသည်ကို တွေ့လိုက်ရလေ၏။

ရှို့ခွမ်းက ငှက်မြည်သံကဲ့သို့ ပြုလုပ်လိုက်၏။ ထို့နောက် လမ်းကလေးဆီသို့ မမှိတ်မသုန် ကြည့်နေလိုက်လေ၏။

မြင်းစီးသမားက တဖြည်းဖြည်း နီးလာ၏။ မြင်းစီးသမားမှာ ရှစ်နန်းကျင်းပင် ဖြစ်ပါသည်။

ရှို့ခွမ်းက ကျေနပ်စွာ ပြုံးလိုက်၏။ သူ တိန်ဟူနှင့်လာရောက်ဆက်သွယ်သည်မှာ နာမည်ကြီး ကြေးစားသမားနှစ်ဦးကို ငှားရမ်းလို၍ဖြစ်သည်။

ထိုသို့ငှားရမ်းခြင်းသည် ရှစ်နန်းကျင်းအတွက် မဟုတ်ပါ။ သခင်ကြီးယန်အား ရှင်းလင်းရန်အတွက် ကြိုတင်ပြင်ဆင်ခြင်းဖြစ်၏။

ဤတွင် မမျှော်လင့်ဘဲ ရှစ်နန်းကျင်းက တိန်ဟူထံသို့ ရောက်လာသည်နှင့် ဆုံတွေ့လိုက်ရ၏။ ရှစ်နန်းကျင်းက ရှို့ခွမ်းအား မသိသော်လည်း ရှို့ခွမ်းကမူ ရှစ်နန်းကျင်းအား ကောင်းစွာသိရှိနေပေသည်။

သူသည် ရတ်ခြည်းပင် ရှစ်နန်းကျင်းအား လုပ်ကြံပြီး သော့ကို ရယူထားရန် အကြံဖြစ်ပေါ်လာသည်။ ထို့ကြောင့် တွေ့သမျှ

ကြေးစားများအား ဗုားရမ်းကာ လာရောက်စောင့်ဆိုင်းနေခြင်း ဖြစ်ပေသည်။

★

ရှစန်းကျင်းမှာ မြင်းကို အသော့နှင်လိုက်၏။ သူသည် ငွေပျံလွှား စားသောက်ဆိုင်မှ ခါးကုန်းကြီးနှင့် တွေ့ဆုံရန်အတွက် စိတ်လောနေ၏။

ထိုစဉ် အရှေ့ဘက်မှ ကြိုးတန်းတစ်ခု ရုတ်တရက် ထွက်ပေါ်လာသည်ကို တွေ့လိုက်ရသည်။ ရှစန်းကျင်း ထိတ်ခနဲဖြစ်ကာ မြင်းဇက်ကြိုးကို အားကုန်ဆောင့်ဆွဲလိုက်သည်။

'ဟီး ဟီး ဟီး'

မြင်းက တုံ့ခနဲရပ်ကာ ပတပ်ရပ်ရင်း ဟီလိုက်၏။ ရှစန်းကျင်း မြင်းပေါ်မှ ပြုတ်ကျသွားသည်။

"ဟား ဟား ဟား"

ရယ်မောသံများ လျှံထွက်လာ၏။ ရှစန်းကျင်း မတ်တတ်ရပ်လိုက်ချိန်တွင် လမ်းဘေးဝဲယာ တစ်ဖက်တစ်ချက်မှ လူဆယ့်နှစ်ယောက် ထွက်လာသည်ကို တွေ့လိုက်ရလေသည်။



ထိုလူများကို သူ တစ်ကြိမ်မျှ မတွေ့ဖူးခဲ့ပါ။

"ခင်ဗျားတို့ ဘာလိုချင်လို့လဲ၊ ခင်ဗျားတို့နဲ့ ကျုပ် ရန်ငြိုးမရှိဘူး ထင်ပါတယ်"

ထိုလူဆယ့်နှစ်ဦးမှာ သံလုံးတပ်တုတ် ကိုင်ဆောင်ထားသော လူက ရှေ့တိုးလိုက်ပြီး ...

"မင်းပြောတာဟုတ်တယ်၊ ရန်ငြိုးမရှိပါဘူး"

"ဒါဆိုရင် ကျုပ်ကို သွားခွင့်ပြုပါ"

"မဖြစ်ဘူး ... ကျုပ်တို့နဲ့ မင်းက ရန်ငြိုးမရှိပေမယ့် မင်းအသက်ကိုယူရမယ်"

"ဘာကြောင့်လဲဗျ"

"ငွေ"

ရှစန်းကျင်းက အိတ်ထဲမှငွေများ ထုတ်လိုက်သည်။

"လွယ်ပါတယ်ဗျာ၊ ကျုပ်ဆီမှာ ရှိသမျှငွေအားလုံး ယူသွားနိုင်ပါတယ်"

"မဖြစ်ဘူး ... ငွေက ကျုပ်တို့ယူထားပြီးပြီ"

ရှစန်းကျင်းက သက်ပြင်းချလိုက်သည်။ သူ အခြေအနေအရ တိုက်ပွဲကို ရှောင်တိမ်း၍မရတော့ကြောင်း နားလည်လိုက်သည်။

"ကောင်းပြီလေ ... ဘယ်သူအရင်လာမလဲ"

လူ ဆယ့်နှစ်ဦးထဲမှ ဓားမကြီးကိုင်ထားသူက ရှေ့သို့ တိုးထွက်လာပြီး ရှစ်နန်းကျင်းအား စတင်တိုက်ခိုက်လိုက်လေသည်။

‘ဝှစ် ဝှစ်’

ရှစ်နန်းကျင်းက ခြေလှမ်းတစ်ဝက်ဆုတ်ကာ ရှောင်တိမ်းပြီးနောက် ဓားဖြင့် ချက်ချင်း ပြန်လည်တိုက်ခိုက်လိုက်သည်။ ထိုစဉ်နံဘေးမှ လှံရှည်က တိုးဝင်လာသည်။

ခြေထောက်ပိုင်းကိုလည်း ကြိုးတပ်ချိတ်ကာ ဝင်ရောက်ချိတ်ဆွဲလာသည်။ ရှစ်နန်းကျင်းက အသက်အောင့်ပြီး အပေါ်သို့ ခုန်တက်လိုက်သည်။

ထို့နောက် လေထဲတွင် နှစ်ပတ်ကျွမ်းထိုးလိုက်ပြီး ဝိုင်းရံထားသူများကို ကျော်ဖြတ်ထွက်လာသည်။ သို့သော် ကြေးစားများကလည်း မခေပါ။

ချက်ချင်း လူများရွေ့ကာ နေရာယူလိုက်သည်။ ရှစ်နန်းကျင်းမှာ လွတ်အောင်မကျော်နိုင်ဘဲ ကြေးစားများကြားသို့ ပြန်လည်ကျရောက်သွားရပြန်သည်။

ကြေးစားများက ပြိုင်တူတိုက်ခိုက်ကြလေသည်။ ရှစ်နန်းကျင်းမှာ အသက်ပင်မရှူအားပါ။ ကြေးစားတို့၏ တိုက်ခိုက်မှုက ပို၍ပြင်းထန်လာသည်။



ဤအတိုင်း တိုက်ခိုက်နေလျှင် အချိန်ကြာသည်နှင့်အမျှ ရှုံးနိမ့်သွားမည့်သူမှာ မိမိဖြစ်ကြောင်း ရှစ်နန်းကျင်း နားလည်သဘောပေါက်လေသည်။

သူသည် အံကို တင်းတင်းကြိတ်ပြီး ဓားကို တရကြမ်း ဝှေ့ယမ်းကာ တိုက်ခိုက်လိုက်လေသည်။ ရှစ်နန်းကျင်း၏ ရက်စက်ကြမ်းကြုတ်သော ဓားကွက်က ကြေးစားတစ်ဦး၏ ခါးသို့ ခုတ်ချမိသွားသည်။

“အား”

ကြေးစား လဲကျသေဆုံးသွားလေသည်။ ထိုတဒင်္ဂအတွင်း လှံရှည် (၂) စင်းက နောက်ကျောမှ ဝင်ရောက်လာလေသည်။ ရှစ်နန်းကျင်း ရင်ထိတ်သွားသည်။ အလျင်အမြန် ရှောင်တိမ်းလိုက်ရာ ...

‘ဗြိ’

လှံရှည်တစ်စင်းက သူ၏အင်္ကျီစကို ထိုးဖောက်သွားသည်။ နောက် လှံရှည်တစ်စင်းကမူ ရှစ်နန်းကျင်း၏ ဘယ်ပခုံးသို့ ရှပ်၍ ထိုးချမိသွားလေသည်။

ကြေးစားများ စိတ်ဓာတ်တက်ကြွလာကြကာ တရကြမ်း ဖိ၍ တိုက်ခိုက်လာကြလေသည်။ ရှစ်နန်းကျင်း၏ရင်ထဲ၌ လေးလံသွား၏။

သူသည် အံကို တင်းတင်းကြိတ်ရင်း ကြေးစားများကြားမှ တရကြမ်း တိုက်ခိုက်ထိုးဖောက်လိုက်၏။

သို့သော် ကြေးစားများကလည်း ရှုစန်းကျင်း၏ ထိုးဖောက်မှုမှန်သမျှကို ဂိတ်ဆို့ဟန့်တားထားလိုက်ကြလေသည်။

ရှီ့ခွမ်းက ကျောက်တုံးကြားမှနေ၍ တိုက်ပွဲကို သေချာစွာ ကြည့်ရှုနေရင်း အားရကျေနပ် ဖြစ်နေသည်။

ရှုစန်းကျင်း ကိုယ်ပေါ်တွင် သွေးများ အလူးလူး ဖြစ်နေ၏။ သူသိထားသလောက် ဒဏ်ရာငါးချက်မက ရနေ၏။ တိုက်ခိုက်မှုအားကလည်း လျော့ကျနေ၏။

ဤအခြေအနေတွင် သူက ဝင်ရောက်တိုက်ခိုက်လျှင် ရှုစန်းကျင်း မည်သို့ ခုခံနိုင်တော့မည်နည်း။

ရှီ့ခွမ်းက သဘောကျစွာ ပြုံးရင်း ထရပ်ရန် ဟန်ပြင်လိုက်၏။ ထိုစဉ် မြင်းခွာသံ ထွက်ပေါ်လာသည်ကို ကြားလိုက်ရ၏။

"ဘယ်သူများပါလိမ့်"

ရှီ့ခွမ်းက ကျောက်တုံးနောက်ကွယ်သို့ ပြန်ဝင်နေလိုက်လေသည်။

★



အချိန်များ ကုန်ဆုံးလာ၏။

ရှုစန်းကျင်းမှာ ဓားကို တင်းကျပ်စွာ ဆုပ်ကိုင်ထား၏။ သူ၏ ဓားကိုင်လက်တွင် ချွေးများ၊ သွေးများဖြင့် စေးထန်းနေ၏။

သူ၏ တစ်ကိုယ်လုံး နာကျင်နေ၏။ ဓားကို ဆွဲယမ်းနေရခြင်းသည်ပင် အင်မတန် လေးလံနေသည်ဟု ခံစားနေရ၏။ ဓားကိုပင် မကိုင်နိုင်တော့သလို ဖြစ်သွားပြီး ဓားလွတ်ကျသွား၏။

'ခွမ်း'

ရှုစန်းကျင်း ဓားလွတ်ကျစဉ်မှာပင် ကြေးစားတစ်ဦး၏ လက်သီးက ရှုစန်းကျင်း၏ရင်ဝသို့ ထိမှန်သွား၏။

'ဝုန်း'

ရှုစန်းကျင်းမှာ နောက်သို့ ပက်လက်လန် လဲကျသွား၏။ သူ၏အသိအာရုံများက မှောင်မည်းသွား၏။ ထိုစဉ် မြင်းခွာသံကို ကျယ်လောင်စွာကြားလိုက်ရလေသည်။

★

မြင်းတစ်စီးက တိုက်ပွဲအတွင်းသို့ လျင်မြန်စွာ ရောက်ရှိလာ

သည်။ မြင်းပေါ်တွင် လူငယ်တစ်ယောက် ပါလာ၏။ လူငယ်က မြင်းပေါ်မှ ခုန်ဆင်းလိုက်ပြီးသည်နှင့် ကြေးစားများအား ဝင်ရောက်တိုက်ခိုက်လိုက်လေသည်။

လူငယ်၏ တိုက်ခိုက်မှုက အလွန်လျင်မြန်လှ၏။ ဓားရောင်တစ်ချက် လင်းလက်သွားသည်ကိုသာ တွေ့လိုက်ရ၏။

'ချွမ်း ချွမ်း ချွမ်း'

ကြေးစားများလက်ထဲမှ လက်နက်များအားလုံး လွင့်စဉ်ထွက်သွားလေသည်။ ကြေးစားများက ဝင်ရောက်လာသော လူငယ်အား စေ့စေ့ကြည့်လိုက်၏။

လူငယ်သည် အဖြူရောင်ဝတ်စုံကို ဝတ်ဆင်ထား၏။ ကြေးစားက ...

"မင်းနဲ့ဘာဆိုင်လို့ ဝင်ရှုပ်ရတာလဲ၊ ဒီက ထွက်သွားစမ်း"

ဟု ဟန်လုပ်ကာ ခြိမ်းခြောက်လိုက်သည်။

လူငယ်က ရှေ့တိုးလာပြီး လက်တစ်ချက် ဝှေ့ယမ်းလိုက်သည်။ ဓားရောင်တစ်ချက် လင်းလက်သွားပြီး သူ၏ခေါင်းပေါ်၌ အေးခနဲတစ်ချက် ခံစားလိုက်ရ၏။ ယောင်ယမ်းစွာခေါင်းကို လက်ဖြင့်အုပ်လိုက်ရာ ...

"ဟင်"



သူ၏လက်တွင် ဆံပင်များ အထွေးလိုက်ပါလာ၏။ ကြေးစား၏ ခေါင်းကိုယ် တုန်ယင်သွား၏။

"မင်းတို့ ထွက်သွားမလား၊ ကျုပ်က မင်းတို့ကို မောင်းထုတ်လိုက်ရမလား"

လူငယ်က အေးတိအေးစက်ဖြင့် မေးလိုက်၏။ ကြေးစားသုံးယောက်မှာ တစ်ယောက်မျက်နှာတစ်ယောက် ကြည့်လိုက်ကြ၏။ သူတို့သည် လူငယ်အား မည်သို့မျှ အနိုင်ရမည်မဟုတ်ကြောင်း နားလည်လိုက်သည်။

"မင်းနဲ့မဆိုင်ဘဲ ဝင်ရှုပ်ကဲ့အတွက် တစ်နေ့ တို့အကြောင်း သိရစေမယ်"

ခြိမ်းခြောက်စကားပြောပြီး ထိုနေရာမှ လျင်မြန်စွာ ပြေးလွှား ထွက်ခွာသွားကြလေတော့သည်။

★

ရှီ့ခွမ်းက ထရပ်လိုက်သည်။ သူသည် ထွက်ခွာသွားသော မြင်းနှစ်စီးအား စိုက်ကြည့်လိုက်သည်။

"ရှစန်းကျင်း ... မင်း သိပ် ကံကောင်းတယ်"

မှန်ပေသည်။

သူသည် ရှစ်နံးကျင်းအား လက်ရဖမ်းဆီးနိုင်ခါနီးမှ လူငယ်တစ်ဦး ဝင်ရောက်လာသဖြင့် လက်လွှတ်ပေးလိုက်ရလေသည်။

သူက ထိုလူငယ်အား ဟန့်တားတိုက်ခိုက်ရန် စိတ်ကူးလိုက်သေးသည်။ သို့သော် လူငယ်၏မေးချက်ကို တွေ့ရသောအခါ ထိုစိတ်ကူးကို ချက်ချင်း ပယ်ဖျက်လိုက်သည်။

အဖြူရောင်လူငယ်၏ သိုင်းပညာမှာ သူ့ထက်သာလွန်နေသည် မဟုတ်ပါလား။ သူသည် ပုန်းကွယ်ရာမှ ထွက်မလာတော့ဘဲ ဆက်လက်၍ ပုန်းခိုနေလိုက်လေသည်။

လူငယ် ထွက်သွားမှ ပုန်းအောင်းရာမှ ထွက်ကာ ဆန့်ကျင်ဘက်ဆီသို့ ပြေးလွှားသွားလေတော့သည်။

★★★



အခန်း (၂၂)

ကွန်းလုယာန်က အိမ်ထဲသို့ လှမ်းဝင်လာသည်။ ဝေချိုက သူ့အား ထိုင်စောင့်နေသည်ကို တွေ့လိုက်ရသည်။

ကွန်းလုယာန်က ပြုံးပြပြီး ကျားသစ်ရေကပ် ကုလားထိုင်တွင် ဝင်ရောက်ထိုင်လိုက်သည်။

ဝေချိုက ...

"သခင်လေး မပြောမဆိုနဲ့ ဘယ်ထွက်သွားတာလဲ၊ နှစ်ရက်လုံးလုံး ကျုပ်က စိတ်ပူနေတာ"

ကွန်းလုယာန်က ပြုံးစိစိလုပ်နေသည်။ ဝေချိုက ...

"သခင်လေးက ထန်ယန့်အကြောင်း သွားစုံစမ်းတာ မဟုတ်လား"

"ဟုတ်တယ် ... ထန်းယန့်အကြောင်း ကောင်းကောင်းသိတဲ့ လူတစ်ယောက်ဆီ သွားခဲ့တာပါ၊ သူ့ဆီက ထူးဆန်းတာလေးတွေ သိခဲ့ရတယ်"

"ဘာများလဲ"

"ထန်းယန့်ဟာ ငယ်စဉ်က ဓားပြတစ်ယောက် ဖြစ်ခဲ့တယ်တဲ့"

ဝေချို အံ့အားသင့်သွား၏။

"ဟုတ်ရဲ့လား"

"သိပ် သေချာတာပေါ့"

ဝေချိုက …

"ကျုပ်တို့ ဘာလုပ်ကြမလဲ"

ကွန်းလုယန်က အံကြိတ်လိုက်သည်။

"ကျုပ် ရွှန်ပေါင်နဲ့တွေ့တယ်"

"ကောင်းတယ်"

ကွန်းလုယန်က …

"စီးမင်းအကျဉ်းထောင်မှာ ကျုပ်မိတ်ဆွေတွေရှိတယ်၊ ထန်းယန့်ဟာ စီးမင်းထောင်ရောက်လို့ကတော့ သူ ကျုပ်အဖေကို သတ် မသတ် ကောင်းကောင်းကြီး နှိပ်စက်ပြီး မေးမြန်းရမယ်"

"သက်သေကတော့ ခင်ဗျားပြောပြသလို အစစ်ခံပါ့မလားဗျ"

"သိပ် အစစ်ခံတာပေါ့ … သူကလည်း ထန်းယန့်ကို ရှိ



မုန်းတီးနေတာဗျ"

"ဒါဆို ရွှန်ပေါင်နဲ့ သခင်လေး အမြန်ဆုံး ဆွေးနွေးပေတော့၊ ဪ … ဒုက္ခပဲ"

"ဘာဒုက္ခလဲ"

ဝေချိုက သက်ပြင်းချလိုက်၏။

"ရွှန်ပေါင် ခရီးထွက်သွားတာ ခုထိ ပြန်မရောက်သေးဘူး သခင်လေး"

ကွန်းလုယန် သက်ပြင်းချလိုက်သည်။

"အင်း … သူပြန်လာတဲ့အထိ စောင့်ရတော့မှာပေါ့"

ဝေချိုက ရုတ်တရက် ထအော်လိုက်သည်။

"သခင်လေး မစောင့်ဆိုင်းချင်ရင်လည်း ရတယ်ဗျ"

"ဘယ်လို"

ဝေချိုက …

"ထန်းယန့်ဟာ ဒုစရိုက်သမားဖြစ်တယ်ဆိုတဲ့ သက်သေအထောက်အထားကို တပ်မှူးလေးလီကိုပေးလိုက်ပါ၊ သူကလည်း ထန်ယန့်ကို သံသယဝင်နေတာ ကြာပြီဗျ၊ ဝမ်းမြောက်ဝမ်းသာ လက်ခံမှာပဲ"

ကွန်းလုယန် တစ်ချက်စဉ်းစားလိုက်သည်။

"ကောင်းပြီ … ကျုပ် တပ်မှူးလေးလီနဲ့ သွားတွေ့မယ်"

"ကျုပ် ချိန်းပေးပါ့မယ် သခင်လေး"

"ကိစ္စမရှိပါဘူး … ကျုပ်ကိုယ်တိုင်ပဲ သွားတွေ့လိုက်ပါ့မယ်"

ကွန်းလုယန်က ပြောပြီး အိမ်ဂေဟာထဲမှ လျင်မြန်စွာ ထွက်ခွာသွားလေသည်။

★

"ရပ်"

အော်သံနှင့်အတူ လုံရှည် (၂) ချောင်းက ကြက်ခြေယှက်ဟန့်တား ပိတ်ဆို့လိုက်လေသည်။ ကွန်းလုယန် ရပ်တန့်လိုက်သည်။

"ဘာကိစ္စလဲ"

"တပ်မှူးလေးလီနဲ့ တွေ့ချင်လို့ပါ"

"ချိန်းထားသလား"

"မချိန်းထားပါဘူး၊ ဒါပေမဲ့ ကွန်းလုယန်က တွေ့ချင်တဲ့ အကြောင်းပြောလိုက်ပါ"

အစောင့်မှာ ယခုမှ ကွန်းလုယန်အား မှတ်မိသွား၏။



ကွန်းလုယန်သည် ထောင်ကျပြီး လူမြင်ကွင်းမှ အတန်ကြာ ကွယ်ပျောက်သွားခဲ့သည် မဟုတ်ပါလား။

အစောင့်ရဲမက်က …

"လောလောဆယ်တော့ တပ်မှူးလေးလီ မရှိပါဘူး၊ ညနေဆို ပြန်ရောက်လာပါလိမ့်မယ်"

ကွန်းလုယန် စိတ်ပျက်သွား၏။ ရဲမက်က …

"သခင်လေး …တပ်မှူးလေးလီနဲ့ ချက်ချင်းတွေ့ရမယ့်ကိစ္စများ ရှိနေသလား"

ကွန်းလုယန်က ခေါင်းညိတ်လိုက်၏။

"ဒါဆို ဒီလိုလုပ်ပါလား"

"ဘယ်လိုလုပ်ရမှာလဲ"

"တပ်မှူးလေးလီ မြို့စားဂေဟာမှာ ရှိပါလိမ့်မယ်၊ သခင်လေး ကြံဖန်ကြိုးစားရင် တွေ့ရနိုင်ပါတယ်"

ကွန်းလုယန်က ရဲမက်အား ငွေတုံးကလေးတစ်တုံး ထုတ်ပေးလိုက်သည်။

"ကျေးဇူးပဲ"

သူ ချက်ချင်း လှည့်ထွက်လာ၏။ မြို့စားဂေဟာကို ဆက်လိုက်သွားသင့် မသင့် တစ်ချက်စဉ်းစားလိုက်၏။

နောက်ဆုံး ဆက်လိုက်သွားရန် ဆုံးဖြတ်လိုက်သည်။

သူ၏လောဘကြီးမှုက အမှားတစ်ခု ကျူးလွန်လိုက်သလို ဖြစ်သွားသည်ကိုမူ သူ မသိလိုက်ပါချေ။

★

မြို့စားဂေဟာ ...။

မြို့စားဂေဟာမှာ တပ်မှူးလေးလီ၏ဂေဟာနှင့် တစ်လမ်းမျှသာ ကွာဝေးလေသည်။ ထို့ကြောင့် မြို့စားဂေဟာရှေ့သို့ တစ်ခဏနှင့် ရောက်လာ၏။

"ကျုပ် ကွန်းလုယန်ပါ။ အထဲမှာ တပ်မှူးလေးလီ ရှိပါသလား"

ရဲမက်က ကွန်းလုယန်အား တစ်ချက်ကြည့်လိုက်ရာ မှတ်မိသွား၏။

"ရှိတယ် ... သခင်လေးနဲ့ ချိန်းထားလို့လား"

ကွန်းလုယန်က ရဲမက်၏လက်သို့ ငွေတုံးကလေးတစ်တုံး မသိမသာ ထည့်ပေးလိုက်၏။

"ကျုပ် အရေးတကြီး တွေ့စရာရှိလို့ဗျ"



ရဲမက်က ...

"သခင်လေး အထဲဝင်ချင် ဝင်သွားလေ၊ တပ်မှူးလေးလီက တွေ့ခွင့်ပေးရင် တွေ့ရပါလိမ့်မယ်"

ကွန်းလုယန်က ရဲမက်၏ပခုံးအား တစ်ချက်ပုတ်ကာ အထဲဝင်သွားသည်။

ထိုစဉ် ရဲမက်တစ်ဦး ရောက်ရှိလာသည်။ ကွန်းလုယန်၏ နောက်ကျောကို တစ်ချက်စိုက်ကြည့်လိုက်၏။

"အထဲဝင်သွားတာ သူဌေးလေး ကွန်းလုယန် မဟုတ်လား"

အစောင့်ရဲမက်က ...

"ဟုတ်တယ်"

"ဘာကိစ္စနဲ့ မြို့စားဂေဟာကို လာတာလဲ၊ ဘယ်သူနဲ့တွေ့ဖို့ ချိန်းထားတာလဲ"

အစောင့်ရဲမက်က ...

"တပ်မှူးလေးလီနဲ့ အရေးတကြီး ကိစ္စရှိလို့ တွေ့ခွင့်တောင်းတာကွ"

နောက်ရဲမက်က တစ်ချက် တွေဝေသွား၏။ ထို့နောက် မြို့စားဂေဟာထဲသို့ လိုက်ဝင်သွားလေသည်။

★

တပ်မှူးလေးလီက ကွန်းလုယန်အား နေရာထိုင်ခင်းပေးရင်း စတင်မေးမြန်းလိုက်လေသည်။

"ကွန်းလုယန် ... ခင်ဗျား ကျုပ်နဲ့ တွေ့ချင်တာဟာ သာမန်ကိစ္စတစ်ခုတော့ ဟုတ်ဟန်မတူဘူး"

"မှန်ပါတယ်"

"ကျုပ် ဘာကူညီရမလဲ၊ ပွင့်ပွင့်လင်းလင်းသာ ပြောပါ၊ ကျုပ် အတတ်နိုင်ဆုံး ဆောင်ရွက်ပေးပါ့မယ်"

ကွန်းလုယန်မှာ တပ်မှူးလေးလီ၏စကားကြောင့် အားတက်သွားသည်။ ပွင့်ပွင့်လင်းလင်း ပြောပြရန် ဆုံးဖြတ်လိုက်၏။

"ဒီလိုပါ တပ်မှူးလေး ... ကျုပ် ထောင်ကလွတ်တဲ့နေ့မှာပဲ ကျုပ်ဖခင် သူဌေးကြီးကွန်းကျုံး အသတ်ခံရတာကို သိမယ်ထင်ပါတယ်"

"ဟုတ်ကဲ့ သိပါတယ်"

ကွန်းလုယန်က ...

"ဗိုလ်ကလေး ရွှန်ပေါင်က ရှစန်းကျင်းကို စွပ်စွဲခဲ့ပေမယ့် တကယ့်တရားခံအစစ်က ရှစန်းကျင်း မဟုတ်ပါဘူး"



"ဆက်ပြောပါဦး"

"ရှစန်းကျင်းနဲ့ကျုပ် ထောင်ထဲမှာ အတူနေခဲ့တာပါ၊ သူနဲ့ ကျုပ် နှစ်ဦးစလုံးပဲ ထောင်ထဲ နောက်တစ်ခေါက် ပြန်မရောက်ချင်ကြတဲ့ လူတွေပါ၊ ရှစန်းကျင်းဟာ ထောင်ကထွက်ရမယ့်နေ့ကို အမြဲတွက်နေတဲ့လူဗျ"

"စိတ်ဝင်စားစရာပဲ၊ ဆက်ပြောပါဦး"

ကွန်းလုယန်က ...

"ရှစန်းကျင်းဟာ သိုင်းပညာအဆင့်မြင့်တဲ့ လူတစ်ယောက်ပါ၊ သူ့အနေနဲ့ စီးမင်းထောင်ကို ဖောက်ပြေးရင်တောင် ရနိုင်တဲ့ အခွင့်အရေး ရှိပါတယ်၊ ဒါပေမဲ့ သူ ထွက်မပြေးခဲ့ဘူး၊ သတ်မှတ်တဲ့နေ့ပြည့်အောင် စောင့်ပြီးမှ တိုက်ဆိုင်စွာပဲ ကျုပ်နဲ့အတူ တစ်နေ့တည်း လွတ်ခဲ့တယ်၊ လမ်းမှာ ကျုပ်ဖခင်မြင်းလှည်းနဲ့ သူတွေ့ခဲ့တယ်၊ သူသိတဲ့အချိန်မှာ ကျုပ်ဖခင်ဟာ သေဆုံးနေခဲ့ပြီ"

"ဒါ ဘယ်သူပြောတာလဲ"

"ရှစန်းကျင်းကိုယ်တိုင် ဝန်ခံခဲ့ပါတယ်"

"သူက ဝဲပုလွေလို့ အမည်ရတဲ့ လူနော်၊ ခင်ဗျား သူ့စကားကို ယုံကြည်သလား"

"သူဟာ ကျုပ်အပေါ် မလိမ်ဘူးလို့ ကျုပ် ယုံကြည်တယ်၊

ပြီးတော့ သူ ထောင်ကထွက်တဲ့နေ့မှာပဲ ထောင်အနီးမှာ ဘာရန်ငြိုးရန်စမှ မရှိတဲ့လူကို ဘာအကြောင်းနဲ့ သတ်မှာလဲ၊ သတ်မယ်ဆိုရင်လည်း သူဟာ ရူးနေလို့ပဲ ဖြစ်ရမယ်"

တပ်မှူးလေးလီက ခေါင်းညိတ်လိုက်၏။

"ကဲ ... ဆက်ပါဦး"

"ရှစ်နီးကျင်း မသတ်ရင် ကျုပ်အဖေကို သတ်တဲ့လူဟာ ဘယ်သူဖြစ်မလဲ စဉ်းစားတဲ့အခါ မြည်းလှည်းသမားဖြစ်နေတယ်"

"မြင်းလှည်းသမား ... ဟုတ်လား"

"ဟုတ်တယ်၊ မြင်းလှည်းသမား ဝူးမင်းဟာ ကျုပ် မလွတ်မီကမှ ခန့်ထားတာ၊ ကျူးဆန်းတာက ဝူးမင်းဟာ သူဌေးကြီးထန်းယန့်ရဲ့လူ ဖြစ်နေတယ်"

တပ်မှူးလေးလီက မျက်လုံးပြူးသွား၏။

"သေချာသလား"

ကွန်းလုယန်က ခေါင်းညိတ်လိုက်၏။

"ရှစ်နီးကျင်းက စုံစမ်းပြီး ကျုပ်ကို ပြောပြခဲ့တာ"

"ဝူးမင်း ဘယ်မှာလဲ"

"ရှစ်နီးကျင်း သူ့ကို ခြေရာခံမိတဲ့အခါ သူ လုပ်ကြံခံလိုက်ရတယ်"



"ရှစ်နီးကျင်းကော"

ကွန်းလုယန်က ...

"သူဟာ ပထမပိုင်းက ကျုပ်ဆီကို အမြဲသတင်းပို့နေခဲ့တယ်၊ သူ့မှာလည်း အန္တရာယ်များနေတယ်တဲ့၊ အဲဒီနောက်ပိုင်း သူ့ဆီက ဘာအဆက်အသွယ်မှ မရတော့ဘူး"

"ကျုပ် ဘာကူညီရမှာလဲ၊ ခုထက်ထိ ကျုပ် နားမလည်သေးတာ အမှန်ပဲ"

တပ်မှူးလေးလီက ပြောလိုက်သည်။

"ခင်ဗျား စိတ်လောနေပြီ၊ ထန်းယန့်ကို အရေးယူချင်ရင် သက်သေအထောက်အထား ရှိရမယ်၊ အခုကိစ္စက အထင်ပဲရှိတယ်၊ ရှစ်နီးကျင်းဟာ လက်ရှိအခြေအနေမှာ ဝရမ်းပြေးတစ်ယောက်ပဲ၊ သူ့စကားကို ဘယ်သူကမှ လက်ခံကြမှာ မဟုတ်ဘူးဗျ"

"ကျုပ်နားလည်ပါတယ်"

တပ်မှူးလေးလီက ကွန်းလုယန်အား ကြည့်လိုက်သည်။ ကွန်းလုယန်က ...

"ကျုပ်ဖခင်သတ်မှုနဲ့ အရေးယူဖို့ မလွယ်ဘူး၊ ဒါပေမဲ့ သူ့ကို ဒုစရိုက်သမားအဖြစ်တော့ အရေးယူလို့ ရနိုင်ပါသေးတယ်"

တပ်မှူးလေးလီက မျက်မှောင်ကြုတ်သွားသည်။ ကွန်းလု

ယန်က ...

"ထန်းယန့်ပိုင်ဆိုင်တဲ့ အရာတွေထဲမှာ လောင်းကစားဝိုင်းနဲ့ ကြေးတန်းစားမယ်ဂေဟာတွေ ရှိနေတယ်"

"ဒါပေမဲ့ အရေးယူလို့ မရဘူးဗျ"

"ကျုပ်သိပါတယ်၊ ဒါပေမဲ့ သူဟာ ဓားပြခေါင်းဆောင် တစ်ယောက် ဆိုရင်တော့"

"ဘာ"

တပ်မှူးလေးလီ၏မျက်လုံးအစုံမှာ ပြူးကျယ်သွားသည်။

"ခင်ဗျားဥစ္စာ သေချာရဲ့လား"

"သိပ်သေချာတာပေါ့၊ သူဟာ ဓားပြခေါင်းဆောင် တစ်ယောက်ဆိုတာ နိုင်လုံတဲ့အထောက်အထားရှိတယ်"

"ဘာအထောက်အထားလဲ"

"သူ့တပည့်တစ်ယောက်ပဲ"

တပ်မှူးလေးလီက ...

"လူတစ်ဦးက တစ်ဦးကို အပုပ်ချတာမျိုး ဖြစ်နေမယ်၊ ဒီထက် သေချာရမယ်"

"အဲဒီလူဆီမှာ ထန်းယန့်ရဲ့ နေ့စဉ်မှတ်တမ်းနဲ့ ကျူးလွန်ခဲ့တဲ့ အထောက်အထား၊ အမိန့်စာတွေ အားလုံးရှိပါတယ်"



"အဲဒီလူ ဘယ်သူလဲ၊ ဒီအထောက်အထားတွေ ဘယ်မှာလဲ"

"ကျုပ် ယူလာခဲ့ပါ့မယ်"

"ခင်ဗျားဆီမှာ မဟုတ်ဘူးလား"

"မဟုတ်ဘူး ... သူ့အိမ်မှာရှိတာ ပိုပြီးလုံခြုံမယ် ထင်လို့ပါ"

"ကောင်းပြီလေ ... အဲဒီလူ ဘယ်သူလဲ၊ ဘယ်မှာနေသလဲ"

ကွန်းလုယန်က ...

"ကျဲ့လင်းကျိ၊ ယိကျန်းတောင်ဘက် မိုင် (၅၀) လောက်ဝေးတဲ့ ရွာကလေးမှာ နေပါတယ်"

တပ်မှူးလေးလီက စားပွဲကို လက်နှင့် တခေါက်ခေါက်ခေါက်ကာ စဉ်းစားလိုက်၏။

"ဒီလိုလုပ်ရအောင်"

"ပြောပါ တပ်မှူးလေး"

"မနက်ဖြန်နေ့လယ်ကျရင် ကျုပ်တို့ အတူတူသွားမယ်၊ သူ့ကို ခေါ်လာပြီး အထောက်အထားတွေကိုကြည့်မယ်၊ မှန်ကန် ခိုင်လုံရင် ထန်းယန့်ကို အရေးယူပေးမယ်"

"ကျေးဇူးတင်ပါတယ် တပ်မှူးလေး"

"မလိုပါဘူးဗျာ၊ ကျုပ်ကသာ ပြန်ပြီး ကျေးဇူးတင်ရမှာပါ"

"သူ့ကို အရေးယူတာနဲ့ ကျုပ်ဖခင်သတ်မှုကိုပါ တွဲပြီး စစ်ဆေးပေးဖို့ မေတ္တာရပ်ခံပါရစေ"

"စိတ်ချ ... ကျုပ် စစ်ဆေးပေးပါ့မယ်"

သူတို့နှစ်ဦးက လက်ဝါးချင်းရိုက်လိုက်ကြလေသည်။

★

ရဲမက်ချောင်သည် အရက်ခွက်ကို တုန်ယင်သောလက်ဖြင့် ကောက်ကိုင်ကာ အရက်ကို အကုန်မော့ချလိုက်၏။ လှုပ်ရှားနေသော စိတ်များ အတော်အတန် ငြိမ်သက်သွား၏။

ယနေ့ သူကြားခဲ့သောသတင်းသည် အလွန် အဖိုးတန်လှသည် မဟုတ်ပါလား။

သခင်ကြီးယန့်ဆီသွား၍ သတင်းပို့လျှင် ငွေအတော်အသင့် ရမည်မှာ သေချာလှပေသည်။

သူက သခင်ကြီးယန့်ထံသွားရန် စဉ်းစားလိုက်သည်။

ထိုခဏတွင် သူ၏ခေါင်းတွင်းသို့ အကြံတစ်ခု ဝင်ရောက်လာလေသည်။

"ဟုတ်ပြီ ... သိပ်ကောင်းတဲ့အကြံပဲ၊ ဒီအကြံအတိုင်းသာ



ဆိုရင် ငါ တစ်ချီတည်းနဲ့ သူဌေးဖြစ်ရမယ်၊ သခင်ကြီးယန့်ဆီ သွားစရာမလိုတော့ဘူး၊ ဘာလို့ အနည်းအကျဉ်းငွေကို မက်မောနေတော့မှာလဲ၊ အခွင့်အလမ်းရှိလျက်နဲ့ အသုံးမချနိုင်ရင် ငါဟာ လူအ တစ်ယောက် ဖြစ်သွားမှာပေါ့"

သူ၏မျက်နှာတွင် အပြုံးပန်းများ ဝေနေ၏။

သူသည် အရက်ဆိုင်အတွင်းမှ ပျော်ပါးသောခြေလှမ်းများဖြင့် ထွက်ခွာသွားလေတော့သည်။

★★★

## အခန်း (၂၃)

'ဝှစ် ဒေါက်'

ခွေးပုံတစ်စင်းက အခန်းတွင်း ဝင်ရောက်လာပြီး နံရံတွင် စိုက်ဝင်သွား၏။

သူဌေးကြီးထန်းယန့်က ရင်ထိတ်သွား၏။ အပြင်သို့ လှမ်းကြည့်လိုက်ရာ ထွက်ပြေးသွားသော လူရိပ်နောက်ကျောကို ရိပ်ခနဲ လှမ်းတွေ့လိုက်ရ၏။

ထန်းယန့်က ပထမလူရိပ်နောက်လိုက်ရန် အချက်ပေးမည် ပြုပြီးမှ မလှုပ်ရှားတော့ပါ။ ထိုင်ရာမှ ဖြည်းညင်းစွာ ထပြီး နံရံတွင် စိုက်ဝင်နေသော ဓားကို ဆွဲနုတ်လိုက်၏။

ဓားရိုးတွင် စာတစ်စောင် ချည်နှောင်ထားသည်ကို တွေ့လိုက်ရလေသည်။ သူက စာရွက်အား ဖြုတ်ယူကာ ဖတ်လိုက်၏။ စာဆုံးသွားသောအခါ ကုလားထိုင်သို့ ပြန်လျှောက်လာပြီး ခြေပစ် လက်ပစ် ထိုင်ချလိုက်လေသည်။



ထို့နောက် စာရွက်ကို မီးရှို့ပြီး ထိုမီးတောက်ကို အဓိပ္ပာယ်မဲ့စွာ စောင့်ကြည့်နေလေသည်။ မကြာမီ စာရွက်မှာ ပြာကျသွား၏။ လေအဝှေ့တွင် ပြာမှုန်များ လွင့်ပါးသွားလေတော့သည်။

★

ညသည် တိတ်ဆိတ်နေ၏။

ယနေ့ညသည် လဆန်းရက် ညတစ်ညဖြစ်၏။

မြို့တွင်းရှိ အိမ်တိုင်းလိုလို တံခါးများ ပိတ်ထားကြ၏။

ဝတ်စုံရှည်ဝတ်ဆင်ထားသော လူတစ်ဦးသည် အိတ်တစ်လုံး ဆွဲကာ ခပ်သွက်သွက် ထွက်လာ၏။ လရောင်ကို မော့ကြည့်လိုက်သည့်အတွက် ထိုသူ၏မျက်နှာကို ထင်ရှားစွာ တွေ့မြင်လိုက်ရ၏။

သူဌေးကြီးထန်းယန့်ပင် ဖြစ်ပါ၏။

သူသည် အမှောင်ရိပ်ကျ ရာ လမ်းနံဘေးမှ ခပ်သွက်သွက် လျှောက်လာခဲ့သည်။ မကြာမီ မြို့အပြင်ဘက်သို့ ရောက်ရှိလာ၏။

ထန်းယန့်က မရပ်သေးဘဲ ဆက်လျှောက်လာခဲ့သည်။ ရှေ့တွင် ထိုးထိုးထောင်ထောင်အရာများကို အမှောင်ကြားမှ တွေ့မြင်လိုက်ရ၏။

သချိုင်းတစ်ခုပင် ဖြစ်ပါသည်။

ထန်းယန့်က သချိုင်းအဝတွင် ခေတ္တရပ်လိုက်၏။

'အူ ဝူး'

ဆွဲဆွဲငင်ငင် အူလိုက်သော ခွေးအူသံ ရုတ်တရက် ထွက်ပေါ်လာသဖြင့် ထန်းယန့်မှာ ကြက်သီးများပင် ဖြန်းခနဲ ထသွား၏။ ပြီးမှ စိတ်ကို ပြန်ထိန်းပြီး သချိုင်းတွင်း ဆက်လျှောက်ဝင်ခဲ့သည်။

မြို့စားဟောင်းအုတ်ဂူရှေ့သို့ ရောက်သောအခါ ရပ်တန့်ပြီး ပတ်ဝန်းကျင်ကို တစ်ချက်ကြည့်လိုက်သည်။

"ဘယ်သူမှလည်း မတွေ့ပါလား။ ချိန်းတဲ့နေရာကတော့ ဒီနေရာပဲ"

ထန်းယန့်သည် စာထဲတွင်ပါသည့်အတိုင်း အိတ်ကို အုတ်ဂူပေါ်သို့ လှမ်းတင်လိုက်၏။ ထိုစဉ် အုတ်ဂူကြားမှ စကားသံ ထွက်ပေါ်လာ၏။

"သူဌေးကြီး အိတ်နဲ့နည်းနည်းဝေးသွားအောင် နောက်ဆုတ်လိုက်ပါဦး"

ထန်းယန့်က အသံရှင်၏အမိန့်အတိုင်း ဝါးတစ်ရိုက်ခန့် ဆုတ်ပြီးမှ ရပ်လိုက်၏။ အုတ်ဂူများကြားမှ လူတစ်ယောက် လျင်မြန်စွာ ရောက်ရှိလာ၏။



"ကျုပ်ရဲ့ နေ့စဉ်မှတ်တမ်း ဘယ်မှာလဲ"

ထန်းယန့်က လှမ်းမေးလိုက်၏။ ထိုလူက ...

"ရမှာပေါ့"

ထန်းယန့် မျက်မှောင်ကြုတ်သွား၏။ ထိုအသံကို ကောင်းစွာ ကြားဖူးနေသည်ဟု ထင်ရ၏။ ထိုလူသည် အင်္ကျီနက်၊ ဘောင်းဘီနက် ဝတ်ဆင်ကာ မျက်နှာကိုလည်း ခေါင်းစွပ်အနက်ဖြင့် ဖုံးကွယ်ထား၏။

"ကျုပ်က ငွေပေးပြီးပြီပဲ၊ နေ့စဉ်မှတ်တမ်း ကျုပ်ကိုပြန်ပေးပါ"

ထန်းယန့်က ပြောလိုက်သည်။ ထိုလူက ...

"ကျုပ်လက်ထဲမှာ မရှိဘူး"

"ဘာ"

ထန်းယန့် ဒေါသထွက်သွား၏။

"ဒေါသမကြီးပါနဲ့လေ၊ နေ့စဉ်မှတ်တမ်း ဘယ်မှာရှိတယ်ဆိုတာ ကျုပ်သိပါတယ်"

"ဘယ်မှာလဲ"

"ကျဲ့လင်းကျီဆီမှာ"

ထန်းယန့် တွေဝေသွား၏။

သူသည် ဝတ်စုံနက်၏အသံကို ကောင်းစွာမှတ်မိလိုက်လေသည်။

ထိုလူသည် ရဲမက်ချောင်ဖြစ်ပြီး ဘာမျှ အတိအကျ မသိသေးကြောင်း နားလည်လိုက်၏။

"ကျဲ့လင်းကျီ ဘယ်မှာလဲ"

ထိုလူက ကျဲ့လင်းကျီနေရာကို ပြောပြလိုက်သည်။

"ခင်ဗျားက ကျုပ်ကို ဒီနည်းနဲ့ ငွေညှစ်ချင်တာကိုး၊ ကိစ္စမရှိပါဘူး"

ထိုလူက ရယ်မောလိုက်၏။

"ဘာပဲဖြစ်ဖြစ် ခင်ဗျားသတိထားဖို့က ကျဲ့လင်းကျီဆီက နေ့စဉ်မှတ်တမ်းကို အချိန်မီ ပြန်မယူနိုင်ရင် တပ်မှူးလေးလီက သွားယူတော့မယ်"

"သွားယူရမှာပေါ့၊ ကဲ ... ငွေပြည့်မပြည့် ရေတွက်ကြည့်လိုက်ပါဦး"

"ခင်ဗျား နောက်ဆုတ်ပါ"

ထန်းယန့်က ဝါးနှစ်ရိုက်ခန့်ဆုတ်ပြီး မြေကြီးပေါ် ထိုင်ချလိုက်၏။ ထိုလူက သဘောကျစွာ ရယ်မောရင်း အိတ်ကိုဖွင့်ကာ လက်နှိုက်လိုက်၏။



"အား"

နာကျင်စွာ အော်ဟစ်ရင်း လက်ကို အမြန်ဆွဲထုတ်လိုက်သည်။ သူ၏လက်တွင် တွန့်လိမ်နေသော မြွေတစ်ကောင်က ရစ်ပတ်ပါလာလေသည်။

ထိုလူမှာ ရှန်းထွက်သွားပြီး မြွေကို အတင်းခါချလိုက်၏။

"ခင် ခင်ဗျား ကတိမတည်"

ထန်းယန့်က ရယ်မောလိုက်၏။

"ရဲမက်ချောင် ရဲမက်ချောင် ... မင်းက လောဘကြီးလွန်းတာကိုးကွ၊ ဒီတော့ သေရမှာပေါ့"

"ခင်ဗျား ကျုပ်မှန်း ဘယ်လိုသိသလဲ"

"ဒီအလုပ်ကို မင်း မကျွမ်းကျင်သေးပါဘူး၊ ကျုပ်လိုလူက ဒီလောက်များတဲ့ငွေကို အလကားပေးပါ့မလား"

ထန်းယန့်က ပြောရင်း ရှေ့တိုးလာ၏။ ငွေအိတ်ကို ကောက်ယူကာ ဖွင့်ပြလိုက်သည်။ အထဲတွင် ရွှေတုံးကလေးများနှင့် ငွေတုံးကလေးများ ရှိ၏။

လျှံငွေ တစ်သောင်းဖိုးခန့်သာ ရှိသည်။ ထန်းယန့်က ...

"မင်း ငယ်ပါသေးတယ်၊ ကျုပ်ကို သစ္စာမဖောက်ခဲ့ရင် ခုလို သေမှာမဟုတ်ဘူး"

ဟု ရှိသွဲ့သွဲ့ ပြောလိုက်၏။

ရဲမက်ချောင်က ဒေါသထွက်သွား၏။ သူ၏လက်မှာ မီးစ နှင့်ထိုးထားသလို ပူလောင်နေပေသည်။ သူ၏ အမြင်အာရုံများက လည်း ဝေဝါးလာ၏။ ရင်ထဲ၌လည်း ပူလောင်နေပေသည်။

ထိုစဉ် ထန်းယန့်၏ ရယ်သံ ထွက်ပေါ်လာ၏။

"ရဲမက်ချောင် ... (၃) နာရီအတွင်း ဖြေဆေးရမှ အသက် ရှင်မယ်၊ မင်းကို လူတွေတွေ့ချိန်ကျရင် မင်းအသက်ရှိမှာ မဟုတ် တော့ဘူးကွ ... ဟား ဟား ဟား"

ရဲမက်ချောင်မှာ ထန်းယန့်၏ရယ်သံကို နားမထောင်နိုင် တော့သလို ဖြစ်လာ၏။ ခန္ဓာကိုယ်မှာလည်း ယိမ်းယိုင်လာ၏။

ဒေါသကြောင့် မြွေဆိပ်တို့က သူ့ခန္ဓာကိုယ်တစ်ခုလုံးသို့ လျင်မြန်စွာ ပြန့်နှံ့နေသည်ကို သူ မသိပါ။ ထန်းယန့်အား အစိမ်းလိုက် ဝါးစားချင်နေ၏။

ဓားကို တင်းကျပ်စွာ ဆုပ်ကိုင်ရင်း ထန်းယန့်ရှိရာသို့ မှန်း၍ လျှောက်သွားလိုက်လေသည်။ တစ်လှမ်း နှစ်လှမ်း သုံးလှမ်း ...

'ဝုန်း'

ရဲမက်ချောင်မှာ မြေပေါ်သို့ လဲကျသွားလေသည်။

ထန်းယန့်က ...



"မင်း အလောင်းကိုတွေ့ရင် မြွေကိုက်လို့သေတယ်လို့ လူ တွေထင်ကြမှာ အသေအချာပဲ"

ပြောရင်း ငွေအိတ်ကို ပြန်ပိတ်ကာ သင်္ချိုင်းတွင်းမှ ထွက် လာခဲ့လေတော့သည်။

*

နေရောင်အောက်ဝယ် လူတစ်ယောက် လျင်မြန်စွာ ပြေး လွှားလာနေ၏။ မြက်ခင်းပြင်းကိုဖြတ်ပြီး ပြေးလာရာ မကြာမီ ရွာ စည်းရိုးတစ်ခု အနီးသို့ ရောက်ရှိလာ၏။

ထိုလူက ပြေးလွှားခြင်းကို ရပ်ပြီး ခပ်မှန်မှန် လျှောက်လာ ခဲ့၏။ မကြာမီ ရွာတံခါးသို့ ရောက်လာ၏။ ထိုလူက အိတ်ကိုဆွဲရင်း ရွာလမ်းအတိုင်း မှန်မှန်လျှောက်လာခဲ့၏။

ထိုလူမှာ အခြားသူမဟုတ်ပါ။ ထန်းယန့်ပင် ဖြစ်ပါသည်။

ထန်းယန့်က အိမ်ကလေးများကို အကဲခတ်ရင်း ဆက် လျှောက်လာခဲ့၏။

မကြာမီ သူ၏မျက်လုံးများက ခြံဝင်းကလေးတစ်ခုဆီသို့ ကျရောက်သွားလေသည်။

ခြံဝင်းထဲ၌ နှင်းဆီပန်းခင်းလေးတစ်ခု ရှိ၏။ ကျားရုပ်တစ်ရုပ် ရှိသည်ကိုလည်း တွေ့ရ၏။

“ဒီအိမ်ဖြစ်မယ်ထင်တယ်၊ ကျဲ့လင်းကျီဟာ နှင်းဆီပန်းကြိုက်နှစ်သက်သလို ဂြိုဟ်ခွင်ကျားရုပ်ကိုလည်း သိပ်မြတ်နိုးတဲ့လူ ဟုတ်မှာပါ ... ဒီအိမ်ပဲ ဖြစ်ရမှာပါ”

★

‘ဒေါက် ဒေါက်’

ထန်းယန့်က တံခါးခေါက်လိုက်၏။ တစ်ခဏအကြာတွင် တံခါးပွင့်လာ၏။ ထန်းယန့်က အထဲကလူ ထွက်အလာကို မစောင့်ဘဲ အရင် တိုးဝင်လိုက်၏။

အိမ်ထဲမှလူ နောက်ဆုတ်သွားရ၏။ ထန်းယန့်က ပြုံးပြလိုက်ရင်း ...

“ကျဲ့လင်းကျီ”

အိမ်ရှင်၏ခန္ဓာကိုယ်မှာ တစ်ချက် တုန်ခါသွား၏။

“ဆ ဆရာ”

“မင်း ဘာဖြစ်လို့ ဒီလောက်ကြောက်နေတာလဲ၊ ကျုပ်က ခင်းအပေးကလာခဲ့ရတာ၊ ဒီအတိုင်း ရပ်နေရမှာလား”



“ထိုင် ထိုင်ပါ”

ထန်းယန့်က လက်ဝါးဖြန့်လိုက်၏။

“ပေးပါ”

“ဘာ ဘာလဲ ဆရာ”

ထန်းယန့်၏မျက်နှာ တင်းမာလာ၏။

“နေ့စဉ်မှတ်တမ်း”

ကျဲ့လင်းကျီ၏မျက်နှာ ဖြူရော်သွား၏။

“မ မရှိပါဘူး”

‘ဖြန်း’

ကျဲ့လင်းကျီ၏ခန္ဓာကိုယ် ဘေးဘက်သို့ စောင်းကျသွား၏။ ထန်းယန့်က အေးစက်စွာ ပြောလိုက်၏။

“ကျဲ့လင်းကျီ ... မင်း ကျုပ်အကြောင်းသိပါတယ်၊ မင်းကို ကျုပ် မရက်စက်ချင်ဘူး”

ကျဲ့လင်းကျီ ခေါင်းငုံ့သွား၏။ ထန်းယန့်က ...

“မင်းက ကွန်းလုယန်ကို ဘာကြောင့်ပေးချင်ရတာလဲ၊ ဘာကြောင့် ရန်သူကို အားပေးအားမြှောက် ပြုချင်ရတာလဲ”

ကျဲ့လင်းကျီက အံကြိတ်လိုက်၏။ ထန်းယန့်က ...

"နေ့စဉ်မှတ်တမ်းပေးပါ၊ ပြီးတာနဲ့ မင်း ဒီကနေ ဝေးရာကို ထွက်သွားပါ၊ မင်းကို ကျုပ် မသတ်ချင်ဘူး"

ကျဲ့လင်းကျီ အလျင်အမြန် တွေးတောနေ၏။ ယနေ့ ကွန်းလုယန်တို့ ရောက်လာမည်ဟု သူသိထား၏။ ထို့ကြောင့် အချိန်ဆွဲထားရန် စဉ်းစားလိုက်၏။

"ဆရာ ကျုပ်ကို တကယ်ပဲ မသတ်ဘူးလား"

ထန်းယန့်က ခေါင်းညိတ်လိုက်၏။

"မင်း ကျုပ်အပေါ် သစ္စာဖောက်တဲ့ကိစ္စကို ကျုပ် တကယ်ပဲ မေ့ပစ်လိုက်ပါ့မယ်"

ကျဲ့လင်းကျီက ...

"ဆရာ့အနေနဲ့"

ထန်းယန့်က ...

"ကျဲ့လင်းကျီ ... မင်း စကားများနေတာကို နားထောင်ဖို့ ရောက်လာတာ မဟုတ်ဘူး"

"ကျုပ် တစ်ခုတောင်းဆိုပါရစေ"

"ဘာလဲ ... ပြောပါ"

ကျဲ့လင်းကျီက အံကြိတ်လိုက်သည်။ သူက ထန်းယန့်အပေါ် မကျေနပ်မှုများ ရှိနေ၏။



သူသည် ထန်းယန့်၏ ဓားပြအဖွဲ့ဝင် ဖြစ်၏။ တိုက်ပွဲတစ်ခုတွင် ကျဲ့လင်းကျီဒဏ်ရာရလာခဲ့သည်။ လက်တစ်ဖက်က ဓားကိုင်ရန် မဖြစ်နိုင်တော့ပါ။ ထိုအခါ ထန်းယန့်က ဝေစုပင်မပေးတော့ဘဲ နှင်ထုတ်ခဲ့ပေသည်။

ထန်းယန့်သည် ငယ်သားများအပေါ်မှ ခေါင်းပုံဖြတ်ပြီး ကြီးပွား ချမ်းသာလာခဲ့၏။ ထိုအခါ ငယ်သားများနှင့် လမ်းခွဲကာ ဇာတ်မြုပ်သွားခဲ့သည်။

သို့သော် မထင်မှတ်ဘဲ ကျဲ့လင်းကျီက ထန်းယန့်အား ခြေရာခံမိသွား၏။ တစ်နေ့ ထန်းယန့်၏ဂေဟာအတွင်း အလစ်ဝင်ပြီး နေ့စဉ်မှတ်တမ်းကို ခိုးလာခဲ့၏။

သူသည် ထိုနေ့စဉ်မှတ်တမ်းကို အကြောင်းပြု၍ ထန်းယန့်အား အကျပ်ကိုင်ရန် စဉ်းစားခဲ့သည်။ သို့သော် သူတစ်ယောက်တည်း မဖြစ်နိုင်ပါ။

ထို့ကြောင့် သစ္စာရှိသောအဖော်ကိုရှာဖွေခဲ့သည်။ ထန်းယန့်အား အလွန်လုပ်ကြံလိုသော ကွန်းလုယန်နှင့် ဆုံမိပြီး ပူးပေါင်းရန် စည်းရုံးနိုင်ခဲ့သည်။

ကွန်းလုယန် ရောက်လာသည်အထိ အချိန်ဆွဲထားရန် သူ ဆုံးဖြတ်လိုက်သည်။

“ကျုပ်ဆီက နေ့စဉ်မှတ်တမ်းလိုချင်ရင် တစ်ယောက်ချင်း ယှဉ်ပြိုင်ပါ”

ထန်းယန့်မှာ ပြက်လုံးတစ်လုံးကို ကြားလိုက်ရသည့်အလား ဟက်ဟက်ပက်ပက် ရယ်မောလိုက်၏။ ကျဲ့လင်းကျိ ညာလက်၌ လက်ချောင်းကလေးများ ပြည့်ဝစုံလင်စွာ မရှိပါ။

ဓားကိုင်ရန် မည်သို့မျှ မဖြစ်နိုင်ချေ။

“မင်းက ဓားမကိုင်နိုင်ဘဲနဲ့ ကျုပ်ကိုစိန်ခေါ်နေပါလား၊ မင်း အသက်ကို မနှမြောဘူးလား”

ကျဲ့လင်းကျိက သူ၏ဓားပွဲပေါ်မှ ဓားကို ညွှန်ပြလိုက်၏။

“ဓားဆိုတာ ညာလက်နဲ့မှ ကိုင်လို့ရတဲ့ပစ္စည်းတစ်ခု မဟုတ်ပါဘူး”

“မင်းက ဘယ်လက်နဲ့ ကျင့်ထားပုံရတယ်”

“ကျုပ်ရဲ့ဘယ်လက်က ညာလက်ထက် ပိုပြီးတော့ အသုံးပြုနိုင်တယ်ဗျ”

သူသည် ပြောပြီးသည်နှင့် ဓားကိုကောက်ယူပြီး လျှပ်တစ်ပြက် တိုက်ခိုက်လိုက်လေသည်။ ထန်းယန့်က ရှောင်တိမ်းလိုက်၏။ ကျဲ့လင်းကျိက ဆက်တိုက်ပင် တိုက်ခိုက်လိုက်၏။

ထန်းယန့်က ...



“မင်းမဆိုးဘူး၊ ဒါပေမဲ့ မင်းက ကျုပ်ရဲ့ပြိုင်ဘက် မဟုတ်တာတော့ ဆိုးတယ်”

ပြောပြီး ပြန်လည်တိုက်ခိုက်လိုက်ရာ သူ၏လက်ဝါးရိပ်များသည် ကျဲ့လင်းကျိ၏ဓားကြားမှ ထိုးဖောက်ကာ ကျဲ့လင်းကျိ၏ ခန္ဓာကိုယ်အား လွှမ်းခြုံသွားလေတော့သည်။

ကျဲ့လင်းကျိမှာ ရင်ထိတ်သွား၏။ ကမန်းကတန်းပင် ဓားချက် သုံးချက်တိတိ ပစ်သွင်းလိုက်၏။

ထန်းယန့်က မရှောင်တိမ်းပါ။ တိုးဝင်လာသောဓားကို လက်ဝါးနှစ်ဖက်ဖြင့် ဆီးကြိုကာ ညှစ်ဖမ်းလိုက်လေသည်။

ကျဲ့လင်းကျိက အံကြိတ်ကာ အတွင်းအားကို စုစည်းပြီး ဓားကို ဆက်လက် ထိုးသွင်းလိုက်၏။ သို့သော် ဓားက ပြုတ်တူနှင့် ညှပ်ထားသည့်အလား ရှေ့သို့ ဆက်လက် မထိုးနိုင်ဘဲ တန့်နေ၏။

ကျဲ့လင်းကျိက ရုတ်တရက် ဓားကိုလွှတ်ပြီး လက်ဝါးဖြင့် ရိုက်ချရန် ကြံရွယ်လိုက်၏။ ထိုစဉ် ဓားရိုးတစ်လျှောက် တိုးဝင်လာသော အတွင်းအားလှိုင်းတစ်ခုက သူ၏ရင်ဝသို့ တိုးဝင်လာ၏။

ကျဲ့လင်းကျိက ထိတ်လန့်သွားပြီး ကပျာကယာ ခုခံလိုက်သော်လည်း နောက်ကျသွားလေသည်။

‘ဝုန်း’

ကျဲ့လင်းကျီ၏ခန္ဓာကိုယ်မှာ နောက်သို့ လွင့်စဉ်သွား၏။ နံရံတွင်တိုက်မိပြီး ကြမ်းပေါ်သို့ ပြုတ်ကျသွား၏။ ကျဲ့လင်းကျီ လူးလဲထလိုက်၏။

'ဝေါ့'

ပါးစပ်တွင်းမှ သွေးများ အန်ထွက်လာ၏။ ထန်းယန့်က လက်ဝါးဖြန့်လိုက်၏။

"ပေးပါ"

ကျဲ့အင်းကျီ မတတ်နိုင်တော့ပါ။

"ခင်ဗျား ကျုပ်ကို တကယ်ပဲ ချမ်းသာပေးမှာလား"

ထန်းယန့်က ခေါင်းညိတ်လိုက်၏။ ကျဲ့လင်းကျီက ...

"အံဆွဲထဲမှာ ရှိပါတယ်"

ထန်းယန့်က အံဆွဲကို ဆွဲဖွင့်လိုက်၏။ ထို့နောက် နေ့စဉ်မှတ်တမ်းနှင့် အခြားစာရွက်စာတမ်းများကို ထုတ်ယူလိုက်၏။ သူ၏ ငွေအိတ်ထဲ ထည့်လိုက်ပြီး ကျဲ့လင်းကျီထံ လျှောက်လာ၏။

"ကျဲ့လင်းကျီ ... လူတစ်ဦးဟာ သစ္စာဖောက်သွားတဲ့လူကို ချမ်းသာပေးရင် ဒီလူဟာ သူသေဖို့ ကျဆုံးဖို့အတွက် အခွင့်အရေး ဖန်တီးပေးတာနဲ့ အတူတူပဲကွ"

ကျဲ့လင်းကျီက မျက်နှာပျက်သွား၏။



"ခင် ခင်ဗျား ကတိမတည်တော့ဘူးပေါ့"

ထန်းယန့်က ရယ်မောလိုက်၏။

"သစ္စာဖောက်တွေအတွက် ကတိဆိုတာ တည်သင့်တာမှ မဟုတ်ဘဲ"

သူကပြောပြီးသည်နှင့် လက်သီးတစ်ချက် ထိုးသွင်းလိုက်၏။

'အင့်'

ကျဲ့လင်းကျီ ကြမ်းပြင်ပေါ် ပြုတ်ကျသွားလေသည်။

ထန်းယန့်က အိမ်နောက်တံခါးဖွင့်ကာ ပတ်ဝန်းကျင်အား အကဲခတ် ကြည့်လိုက်၏။ မည်သူမျှ မရှိပါ။

ထန်းယန့်က ချုံနွယ်များကြား၌ တွင်းတစ်ခုတူးပြီး ကျဲ့လင်းကျီ၏အလောင်းအား မြှုပ်နှံလိုက်သည်။ ပြီးမှ အရိပ်အခြည် ကြည့်ကာ အိမ်ထဲမှ ထွက်ခွာသွားလေတော့သည်။

★

"တောက်"

တပ်မှူးလေးလီက မကျေမနပ်နှင့် တောက်ခေါက်လိုက်

လေ၏။ ကွန်းလုယန်၏မျက်နှာမှာလည်း ဒေါသကြောင့် နီရဲသွားသည်။ တပ်မှူးလေးလီက ...

"ကျုပ်ကြောင့် သဲလွန်စတစ်ခု လွတ်သွားတာ၊ ကျုပ် မနေ့ကတည်းက ခင်ဗျားနဲ့အတူသွားဖြစ်ရင် ကျဲ့လင်းကျီ အခုလို သေရမှာ မဟုတ်ဘူး"

ကွန်းလုယန်က ...

"ကျုပ်အမှားလည်း ပါပါတယ်၊ သူ့ကိုသာ ကျုပ် ကြိုတင်ခေါ်ထားမိရင် သူ သေရမှာ မဟုတ်ဘူး"

ဟု ပြောလိုက်၏။ တပ်မှူးလေးလီက ...

"ဒီသတင်းကို လူသတ်သမား ဘယ်လိုရသွားသလဲ မသိဘူး"

ကွန်းလုယန်က ...

"ကျုပ်တို့မရောက်ခင်ကလေးတင်မှ လက်ဦးမှု ယူသွားတာက ပိုပြီး အံ့သြဖို့ ကောင်းတယ်"

"ကျုပ်တို့ဘက်က ပေါက်ကြားတယ်လို့ ခင်ဗျားက ယူဆနေသလား"

ကွန်းလုယန်က ပါးစပ်ပိတ်ထား၏။ တပ်မှူးလေးလီက ...

"ကျုပ် တတ်နိုင်သလောက် စစ်ဆေးကြည့်ပါ့မယ်"



သူသည် အခန်းထဲမှထွက်သွားပြီး ရဲမက်များအား စစ်ဆေးမေးမြန်းလိုက်လေ၏။ ထိုအခါ ရဲမက်ချောင်သည် သူတို့ဆွေးနွေးသည့် အခန်းနှင့်ကပ်လျက် အခန်းတွင်းသို့ ဝင်ခဲ့ကြောင်း အထောက်အထားများ တွေ့လိုက်ရလေ၏။

ချက်ချင်းပင် ရဲမက်ချောင်အား ခေါ်လာရန် အမိန့်ပေးလိုက်၏။ ရဲမက်ချောင်အကြောင်းကိုလည်း စစ်ဆေးမေးမြန်းလိုက်သည်။

ရဲမက်ချောင်သည် လောင်းကစားဝါသနာကြီးပြီး တစ်လတစ်လ လောင်းကစားဝိုင်းတွင် ဖြုန်းသောငွေသည် သူ၏လစာထက် လွန်စွာများပြားကြောင်း သိလိုက်ရ၏။

ရဲမက်ချောင် ငွေရနေခြင်းသည် သတင်းများရောင်းစား၍ ဖြစ်နိုင်ကြောင်း ကောင်းစွာ ရိပ်စားမိလိုက်၏။ ထိုစဉ် ရဲမက်တစ်ဦးက အပြေးအလွှား ရောက်ရှိလာ၏။

"တပ်မှူးလေး ... ရဲမက်ချောင် အရှေ့သုသာန်ထဲမှာ သေဆုံးနေတာ တွေ့ရပါတယ်"

တပ်မှူးလေးလီ၏မျက်နှာ မည်းခနဲဖြစ်သွားသည်။ ချက်ချင်း လူစုကာ အရှေ့သုသာန်သို့သွားရန် ပြင်ဆင်လိုက်လေသည်။

★

"အင်း ... ငါ့ရဲ့နေ့စဉ်မှတ်တမ်း ရေးတတ်တဲ့အကျင့်ကို ဖျောက်ဦးမှပဲ"

ထန်းယန့်က တစ်ကိုယ်တည်း ရေရွတ်လိုက်သည်။ ထို့နောက် နေ့စဉ်မှတ်တမ်းကို တစ်ချက်ကြည့်လိုက်သည်။ ထို နေ့စဉ်မှတ်တမ်းအတွင်း၌ သူ၏ ဓားပြတိုက်ခဲ့ပုံများ အပြည့်အဝ ပါရှိသည်။

တစ်ဖန် နောက်တစ်အုပ်တွင် သွေးဘီလူးနှင့် ပူးပေါင်းပုံများ၊ သူဌေးကြီး ကွန်းကျုံးအား မြို့စားရာထူးရသွားမည်စိုးရိမ်ပြီး လုပ်ကြံခဲ့ပုံများ ပါဝင်နေသည်။

ထန်းယန့်က မီးခတ်ကျောက်ကို ထုတ်ယူလိုက်သည်။

"ဒီမှတ်တမ်းတွေကို မီးရှို့ပစ်လိုက်တာ အန္တရာယ် အကင်းဆုံးပဲဖြစ်မယ်"

သူက ပြောရင်း မီးခတ်ကျောက်ကို ခြစ်လိုက်သည်။ ထိုစဉ် တံခါးခေါက်သံ ထွက်ပေါ်လာလေသည်။

'ဒေါက် ဒေါက် ဒေါက်'

ထန်းယန့်က မျက်မှောင်ကြုတ်သွားသည်။

"ဘယ်သူလဲ"

တံခါးအပြင်ဘက်မှ ရှို့ခွမ်း၏အသံ ထွက်ပေါ်လာသည်။



"အပြင်မှာ တပ်မှူးလေးလီ ရောက်နေပါတယ်၊ သခင်ကြီးကို တွေ့ခွင့်တောင်းနေတယ်"

ထန်းယန့်က မျက်မှောင်ကြုတ်သွားသည်။

"ဘာလာလုပ်တာပါလိမ့်"

သူကတွေးရင်း စဉ်းစားမရ ဖြစ်သွားသည်။

"ရှို့ခွမ်း ... တပ်မှူးလေးကို သီးသန့်အခန်းထဲ ခေါ်သွားလိုက်ပါ၊ ကျုပ်လာခဲ့မယ်"

ထန်းယန့်က မီးခတ်ကျောက်ကို ပြန်သိမ်းလိုက်သည်။ မှတ်တမ်းစာအုပ်များကိုလည်း ဗီရိုထဲသို့ ထည့်ထားလိုက်ပြီး သီးသန့်ခန်းသို့ လျှောက်လာခဲ့လေသည်။

တပ်မှူးလေးက ဂါရဝပြုလိုက်သည်။ ထန်းယန့်က ပြုံးပြလိုက်ပြီး ...

"မလာစဖူး အလာထူးပါလား ... ဘာကိစ္စများလဲ တပ်မှူးလေးလီရဲ့"

တစ်ဆက်တည်းပင် ရှို့ခွမ်းဘက်လှည့်ကာ ...

"ဝါးရွက်စိမ်းနှစ်ချို့အရက်အိုး ထုတ်စမ်း၊ တပ်မှူးလေးအတွက် မြည်းဖို့ တစ်ခုခု စီစဉ်လိုက်"

တပ်မှူးလေးလီက ဟန့်တားလိုက်၏။

"နေပါစေ … ကျုပ် ဒီကပြန်ရင် တာဝန်တွေရှိသေးလို့ စားသောက်လို့ မဖြစ်ဘူး၊ ခွင့်လွှတ်ပါ"

"အားနာစရာပဲ … နောင် အားလပ်ရက်တစ်ချိန်လောက် လာလည်ပါလို့ ဖိတ်ပါရစေ"

"ဟုတ်ကဲ့ … ကျုပ် မေးမြန်းစရာ နည်းနည်းရှိလို့ပါ"

"မေးပါ မေးပါ"

တပ်မှူးလေးလီက …

"ရဲမက်ချောင်ဟာ ဒီဂေဟာကို အဝင်အထွက်ရှိတယ်ဆိုတာ မှန်ပါသလား"

"သိပ်မှန်တာပေါ့"

တပ်မှူးလေးပင် အံ့အားသင့်သွား၏။ သူက ငြင်းဆန်မည်ဟု ထင်ထားခဲ့၏။ ထန်းယန့်က ဆက်ပြောလိုက်၏။

"ရဲမက်ချောင်သာ မကပါဘူး မြို့စောင့်ရဲမက်အားလုံး ကျုပ်ဂေဟာကို အဝင်အထွက် ရှိကြပါတယ်၊ မြို့ရဲ့ ကာကွယ်ရေးတာဝန် ထမ်းနေတဲ့ ရဲမက်တွေကို ကျုပ်က ဧည့်ခံပြုစုတတ်ပါတယ်"

တပ်မှူးလေးက သက်ပြင်းချလိုက်၏။ ထန်းယန့်သည် ပါးနပ်ပြီး စကားပြောလိမ္မာကြောင်း သိလိုက်သည်။

"အခု ရဲမက်ချောင် ကွယ်လွန်သွားပါပြီ"



ထန်းယန့် မျက်လုံးပြူးသွား၏။

"ဟင် … ဘယ်လိုဖြစ်တာလဲ၊ ဟိုတစ်နေ့က သူ့ကိုတွေ့တာ ကျန်းကျန်းမာမာပဲဗျ"

"မြွေကိုက်ခံရလို့ပါ"

"ဟင်"

ထန်းယန့်က ပို၍ အံ့ဩဟန် ပြလိုက်သည်။

"ဒါထက် ကျဲ့လင်းကျိုကိုကော သိသလား"

ထန်းယန့်က မျက်မှောင်ကြုတ်သွား၏။

"ကျုပ်အသိထဲမှာတော့ မရှိဘူးဗျ"

တပ်မှူးလေးက …

"သူဟာလည်း ရဲမက်ချောင်နဲ့ မရှေးမနှောင်းဘဲ အသတ်ခံလိုက်ရတယ်ဗျာ"

"ဟုတ်လား … တရားခံ မိပြီလား"

"စုံစမ်းနေဆဲပါ"

ထန်းယန့် မျက်နှာပျက်သွား၏။

"ကျုပ်ကလည်း ကျောချမ္မ ဓားပြမှန်း သိတော့တယ်၊ လက်စသတ်တော့ တပ်မှူးလေးက ကျုပ်ကို လာစစ်နေတာကိုး"

သူ၏မျက်နှာပေါ်တွင် ဒေါသ၏ အရိပ်အယောင်များ ပေါ်

ထွက်လာ၏။ တပ်မှူးလေးက ...

"ကျုပ်က သူဌေးကြီးကို လာစစ်ဆေးတာ မဟုတ်ပါဘူး၊ သဲလွန်စ ရလိုရငြား လာမေးတာပါ"

"ဒီလူနှစ်ဦးသေဆုံးတာ ကျုပ်နဲ့ ဘယ်လိုပတ်သက်နေလို့လဲ၊ တပ်မှူးလေး"

"မပတ်သက်ပါဘူး"

"ဒါဆို ကျုပ်ရဲ့သိက္ခာကို သက်သက်စော်ကားတာပဲ၊ ကျုပ်နာမည်ကို ဖျက်ဆီးချင်တဲ့သဘောလား တပ်မှူးလေး"

"ကျုပ် တောင်းပန်ပါတယ်၊ သဲလွန်စ ရလိုရငြား လာခဲ့တာပါ"

ထန်းယန့်က မျက်နှာထားပြင်လိုက်ပြီး ...

"ကျုပ် တောင်းပန်ပါတယ်၊ ရုတ်တရက်ဆိုတော့ ထူပူပြီး ဒေါသဖြစ်သွားလို့ပါ၊ ရဲမက်ချောင်ဟာ ကျုပ်ဂေဟာကို လာပြီး စားသောက်လေ့ရှိတာကလွဲလို့ ကျုပ် သိပ်မသိပါဘူး"

ထန်းယန့်ထံမှ မည်သို့မျှ စကားနှိုက်၍မရနိုင်ကြောင်း သဘောပေါက်လိုက်သဖြင့် တပ်မှူးလေးက နှုတ်ဆက်ပြီး ထွက်လာခဲ့လေတော့သည်။

★★★



## အခန်း (၂၄)

ရှစန်းကျင်း သတိရလာ၏။

"အား ... ကျွတ် ကျွတ်"

ညည်းညူရင်း ထလိုက်၏။ ထို့နောက် ပတ်ဝန်းကျင်အား တစ်ချက်ကြည့်လိုက်သည်။ အခန်းတစ်ခုအတွင်းသို့ ရောက်ရှိနေသည်ကို တွေ့လိုက်ရ၏။

သူ၏ခန္ဓာကိုယ်တွင် ပတ်တီးများ စည်းနှောင်ထားသည်ကို တွေ့လိုက်ရလေသည်။ ရှစန်းကျင်းမှာ ရန်သူများနှင့် ရင်ဆိုင်တိုက်ခိုက်ရင်း သတိမေ့လဲကျသွားသည်ကို အမှတ်ရလိုက်၏။

"ဟင် ... ငါ့ကို တစ်ယောက်ယောက်က ဖမ်းထားသလား"

သူ ထိတ်လန့်သွား၏။ ချက်ချင်း ခန္ဓာကိုယ်တွင် အဆိပ်ရှိမရှိ စစ်ဆေးကြည့်လိုက်သည်။

"အဆိပ်တော့မမိဘူး၊ အတွင်းအားရော ဘယ်လိုနေသလဲ"

သူက ခန္ဓာကိုယ်အတွင်း အတွင်းအားများကို စုစည်းကြည့်

လိုက်၏။ သူ၏အတွင်းအားများကလည်း ပုံမှန်ပင်။ မည်သို့မျှ ပြောင်းလဲမှုမရှိပါ။

"ဒါဆိုရင်တော့ အဖမ်းခံရတာ မဖြစ်နိုင်ဘူး၊ ငါ့ကို တစ်စုံတစ်ယောက်က ကယ်တင်လာတာ ဖြစ်နိုင်တယ်၊ ဘယ်သူများပါလိမ့်"

တွေးရင်း ခုတင်ပေါ်မှ ဆင်းလိုက်၏။ ထိုစဉ် အခန်းတံခါး ရုတ်တရက် ပွင့်သွားပြီး အခန်းထဲသို့ မိန်းမလှလေးတစ်ယောက် ဆေးပန်းကန်ကိုင်ကာ ဝင်ရောက်လာသည်ကို တွေ့လိုက်ရလေ၏။

မိန်းကလေးက ရှစန်းကျင်းအား တွေ့သောအခါ ...

"ရှင် သတိရလာပြီကိုး"

မိန်းကလေးမှာ အသက်နှစ်ဆယ်ကျော်ခန့်သာရှိ၏။ ကျစ်ဆံမြီးနှစ်ခုသာ ချထားပြီး ချစ်စရာကောင်းလှ၏။ မျက်နှာကလေးက ရှင်းသန့်နေ၏။

မိန်းကလေးက ဆေးပန်းကန်ကို စားပွဲပေါ်တင်လိုက်ပြီး...

"ကဲ ... ဆေးသောက်လိုက်ဦး၊ ရှင့်ဒဏ်ရာတွေက သိပ်သက်သာသေးတာ မဟုတ်ဘူး"

ရှစန်းကျင်းက ဘာမျှမပြောဘဲ ဆေးပန်းကန်ကိုယူသောက်လိုက်၏။ ထို့နောက် ...



"ကျုပ်ကို မင်း ကယ်တင်လာတာလား"

မိန်းကလေးက ချစ်စဖွယ် ပြုံးပြလိုက်၏။

"မဟုတ်ဘူး ... အစ်ကိုလျှန် ကယ်တင်လာတာပါ"

ရှစန်းကျင်း မျက်မှောင်ကြုတ်သွား၏။

"အစ်ကိုလျှန်ဆိုတာ ဘယ်သူလဲ"

"အခုပဲ လာပါလိမ့်မယ်"

"ကျုပ် သတိမေ့နေတာ ဘယ်လောက်ကြာသွားပြီလဲ"

"သုံးရက်၊ ရှင့်ဒဏ်ရာက သွေးထွက်လွန်သွားလို့ပါ၊ နောက်နှစ်ရက်လောက် အနားယူလိုက်ရင် အတော်ကောင်းသွားမှာပဲ"

"ကျေးဇူးတင်ပါတယ်ဗျာ"

ထိုစဉ် ခြေသံထွက်ပေါ်လာ၏။ တစ်ခဏအတွင်း တံခါးဝ၌ လူတစ်ယောက် ပေါ်ထွက်လာ၏။ ရှစန်းကျင်းက ထိုလူအား တွေ့သောအခါ မျက်လုံးအစုံမှာ ပြူးကျယ်သွားရလေသည်။

"ဟင် ... မင်း မင်း ဆင့်လျှန်"

ဆင့်လျှန်က ပြုံး၍ ခေါင်းညိတ်ပြီး အခန်းတွင်းသို့ဝင်ရောက်လာ၏။ ရှစန်းကျင်းက ...

"မင်းက ကျုပ်ကို ကယ်တင်လာတာ ဟုတ်လား"

"ဟုတ်ပါတယ် ... ခင်ဗျားနဲ့ ရန်သူတွေ တိုက်ခိုက်နေတာ

တွေ့လို့ ကျုပ် ဝင်ကယ်ခဲ့တာပါ"

ရှစန်းကျင်းက မဲ့လိုက်၏။

"ထူးဆန်းတယ်၊ မင်းက ဘာကြောင့် ကျုပ် ရန်သူကို ရှုံးခါနီး အချိန်မီ ရောက်လာတာလဲ"

မိန်းကလေးက နှုတ်ခမ်းစူသွားသည်။

"ရှင်က ကျေးဇူးမတင်တဲ့အပြင် လေသံက ကယ်တင်တာကိုပဲ မကျေနပ်သလိုပါလား"

ဆင့်လျန်က ရယ်မောလိုက်သည်။

"ခင်ဗျားက ကျုပ်ကို သံသယဝင်နေတာကိုး၊ ကျုပ်ကို အထင်မလွဲပါနဲ့ဗျာ၊ ကျုပ်က ခင်ဗျားနဲ့ လမ်းခွဲပြီး ဟောဒီ ကျုပ်ရဲ့ ချစ်သူဆီကို လာခဲ့တာပါ၊ လမ်းမှာ မတော်တဆ ကြုံတွေ့ပြီး ကယ်လိုက်ရတာဗျ"

ရှစန်းကျင်းမှာ အားနာသွားသည်။ လက်နှစ်ဖက်ကို ဆုပ်လိုက်ပြီး ...

"ကျုပ် အထင်လွဲသွားတာ တောင်းပန်ပါတယ်"

ဆင့်လျန်က ...

"ကျုပ် နားလည်ပါတယ်"

ရှစန်းကျင်းက မိန်းကလေးအား ဦးညွှတ်လိုက်သည်။



"ကျုပ် အနူးအညွတ် တောင်းပန်ပါတယ် မိန်းကလေး၊ ကျုပ်ဘဝက ဘယ်သူ့ကိုမှ မယုံကြည်ရလို့ပါ"

မိန်းကလေးက ပြုံးလိုက်သည်။

"ကိစ္စမရှိပါဘူးရှင်၊ ဒါပေမဲ့ ကျွန်မစိတ်ကျေနပ်အောင် ရှင် ဒီမှာ (၃) ရက်တိတိ နေရမယ်"

ရှစန်းကျင်းမှာ မိန်းကလေး၏စကားကြောင့် ပေါ့ပါးစွာ ရယ်မောလိုက်လေသည်။ ဆင့်လျန်က ရှစန်းကျင်းအား သူ၏ချစ်သူ မိန်းကလေးနှင့် မိတ်ဆက်ပေးလိုက်သည်။

မိန်းကလေး၏အမည်မှာ နှင်းကလေးဖြစ်၏။ နာမည်နှင့်လူ လိုက်ဖက်လှသည်ဟု ထင်မိ၏။ သူသည် ဆင့်လျန်နှင့် နှင်းကလေးတို့အား ကြည့်ရင်း ရင်ထဲ၌ ဝေဒနာတစ်ရပ်ကို ခံစားလိုက်ရလေသည်။

အတွေးများသည် အတိတ်ဆီသို့ ပျံ့လွင့်သွားလေတော့၏။

★★★

## အခန်း (၂၅)

သာယာသော နောက်တစ်နေ့ ...။

ဟုန်ပိနှင့်ရှစန်းကျင်းတို့မှာ မြို့ကလေး၏ မင်းလမ်းမအတိုင်း လျှောက်လာနေကြ၏။ သူတို့နှစ်ဦးအား ရုတ်တရက်ကြည့်လိုက်လျှင် သူဌေးသားများဟု ထင်မှတ်ရပေမည်။

ဟုန်ပိနှင့် ရှစန်းကျင်းတို့မှာ မကြာမီက ပွဲပေါက်တစ်ခု တိုးထားသည် မဟုတ်ပါလား။ အစားအသောက်ကောင်း အလွန်ခုံမင်သော ဟုန်ပိသည် ရှစန်းကျင်းကို အတင်းဆွဲယ်ကာ ဤမြို့ကလေးသို့ ရုပ်ဖျက်ပြီး လာရောက်ခဲ့ခြင်းဖြစ်ပေသည်။

မြို့ကလေးမှာ စည်ကားလှပေသည်။

ဟုန်ပိနှင့်ရှစန်းကျင်းတို့မှာ ဟိုငေးသည်ငေးနှင့် လူကြားထဲလျှောက်လာခဲ့ကြ၏။ ထိုစဉ် ရှစန်းကျင်းမှာ မိန်းကလေးတစ်ယောက်နှင့် ဝင်တိုက်သွားလေသည်။

'အွန့်'



ရှစန်းကျင်းမှာ နောက်သို့ ယိုင်လဲမလိုဖြစ်သွား၏။ ဟုန်ပိက ဒေါသထွက်သွားပြီး ...

"လူတစ်ယောက်လုံး မမြင်ဘူးလား"

ဟု အော်ငေါက်လိုက်၏။ မိန်းကလေးက မဲ့လိုက်ပြီး ...

"ရှင်တို့ကော မမြင်ဘူးလား၊ ရှင်တို့မြင်ရင် ရှင်တို့ ရှောင်သွားကြပေါ့"

ဟုန်ပိ၏မျက်နှာ ရဲသွား၏။ ရှစန်းကျင်းက ဆတ်ဆတ်ထိမခံ ပြန်ပက်လိုက်သော မိန်းကလေးကိုကြည့်ရင်း ရင်ထဲ၌ လှုပ်ရှားသွား၏။

မျက်နှာဝိုင်းဝိုင်းကလေး၊ မျက်ခုံး မျက်လုံးများက အလွန်လှ၏။ နက်မှောင်ရှည်လျားသော ဆံပင်များကို ကျစ်ဆံမြီးနှစ်ခု ခွဲ၍ ရှေ့တွင် ချထား၏။

ချောမောလှပသည်ထက် ကလေးဆန်ပြီး ချစ်စရာကောင်းသည်ဟု ဆိုခြင်းက ပိုမှန်ပေသည်။ မိန်းကလေးက ရှစန်းကျင်းအား တစ်ချက်ကြည့်လိုက်လေသည်။

ထို့နောက် ဟုန်ပိအား ပခုံးချင်းဝင်တိုက်ပြီး ထွက်သွားသည်။ ဟုန်ပိက မကျေမနပ်နှင့် တောက်ခေါက်လိုက်၏။ ရှစန်းကျင်းက မိန်းကလေးအား ကြည့်နေသည်။

မည်မျှကြာအောင် ငေးကြည့်နေမိသည် မသိပါ။ ဟုန်ပိက သူ၏ပခုံးအား ပုတ်လိုက်ပြီး ...

"ဒီလောက်ကြည့်ရရင် တော်ပြီပေါ့၊ ငါ ဗိုက်ဆာနေပြီကွ"

ထိုအခါမှ ရှစန်းကျင်း သတိပြန်ဝင်လာ၏။ မျက်နှာမှာလည်း နီရဲသွား၏။ ဟုန်ပိက ရှစန်းကျင်းအား ကြည့်ပြီး သဘောကျစွာ ရယ်မောလိုက်လေ၏။

★

ဟုန်ပိက ဗိုက်ကိုပွတ်လိုက်သည်။

"အင်း ... ခုမှပဲ နေသာထိုင်သာ ရှိသွားတော့တယ်"

စားပွဲပေါ်တွင် ပန်းကန်များ အထပ်လိုက်ရှိနေ၏။ ရှစန်းကျင်းက ...

"မင်းဟာက လူစားစားတာမှ ဟုတ်ရဲ့လားမသိဘူး"

"တစ်လကျော်ကျော် ငတ်နေသမျှ အတိုးချပြီး စားသောက်နေတာကွ"

"ကဲ ... ပြန်ကြရအောင်"

ဟုန်ပိက စားပွဲထိုးအား လှမ်းခေါ်လိုက်၏။



"ဘယ်လောက်ကျသလဲ တွက်ပါ"

စားပွဲထိုးက ...

"နှစ်ရာတစ်ဆယ့်ရှစ်ပါ"

ဟုန်ပိက အရေးမထားဟန်ဖြင့် အိတ်ထဲ လက်နှိုက်လိုက်သည်။

"ဟိုက်"

သူ၏မျက်နှာ နီရဲသွား၏။ ဟုန်ပိအားကြည့်ရင်း ရှစန်းကျင်းက မျက်မှောင်ကြုတ်လိုက်၏။

"ဟုန်ပိ ... မင်း ဘာဖြစ်သွားဟာလဲ"

"အိတ် အိတ်ထဲမှာ ငွေမရှိတော့ဘူးကွ"

"မင်း ထည့်ခဲ့ဖို့ မေ့လာတာ ဖြစ်မှာပေါ့"

ဟုန်ပိက ခေါင်းခါလိုက်၏။

"မဟုတ်ဘူး"

"နေပါစေကွာ ... ကျုပ် ရှင်းလိုက်ပါ့မယ်"

ရှစန်းကျင်းက ပြောရင်း ခါးမှအိတ်ကိုဖြုတ်လိုက်၏။ သူ၏လက်က အိတ်ကိုရှာမတွေ့ပါ။

"ဟင်"

သူ၏မျက်လုံး ပြူးကျယ်သွား၏။

"ငို့ ငါ့အိတ် မရှိတော့ဘူးကွ"

စားပွဲထိုးလေးက ...

"မင်းသားလေးတို့ ငွေမရှိဘဲနဲ့ အလကားစားလို့တော့ မဖြစ်ဘူး"

ထိုစဉ် ဆိုင်ရှင်ရောက်လာသည်။ ဟုန်ဝိက သူ၏လက်စွပ်ကို ချွတ်ပေးလိုက်၏။

"ကျုပ်တို့ငွေ ခါးပိုက်နှိုက်ခံလိုက်ရပြီ၊ ရော့ ... ဒီလက်စွပ်ယူလိုက်ပါ"

ဆိုင်ရှင်က စားပွဲထိုးဘက်လှည့်ပြီး မေးလိုက်၏။

"ဘယ်လောက်ကျသလဲ"

"နှစ်ရာတစ်ဆယ့်ရှစ်"

ဆိုင်ပိုင်ရှင်က လက်စွပ်ကို သေကြည့်လိုက်ပြီး ...

"ရပါတယ်ခင်ဗျာ ရပါတယ်"

ဟုန်ဝိက နှာခေါင်းရှုံ့ပြီး ဆိုင်ထဲမှ ထွက်လာခဲ့သည်။ ရှစန်းကျင်းက ...

"တော်တော်လျှင်တဲ့ ခါးပိုက်နှိုက်ပဲ၊ ကျုပ်တို့နှစ်ယောက်စလုံး မသိလိုက်တာ တော်တော်အံ့သြဖို့ ကောင်းတယ်"

"တော်သေးတာပေါ့ ... လက်စွပ်တွေ ဝတ်လာမိလို့"



ဟုန်ဝိက ပြောရင်းနှင့် မည်သည့်နေရာတွင် ခါးပိုက်နှိုက်ခံရသည်ကို တွေးတောလိုက်၏။

"ငါ သိပြီကွ"

"ဘာသိတာလဲ"

"ငါတို့ကို ဘယ်သူ ခါးပိုက်နှိုက်သလဲဆိုတာ"

"ပြောစမ်း ... ဘယ်သူလဲ"

"ဟို ကျစ်ဆံမြီးနဲ့ ကောင်မလေးပဲ"

ရှစန်းကျင်း တွေဝေသွား၏။

"ဟုန်ဝိ ... မင်းဥစ္စာ ဟုတ်ပါ့မလားကွ၊ မိန်းကလေးက ရိုးသားပုံရပါတယ်"

ဟုန်ဝိက နှာခေါင်းရှုံ့လိုက်၏။

"မင်းစဉ်းစားကြည့်လေ ... ငါတို့ရဲ့အိတ်ကို ကပ်မနှိုက်ဘဲနဲ့ မရဘူး၊ လူကြားထဲမှာ ဝင်တိုက်မိတာ ဒီမိန်းကလေးတစ်ယောက်ပဲ၊ သူက မင်းကို အရင်တိုက်ပြီးမှ ငါ့ကိုလည်း ပခုံးချင်းတိုက်သလိုနဲ့ နှိုက်သွားတာ"

ရှစန်းကျင်းမှာ ငိုင်ကျသွား၏။ ဟုန်ဝိက ...

"တောက်... ဒီမိန်းကလေးကို ငါလိုက်ရှာပြီး ဆုံးမမယ်"

ရှစန်းကျင်းက ဟုန်ဝိပခုံးကို ဆွဲလိုက်၏။

"နေပါစေကွာ"

ဟုန်ပိက မျက်လုံးပြူးသွားသည်။

"ဘယ်လိုဖြစ်တာလဲ"

ရှစန်းကျင်းက ပြန်မပြောဘဲ ရှေ့မှလျှောက်လာ၏။ ဟုန်ပိက ပြုံးလိုက်၏။ ရှစန်းကျင်းသည် ထိုမိန်းကလေးအား တစ်ကြိမ်တွေ့ရုံနှင့် စွဲလမ်းသွားကြောင်း သူ သိလိုက်၏။

သူက ရှစန်းကျင်းကို နောက်လိုသည့်အတွက် ...

"မင်းငွေ အဆုံးခံပေမယ့် ငါကတော့ အဆုံးမခံနိုင်ဘူး၊ ဒီကောင်မလေးကို လိုက်ရှာပြီး မျက်နှာကို ဓားနဲ့မွှမ်းပစ်ရမှ ကျေနပ်မယ်၊ မင်း မလိုက်ချင်နေ၊ ကျုပ်တစ်ယောက်တည်း သွားမယ်"

ရှစန်းကျင်းမှာ လှုပ်လှုပ်ရှားရှား ဖြစ်သွား၏။

"ဟုန်ပိ ... ဘာလုပ်မှာလဲကွာ၊ သူလည်း ဝမ်းရေးအတွက် အလုပ်လုပ်တာ ဖြစ်မှာပေါ့"

ဟုန်ပိက မဲ့လိုက်၏။

"ငါ့လက်ထဲက အနိုက်ခံရတာ ရှက်တယ်ကွ၊ ငါတော့ ဆုံးမရမှ ကျေနပ်မယ်၊ ငါ့ငွေပြန်ရမှ ကျေနပ်နိုင်မယ်ကွ"

ရှစန်းကျင်းက သက်ပြင်းချလိုက်၏။

"မင်းငွေက ဘယ်လောက်ပါသွားလို့လဲ"



ဟုန်ပိက လက်လေးချောင်း ထောင်လိုက်ပြီး ...

"လေးရာ"

"ငါ ပြန်ပေးမယ်"

ဟုန်ပိက သဘောကျစွာ ရယ်မောလိုက်၏။ ရှစန်းကျင်းမှာ ဟုန်ပိ ဘာကြောင့်ရယ်သည်ကို နားလည်သွား၏။ သူ၏မျက်နှာတစ်ခုလုံး နီရဲသွားပြီး ဟုန်ပိအား လက်သီးနှင့် ထိုးချလိုက်၏။

ဟုန်ပိက ထိုးချသော လက်သီးအားကိုယူကာ နောက်သို့ ပစ်လှဲချလိုက်လေသည်။

"အောင်မယ်လေး ... မိန်းကလေးတစ်ယောက်အတွက် ကျုပ်ကို ထိုးနေပါလား"

ရှစန်းကျင်းမှာ ဟုန်ပိအား ပြောမရကြောင်း နားလည်လိုက်သည်။ ထို့ကြောင့် သူက ရှေ့မှ အမြန်ဆုံးပြေးလွှားသွားလေတော့သည်။

★

ရှစန်းကျင်း၏ခြေလှမ်းများ တုံ့ခနဲ ရပ်သွား၏။ ရိပ်ခနဲ တွေ့လိုက်ရသော ကိုယ်ဟန် ဖြစ်သဖြင့်ကစား မှတ်မိနေပေသည်။

ကျစ်ဆံမြီးနှင့် မိန်းကလေး။

တွေ့ဆုံခဲ့သည်မှာ ၄ ရက်ကျော်ပြီဖြစ်သော်လည်း သူ တစ်နေ့မှ မေ့မရခဲ့ပါ။ ရှစန်းကျင်းသည် ချက်ချင်းပင် နောက်မှ လိုက်သွားလိုက်၏။

မကြာမီ လမ်းကြားတစ်ခုအတွင်းသို့ ရောက်ရှိသွား၏။ မိန်းကလေးက သူ့အား မတွေ့ပါ။ ပိုက်ဆံအိတ်တစ်ခုကိုဖွင့်၍ ငွေများ ရေတွက်နေ၏။

ရှစန်းကျင်းက မိန်းကလေးအနီးတွင်ရပ်ကာ မိန်းကလေး၏ လှုပ်ရှားမှုများကို ငေးကြည့်နေသည်။ ထိုစဉ် မိန်းကလေးက နောက်လှည့်လာ၏။ ရှစန်းကျင်းအား တွေ့သောအခါ ထိတ်လန့်သွား၏။

"ရှင် ရှင်"

ရှစန်းကျင်းက ပြုံးပြလိုက်၏။

"မင်း မှတ်မိသားပဲ"

မိန်းကလေးက မဲ့လိုက်၏။

"ရှင်က ကျွန်မကို ဖမ်းလို့ရမယ်များ ထင်သလား"

သူမက ပြောပြီးသည်နှင့် လျှပ်တပြက် တိုက်ခိုက်လာလေသည်။ ရှစန်းကျင်းက ရှောင်တိမ်းလိုက်၏။

"မဟုတ်သေးဘူး"



မိန်းကလေးက ဘာမျှမပြောပါ။ ဆက်တိုက်ပင် တိုက်ခိုက်လိုက်၏။ မိန်းကလေးက လေးငါးကွက်ခန့် တိုက်ခိုက်ပြီးနောက် ရှေ့သို့ လျှပ်တပြက် ကျွမ်းပစ်လိုက်၏။

"ဟေ့ … မပြေးနဲ့၊ ခဏနေဦး"

မိန်းကလေးက နားမထောင်ပါ။ လမ်းကြားထဲမှ ပြေးထွက်သွား၏။ ရှစန်းကျင်းက နောက်မှ ပြေးလိုက်လိုက်၏။ လမ်းကြားအပြင်သို့ ရောက်သောအခါ မိန်းကလေးအား မတွေ့ရတော့ပါချေ။

★

ရက်များ တဖြည်းဖြည်း ကုန်ဆုံးသွား၏။

ဆယ်ရက်ဟူသောအချိန်မှာ လျင်မြန်စွာ ကုန်ဆုံးသွားလေသည်။

ရှစန်းကျင်းမှာ အိမ်တွင် နေမရပါ။ မိန်းကလေးအား တွေ့လိုတွေ့ငြား မြို့ကလေးဘက်သို့ ထွက်လာခဲ့၏။

မြို့ထဲ မြန်မြန်ရောက်ရန် လမ်းရိုးအတိုင်း မဟုတ်ဘဲ တောလမ်းကလေးမှ ဖြတ်ကာလာခဲ့၏။

ထိုစဉ် ပြေးလွှားလာသောခြေသံများ ကြားလိုက်ရသဖြင့်

လမ်းနံဘေးရှိ သစ်ပင်ကြီးတစ်ပင်ပေါ်သို့ ခုန်တက်ကာ ပုန်းအောင်းနေလိုက်လေသည်။

မကြာမီ မိန်းကလေးတစ်ဦး ပြေးလာနေသည်ကို တွေ့ရ၏။ နောက်မှ ယောကျ်ားသုံးယောက်က လိုက်လာကြသည်။

ထိုစဉ် ပြေးလာသူသည် သူ့အနီးသို့ ရောက်လာ၏။

"ဟင်"

ရှစ်နန်းကျင်း အံ့အားသင့်သွား၏။ ရှေ့မှပြေးလာသူသည် သူ အလွန်အမင်း တွေ့ချင်နေသော မိန်းကလေးပင် မဟုတ်ပါလား။

ထိုစဉ် နောက်မှ ယောကျ်ားကြီးသုံးယောက်က မိန်းကလေးအား လိုက်မီလာကြသည်။

"ဟေ့ကောင်မလေး ... နင် ငါတို့လက်က ပြေးမလွတ်ပါဘူး"

မိန်းကလေးက မဲ့လိုက်၏။ လူတစ်ဦးက ...

"ပိုက်ဆံအိတ် ပြန်ပေးစမ်း"

"မရှိတော့ဘူး၊ လွှင့်ပစ်ခဲ့ပြီ"

ထိုလူ ဒေါသထွက်သွား၏။

"ကောင်းပြီ ... ပိုက်ဆံအိတ်ပြန်မရရင်တော့ ရတာပဲ ယူကြတာပေါ့ ... မဟုတ်ဘူးလား"



ကျန်လူနှစ်ယောက်က ရယ်မော၍ ခေါင်းညိတ်လိုက်ကြသည်။

"ရှင်တို့ မိုက်ရိုင်းလှချည်လား"

မိန်းကလေးက ဒေါသတကြီး စတင်တိုက်ခိုက်လိုက်လေ၏။ ထိုလူသုံးဦးကလည်း ခေသူများ မဟုတ်ပါ။ မိန်းကလေးအား ဝိုင်းရံကာ ပြန်လည်တိုက်ခိုက်လိုက်၏။

တစ်ကြိမ်တွင် လူတစ်ဦး၏ လက်ဝါးစောင်းက မိန်းကလေး၏ခြေထောက်ကို ခုတ်ချမိသွား၏။

"အား"

မိန်းကလေးမှာ နာကျင်စွာ အော်ဟစ်လိုက်ပြီး မြေပေါ်လဲကျသွား၏။

"ဟား ဟား ဟား"

ယောကျ်ား (၃) ဦးက သဘောကျစွာ ရယ်မောရင်း မိန်းကလေးအနီးသို့ ချဉ်းကပ်လာကြလေသည်။

မိန်းကလေး၏မျက်နှာမှာ ဖြူရော်လာ၏။ ကယ်သူဝေးသော တောအလယ်တွင် သူမ ဘဝဆုံးရတော့မည် မဟုတ်ပါလား။

ထိုစဉ် မမျှော်လင့်ဘဲ ကယ်တင်ရှင်တစ်ဦး ထွက်ပေါ်လာ၏။

"ရပ်လိုက်ကြစမ်း"

အော်ငေါက်သံနှင့်အတူ ရှစ်နန်းကျင်းက သစ်ပင်ပေါ်မှ ခုန်ဆင်းလာ၏။ မိန်းကလေးသည် ရှစ်နန်းကျင်းအား တွေ့သောအခါ မျက်လုံးများ ဝိုင်းစက်သွားလေသည်။

ရှစ်နန်းကျင်းက သူမအား မကြည့်ပါ။ ထိုလူသုံးဦး ရှေ့တွင် ရပ်လိုက်ပြီး ...

"ခင်ဗျားတို့ ဒီက အမြန်ထွက်သွားကြစမ်း"

ထိုလူသုံးယောက်က မဲ့လိုက်၏။

"မင်းနဲ့ ဘာဆိုင်လို့လဲ"

ရှစ်နန်းကျင်းမှာ နဂိုကပင် ထိုလူ (၃) ဦးက မိန်းကလေးအား စော်ကားရန် ကြံရွယ်သဖြင့် ဒေါသထွက်နေ၏။ ယခုလို ပြန်လည် ပြောဆိုလာသောအခါ လက်က လျှင်မြန်စွာ လှုပ်ရှားသွားလေသည်။

'အွန့်'

သူ၏လက်သီးမှာ လျှင်မြန်လှသောကြောင့် ထိုလူမှာ မရှောင်နိုင်ဘဲ အထိုးခံလိုက်ရပြီး နောက်သို့ ယိုင်ထွက်လဲကျသွား၏။ ကျန်လူနှစ်ယောက်က ဒေါသထွက်သွား၏။

ချက်ချင်းပင် ရှစ်နန်းကျင်းအား ဝိုင်းရံတိုက်ခိုက်လိုက်ကြလေသည်။



ရှစ်နန်းကျင်းမှာ ထိုသူတို့ထက် သိုင်းပညာမြင့်မားရုံသာမက အတွေ့အကြုံကလည်း ရင့်ကျက်သူ ဖြစ်ရာ သိုင်းကွက် (၂၀)အတွင်း ထိုလူနှစ်ဦးအား မြေပေါ်သို့ လှဲသိပ်နိုင်ခဲ့လေသည်။

ရှစ်နန်းကျင်းက လက်ကို ပွတ်သပ်ပြီး မိန်းကလေးဘက် လှည့်၍ ပြုံးပြလိုက်၏။

"ရှင် ရှင်"

ရှစ်နန်းကျင်းက ...

"ကျုပ်ကို မှတ်မိနေတဲ့အတွက် ကျေးဇူးတင်ပါတယ်"

သူသည် မိန်းကလေးအနီး ထိုင်ချလိုက်ပြီး ...

"ကျုပ်က ရှစ်နန်းကျင်းပါ၊ မိန်းကလေးနဲ့"

သူ့စကားမဆုံးမီ သူမက ပြောလိုက်၏။

"မိတ်ဆွေဖြစ်ချင်တယ် ဆိုပါတော့"

"ဟုတ်တယ် ... မင်းက သဘောတူမှာလား"

"သဘောတူမှာပေါ့၊ ရှင်က ကျွန်မရဲ့အရှက်နဲ့အသက်ကို ကာကွယ်ပေးခဲ့တဲ့ ကျေးဇူးရှင်ပဲ"

"ကျေးဇူးရှင်လို့ မပြောစမ်းပါနဲ့ဗျာ"

"ကျွန်မနာမည်ကို ရှင် မမေးတော့ဘူးလား"

"သိပ်မေးချင်တာပေါ့"

"ဒါဖြင့် မေးလေ"

ရှစန်းကျင်းက ကြောင်အမ်းအမ်း ဖြစ်သွားသည်။ သူမက ကလေးငယ်တစ်ဦးကဲ့သို့ သဘောကျစွာ ရယ်မောလိုက်ပြီးမှ ...

"ကျွန်မနာမည်က ချင်းကျဲ့ကျဲ့၊ တချို့က လိပ်ပြာလို့လည်း ခေါ်ကြတယ်"

"နာမည်နဲ့လူနဲ့ လိုက်ဖက်ပါပေတယ်၊ မင်းက လိပ်ပြာကလေးလို လှပတာကိုး"

သူမ၏မျက်နှာ ပန်းနုရောင်သန်းသွားသည်။ သူမက ရှက်ပြီး ထလိုက်ရာ ခြေနာနေသဖြင့် မဟန်နိုင်ဘဲ ပြန်လဲကျလာ၏။

ရှစန်းကျင်းမှာ စိုးရိမ်တကြီး လှမ်းဆွဲလိုက်ရာ သူမမှာ ရှစန်းကျင်း၏ ရင်ခွင်ထဲသို့ မထင်မှတ်ဘဲ ကျရောက်သွားလေသည်။

★

ရက်မှလသို့ ကူးပြောင်းသွား၏။

ရှစန်းကျင်းနှင့် ချင်းကျဲ့ကျဲ့တို့မှာလည်း တစ်စထက်တစ်စ ရင်းနှီးလာကြလေသည်။ တဖြည်းဖြည်းချင်း တစ်ယောက်အကြောင်း တစ်ယောက်သိလာသည်။



ရှစန်းကျင်းတို့၏ အဖွဲ့သားများနှင့်လည်း ရင်းနှီးလာလေသည်။ ချင်းကျဲ့ကျဲ့မှာ သိုင်းပညာမမြင့်မားသော်လည်း ခါးပိုက်နှိုက်ရာတွင်မူ အလွန်ကျွမ်းကျင်သူ ဖြစ်၏။

သူတို့အဖွဲ့သားများကလည်း ချင်းကျဲ့ကျဲ့၏အစွမ်းကို သဘောကျကြ၏။ တစ်စထက်တစ်စ ချင်းကျဲ့ကျဲ့မှာ သူတို့၏အဖွဲ့ဝင်တစ်ယောက် ဖြစ်မှန်းမသိ ဖြစ်လာခဲ့၏။

ရှစန်းကျင်းနှင့် ချင်းကျဲ့ကျဲ့တို့မှာ ဖွင့်မပြောရသေးသော်လည်း တစ်ဦး၏ရင်ထဲမှအကြောင်းကို တစ်ဦးက နားလည်နေကြ၏။

ဤသို့ နေရင်းနှင့်ပင် ...

ဘဏ္ဍာငွေများ လုယက်ရန် အကြောင်းဖန်လာလေတော့သည်။

★★★

## အခန်း (၂၆)

အခန်းထဲတွင် လူကိုးယောက်ရှိ၏။

စာကလေးနှင့် နက္ခတ်ရှစ်လုံးတို့ ဖြစ်ကြသည်။ သူတို့အားလုံး ငြိမ်သက်စွာ ထိုင်နေကြ၏။

အဟန်ကြာမှ ဟုန်ပိ၏အသံ ထွက်ပေါ်လာ၏။

"စာကလေး ... ခင်ဗျားရဲ့ဆုံးဖြတ်ချက်ကို မပြင်ငေ ... ဘူးလား"

စာကလေးက ခေါင်းညိတ်လိုက်သည်။

"ကျုပ်က အသက်ကြီးပြီလေ"

ခြသေ့ံရန်ပေလျန်က ...

"ခင်ဗျားမရှိရင် ကျုပ်တို့ ဘယ်လိုလုပ်မလဲ"

"ငါမရှိပေမယ့် ငါ့လိုလူတွေ အများကြီးပါပဲ"

ရှစန်းကျင်းက ...

"ခင်ဗျားလိုလူ များပေမယ့် ဒီလူတွေဟာ ခင်ဗျားမဟုတ်



ဘူး၊ ကျုပ်တို့နဲ့ စိတ်တူကိုယ်တူ ရှိမယ့်လူ မဟုတ်ဘူးဗျ"

လိပ်ပြာချင်းကျဲ့ကျဲ့က ...

"ဘဘ ... တကယ်ပဲ အနားယူတော့မှာလား"

စာကလေးက ...

"ဟုတ်တယ် ... ကျုပ်မသေခင် ကျန်တဲ့အချိန်တွေကို အေးအေးဆေးဆေးနဲ့ ကုန်စေချင်ပြီ၊ ကျုပ်အတွက် အတော်အသင့် စုဆောင်းမိပြီပဲ၊ မသေခင် စားသောက်လို့ လုံလောက်ပါတယ်"

အားလုံး ငေးငိုင်သွားကြ၏။ ခြသေ့ံရန်ပေလျန်က ...

"ကျုပ်တို့လောကမှာ အားလုံးဟာ တစ်ဦးအပေါ်တစ်ဦး ကောက်ကျစ်နေကြတာပဲ၊ ခင်ဗျားမရှိတော့ရင်တော့ ကျုပ်တို့လည်း အနားယူတာ ပိုကောင်းမှာပဲ"

ဝက် ချင်းကူးက ...

"အနားယူကြမယ်ဆိုရင်တော့ အားလုံး လုံလုံလောက်လောက် ရပြီးမှ အနားယူကြဖို့ ကောင်းပါတယ်"

ဟုန်ပိက ...

"ဝက်ပြောတာ မှန်တယ်၊ ကျုပ်တို့က ရတာနဲ့ သုံးပစ်လိုက်တော့ ခင်ဗျားတို့လို မစုဆောင်းမိဘူး၊ ဒါကြောင့် မြိုးမြိုးမြက်မြက် ရပြီးမှ ခွဲကြတာ ကောင်းမယ်"

ရှစန်းကျင်းက ချင်းကျဲ့ကျဲ့အား တစ်ချက်ကြည့်လိုက်ပြီး...

"ကျုပ်လည်း ဒီအလုပ်ကို စိတ်မပါတော့ဘူး၊ သာယာအေးချမ်းတဲ့ဘဝတစ်ခု ဖန်တီးချင်ပြီ"

မျောက်ကျင်းအော်က ...

"လူတိုင်း ခင်ဗျားလိုပါပဲ၊ ဒီတော့ ဒီလိုလုပ်ရင် မကောင်းဘူးလား"

အားလုံးက ကျင်းအော်အား ဝိုင်းကြည့်လိုက်၏။

"ဘယ်လိုလုပ်ရမှာလဲ"

"ကျုပ်တို့ နောက်ဆုံးတစ်ကြိမ် လှုပ်ရှားကြမယ်၊ မြိုးမြိုးမြက်မြက် ရအောင် ကြံစည်မယ်၊ ပြီးရင် ကျုပ်တို့ဘဝသစ်တွေမှာ အသင့်နေလိုက်ကြရုံပေါ့"

အားလုံးက ခေါင်းညိတ်လိုက်၏။

"ကောင်းတယ်"

"ကျုပ်လည်းကျေနပ်တယ်"

ခြသေ့်ရန်ပေလျှန်က ...

"ဒါဟာ တကယ်နောက်ဆုံးနော်"

မြွေ ချူကျောင်းက ...

"နောက်ဆုံးအကြိမ်ဖြစ်တဲ့အတွက် ကျုပ်တို့အလုပ်ဟာ



အလွန်ကြီးကျယ်ရလိမ့်မယ်"

ဟုန်ဝိက စာကလေးဘက်သို့ လှည့်လိုက်၏။

"စာကလေး ... ခင်ဗျားလည်း ဒီတစ်ကြိမ်တော့ ကျုပ်တို့ကို အကူအညီပေးပါဦး"

စာကလေးက ခေါင်းညိတ်လိုက်၏။ သူသည် နက္ခတ် (၈) လုံးနှင့်တွဲပြီးမှ ချမ်းသာကြွယ်ဝလာသည် မဟုတ်ပါလား။

"ကောင်းပြီလေ ... ကျုပ်သဘောတူပါတယ်၊ ဘယ်အလုပ်လုပ်မှာလဲ"

လှျူဝေကျိက ...

"တစ်ချိုကောင်းဆိုတော့ အချိန်ယူလေ့လာပြီးမှ စီစဉ်ကြတာပေါ့၊ သေချာကဲ့အလုပ်ဖြစ်မှပဲ ကောင်းတယ်"

စာကလေးက ...

"ဒါဆို မင်းတို့အားလုံး လေ့လာကြပါ၊ တစ်ဦးစီလေ့လာခဲ့သမျှအထဲက အကောင်းဆုံးတစ်ခုကို ရွေးကြတာပေါ့"

★

နောက်တစ်လအကြာ ...

တွေ့ဆုံနေကျအခန်းတွင်းသို့ တစ်ယောက်ပြီးတစ်ယောက် ရောက်ရှိလာကြ၏။

သူတို့သည် မိမိတို့ စဉ်းစားရမိသမျှ ပြောပြကြရာ နောက်ဆုံးတွင် မျောက်ကျင်းအော်၏အကြံဉာဏ်ကို အားလုံးက စိတ်ဝင်စားသွားကြသည်။

အန္တရာယ်များသော်လည်း ဘဝသစ်တစ်ခု တည်ဆောက်ရန် ပြည့်စုံလုံလောက်နိုင်သည်။ မျောက်ကျင်းအော်၏ အကြံဉာဏ်ကား ဘဏ္ဍာငွေလုယက်ရန် ဖြစ်သည်။

"ယူနန်နယ်စားဟာ အမြဲတမ်း အစောင့်စစ်သည် (၃၀)နဲ့ ဘဏ္ဍာငွေတွေ ပို့လေ့ရှိပါတယ်၊ ဘဏ္ဍာငွေဆိုတော့ လုယက်ဖို့ သိပ်စိတ်မကူးကြဘူး၊ ဒါပေမဲ့ ဒီဘဏ္ဍာငွေတွေက နေပြည်တော်ကို ပို့တာဆိုတော့ ဘာအမှတ်အသားမှ မရှိဘူး"

ရှစန်းကျင်းက ...

"ဘဏ္ဍာငွေဆိုတော့ ထုခွဲဖို့ ပြဿနာရှိတယ်"

"အမှတ်အသားမရှိဘူးဆိုတော့ ပြဿနာ သိပ်မရှိလှဘူး၊ လုယက်ပြီးရင်တော့ အားလုံး ခြေရာဖျောက်နေရလိမ့်မယ်"

"ဘာဖြစ်လို့လဲ"

စာကလေးက ...



"ဘဏ္ဍာငွေတွေပါသွားတာကို နေပြည်တော်က လက်ပိုက်ကြည့်နေမယ် ထင်သလား"

ဝက် ချင်းကူးက ပါးစပ်ပိတ်သွား၏။ စာကလေးက ဆက်ပြောသည်။

"အနည်းဆုံး တစ်နှစ်ယောက် ခြေရာဖျောက်ရမယ်"

ရှစန်းကျင်းက ...

"ခြေရာဖျောက်နေစဉ်ကာလအတွင်း ဘဏ္ဍာငွေတွေ ဘယ်လို လုပ်ကြမလဲ"

စာကလေးက ...

"ဝှက်ထားရမယ်၊ အခြေအနေ အေးချမ်းတော့မှ ခွဲဝေယူကြရမယ်"

ဟုန်ပိက ခေါင်းညိတ်လိုက်၏။

"ကောင်းပြီ ... ဘယ်မှာ ဝှက်ကြမလဲ"

စာကလေးက ...

"မင်းတို့ရန်ပုံငွေစုတဲ့ လျှို့ဝှက်နေရာပဲပေါ့"

အားလုံးက ထိုနေရာအား သတိရသွား၏။

ထိုနေရာသည် ...

အလွန်လျှို့ဝှက်သော နေရာတစ်ခုဖြစ်၏။

သဘာဝလိုဏ်ဂူတစ်ခုအား ယန္တရားပညာရှင်တစ်ဦး၏ အကူအညီဖြင့် ဆောက်လုပ်ခဲ့ခြင်း ဖြစ်၏။

ထိုအကြံကို စိတ်ကူးရသူမှာ ချင်းကျဲ့ကျဲ့ဖြစ်၏။

နက္ခတ်ရှစ်လုံးထဲမှ တစ်စုံတစ်ယောက် ဒုက္ခတွေ့သည့်အခါ နွမ်းပါးသွားသည့်အခါများတွင် ရန်ပုံငွေမှ ထုတ်ယူသုံးစွဲရန်ပင် ဖြစ်သည်။

သို့သော် တစ်ဦးကိုတစ်ဦး သိပ်စိတ်မချပါ။ ရန်ပုံငွေ နည်းသေးသည့်အခါ ပြဿနာမရှိသော်လည်း များလာသည့်အခါ မက်မောပြီး အပိုင်စီးသွားနိုင်၏။

ထို့ကြောင့် ရန်ပုံငွေများထားရန် လျှို့ဝှက်ဂူတစ်ခု ရှာဖွေကာ ယန္တရားများ တပ်ဆင်ခဲ့သည်။ ထိုဂူတွင် တံခါးရှစ်ခုရှိပြီး သော့ချောက်ရှစ်မျိုး တပ်ဆင်ထား၏။

တံခါးများကား ခိုင်ခံ့သည်။ သော့ရှစ်ချောင်းစုံမှ ဖွင့်နိုင်၏။ သော့မဖွင့်ဘဲ တံခါးကိုဖျက်ဆီးပါက လိုဏ်ဂူလမ်းကြောင်း ပြိုကျပိတ်ဆို့သွားရန် စီမံထားသည်။

ထို့ကြောင့် လုယက်လာသော ဘဏ္ဍာငွေကို အဆိုပါလိုဏ်ဂူ၌ သိမ်းဆည်းသိုဝှက်ထားရန် အားလုံးက သဘောတူကြလေသည်။

★



စာကလေး၏အစီအမံဖြင့် ရှစန်းကျင်းတို့သည် ဘဏ္ဍာငွေများကို အောင်မြင်စွာ လုယက်နိုင်ခဲ့ကြပြီဖြစ်သည်။

ဟုန်ပိက နောက်ဆုံးတံခါးကို သော့ပိတ်လိုက်၏။

အားလုံး ကျေနပ်စွာ ပြုံးလိုက်ကြသည်။

ဘဏ္ဍာငွေများ လုံခြုံသောနေရာသို့ ရောက်သွားပြီ မဟုတ်ပါလား။

ရှစန်းကျင်းက မြင်းလှည်းမှမြင်းများကို ဖြုတ်လိုက်ပြီး လှည်းကို ချောက်ထဲတွန်းချကာ ရှင်းပစ်လိုက်၏။

ထို့နောက် လျှို့ဝှက်ဂူမှ ပြန်လည် ထွက်ခွာလာကြ၏။

ထိုအခိုက်မှာပင် မိုးပြို့မတတ် မြင်းခွာသံများကို ကြားလိုက်ရလေသည်။ အားလုံး မျက်နှာပျက်သွားကြ၏။

ဟုန်ပိ ထိတ်လန့်သွားကာ ...

"ဘယ်လိုလုပ်ကြမလဲ"

ရှစန်းကျင်းက ...

"ခင်ဗျားတို့အားလုံး ပုန်းနေကြ၊ ကျုပ် ရန်သူကို မျှားခေါ်သွားမယ်၊ အခြေအနေကောင်းရင် လစ်ကြပေတော့"

ချင်းကဲ့ကဲ့က ...

"အစ်ကိုတစ်ယောက်တည်း ဖြစ်မလား"

ရှစန်းကျင်းက ...

"ကျုပ်ပြောသလိုသာ လုပ်ပါ"

သူက ချက်ချင်းပင် မြင်း (၃) ကောင်၏အမြီးတွင် သစ်ကိုင်းများကို ချည်နှောင်လိုက်၏။ ထို့နောက် သူက မြင်းတစ်ကောင်နှင့်တစ်ကောင် တွဲချည်လိုက်၏။

အလယ်ခြမ်းတွင် တက်ထိုင်ကာ အသားကျ စီးနင်းသွားလေသည်။ သစ်ကိုင်း သစ်ခက်များကြောင့် မြင်းပြေးရာတွင် ဖုန်များတလိပ်လိပ် တက်သွားကြလေတော့သည်။ တစ်ခဏအကြာတွင် ...

"လိုက်ဟေ့ လိုက်ဟ ... မလွတ်စေနဲ့"

ကြွေးကြော်သံပေးပြီး ရဲမက်များက ရှစန်းကျင်းနောက်သို့ လိုက်ပါသွားကြလေတော့သည်။

★

ရှစန်းကျင်းမှာ သူ့နောက်မှရဲမက်များ လိုက်လာသည်ကိုတွေ့မြင်လိုက်၏။



သူက ဖုန်လုံးများ ဖန်တီးပြီး ရှေ့မှ အယောင်ပြ ပြေးနေ၏။ အချိန်အတော်ကြာသောအခါ ...

"အင်း ... ဒီလောက်ဆိုရင် အားလုံးပြေးဖို့ အချိန်ရသွားပြီ၊ ငါလည်းပြေးမှ"

သူက ဆုံးဖြတ်လိုက်ပြီး မြင်းများကို ဖြုတ်၍လွှတ်လိုက်၏။ သူက မြင်းတစ်ကောင်ကိုစီးကာ ဒုန်းစိုင်းနှင်လိုက်၏။

သို့သော် သူ နောက်ကျသွားချေပြီ။

လမ်းတိုင်းတွင် ရဲမက်များက နေရာယူပိတ်ဆို့ထားလိုက်ကြပြီ ဖြစ်ပါသည်။

ရှစန်းကျင်းက သက်ပြင်းချလိုက်၏။

အတင်း ဖောက်ထွက်ရန် စဉ်းစားလိုက်စဉ် မြားတစ်စင်းက သူ၏မြင်းကို ထိမှန်သွား၏။

မြင်းမှာ ခွေခေါက်လဲကျသွားသလို ရှစန်းကျင်းမှာလည်း မြေပေါ်သို့ ပြုတ်ကျသွား၏။

သူ ပြန်ထချိန်ဝယ် ရဲမက်များက သူ့အား အထပ်ထပ် ဝိုင်းရံလိုက်ကြပြီ ဖြစ်တော့သည်။

★★★

## အခန်း (၂၇)

ရှစန်းကျင်း အိပ်ရာမှနိုးလာသောအခါ နေအတော်မြင့်နေပြီဖြစ်သည်။ ညက အတိတ်အကြောင်း ပြန်လည်တွေးတောနေသည့်အတွက် ညဥ့်နက်မှပင် အိပ်ပျော်သွားခဲ့၏။

ရှစန်းကျင်း အိပ်ရာမှ နိုးပြီးမကြာမီ ဆင့်လျန် ရောက်ရှိလာသည်။

"ကဲ ... ကျုပ်တို့သွားကြရအောင်၊ နှင်းကလေးနဲ့ သူ့မိဘတွေ နှုတ်ဆက်ဖို့ စောင့်နေကြတယ်"

ရှစန်းကျင်းသည် ဆင့်လျန်နှင့်အတူ နှင်းကလေးနှင့် နှင်းကလေး၏မိဘများကို နှုတ်ဆက်ပြီး ထွက်ခွာလာကြလေသည်။ လမ်းရောက်မှ ဆင့်လျန်က ...

"ခင်ဗျား ဘယ်သွားမလဲ"

ဟုမေး၏။

ရှစန်းကျင်း တစ်ချက်တွေသွားသည်။ ဆင့်လျန်သည် သူ့



အား (၂) ကြိမ်တိတိ ကယ်တင်ခဲ့သူဖြစ်၏။ မိမိအပေါ် အကောက်ကြံမည့် အရိပ်အယောင်လည်း မတွေ့ရပါ။

ထို့ကြောင့် အမှန်အတိုင်း ပြောပြလိုက်၏။

"ပန်ယကို သွားရှာမလို့"

"သူဟာ ကြေးစားဓားသမားတစ်ဦးပဲ၊ သူ့ကို ရရင် သွေးဘီလူးကို သိရပြီ"

"ကျုပ်လည်း လိုက်လို့ရမလား"

ရှစန်းကျင်းက ဤတစ်ကြိမ်တွင် လိုလိုလားလားပင် ခေါင်းညိတ်လိုက်၏။ သို့သော် နှင်းကလေးအား သတိရသွားသဖြင့် ...

"ခင်ဗျားမလိုက်တာ ကောင်းပါတယ်ဗျာ"

ဆင့်လျန် မျက်မှောင်ကြုတ်လိုက်ပြီး ...

"ဘာဖြစ်လို့လဲ"

"ကျုပ်ရဲ့ခရီးဟာ အန္တရာယ်ခရီးမို့ပါ"

ဆင့်လျန်က မဲ့လိုက်ပြီး ...

"ခင်ဗျားတို့ရဲ့ငွေတွေကို စိတ်မချလို့ မဟုတ်လား"

"ခင်ဗျား အထင်မှားတာပဲ၊ ကျုပ် ဒီငွေတွေကို လုံးဝ မမက်တော့ပါဘူး"

"ဒါဆို ခင်ဗျားသော့ကို ပေးပစ်လိုက်ပေါ့ဗျာ"

"ကျုပ် မပေးနိုင်ဘူး၊ အားလုံးရဲ့အသက်တွေအတွက် အကြွေးပြန်ဆပ်ရမယ်၊ ဒါကြောင့်ပဲ"

ဆင့်လျှန်က ပြုံးလိုက်၏။

"ခင်ဗျားတစ်ယောက်တည်းနဲ့ ဖြစ်မလား"

"သူတို့ ကျုပ်ကိုသတ်လိုက်ရင် လိုချင်တဲ့သော့ ဘယ်အချိန်မှ ရမှာမဟုတ်တော့ဘူး၊ ခင်ဗျားက ဘာမှမဆိုင်ဘဲ အသက်မစွန့်ချင်ပါနဲ့၊ နှင်းကလေးအတွက် ခင်ဗျား အသက်ရှင်သန်နေရမယ်"

"ကျုပ်မကြောက်တတ်ပါဘူး၊ တစ်ခု ကျုပ်ပြောမယ် ... ကျုပ်တို့ (၂) ဦးသာ ပူးပေါင်းရင် ဘယ်ရန်သူကိုမှ ကြောက်စရာလိုမယ် မထင်ဘူး"

ဆင့်လျှန်၏စကားကြောင့် ရှစန်းကျင်းမှာ ငိုင်ကျသွား၏။ ဆင့်လျှန်ပြောသည်မှာ မှန်သည်ဟု သူသိနေသောကြောင့် ဖြစ်ပါသည်။

"တွေဝေမနေပါနဲ့၊ ကျုပ်တို့ အတူလက်တွဲပြီး ရန်သူတွေကို ဖော်ထုတ်ကြရအောင်ဗျာ"

*



ငွေပျံလွှားစားသောက်ဆိုင် ...။

ဆိုင်းဘုတ်မှာ ကြီးမားသလို ဆိုင်ကလည်း ကြီးမား၏။ ဤနယ်တစ်ဝိုက်တွင် ငွေပျံလွှား စားသောက် ဆိုင်ကို မသိသည့်ဆိုင်ဟူ၍ တစ်ဆိုင်မှမရှိပါ။

ရှစန်းကျင်းနှင့်ဆင့်လျှန်တို့မှာ ငွေပျံလွှားစားသောက်ဆိုင်သို့ ရောက်ရှိလာကြ၏။ သူတို့ရောက်ရှိလာချိန်မှာ ညစာစားချိန်ဖြစ်သောကြောင့် ဆိုင်တွင်း၌ လူများ ပြည့်လျှံနေ၏။

စားပွဲတိုင်းလိုလိုပင် လူပြည့်နေလေသည်။ ထိုစဉ် စားပွဲထိုးလေးတစ်ယောက် ရောက်ရှိလာပြီး ...

"သခင်လေးတို့ အပေါ်ထပ် သီးသန့်ခန်းကို ကြွပါလား"

ဟု သွက်လက်စွာ ဆီးကြိုရင်း သီးသန့်ခန်းသို့ လိုက်ပို့လေသည်။ ဆင့်လျှန်က စားသောက်ဖွယ်ရာများ မှာကြားလိုက်ပြီးမှ ...

"ညီလေး ... ဒီမှာ ခါးကုန်းကြီးဆိုတာ သိသလား"

ဟုမေး၏။ စားပွဲထိုးကလေးက ခေါင်းညိတ်လိုက်သည်။

"သိပါတယ် ... သူက ဒီဆိုင်ရဲ့ဖောက်သည်ပဲ၊ သီးသန့်ခန်း အမှတ် (၇) မှာ အမြဲစားသောက်တတ်တယ်၊ အခုတော့ မလာသေးဘူး၊ သူက နည်းနည်းနောက်ကျတယ်"

ဆင့်လျှန်က ပြုံး၍ ငွေတုံးကလေးတစ်တုံး ဆုချလိုက်၏။

ထို့နောက် သူတို့က စားသောက်ရင်း အခန်း (၇) အား မသိမသာ အကဲခတ်ကြည့်နေလိုက်လေသည်။

အချိန်အတော်ကြာသွားသောအခါ လူတစ်ယောက် အခန်းအမှတ် (၇) အတွင်းသို့ ဝင်ရောက်သွားသည်ကို တွေ့လိုက်ရ၏။ ထိုလူ၏ကျောတွင် ဖုကြီးတစ်လုံးရှိရာ လူမှာ ခါးကုန်းနေသလို တွေ့မြင်လိုက်ရလေသည်။

ဆင့်လျှန်နှင့် ရှစန်းကျင်းတို့က တစ်ယောက်မျက်နှာတစ်ယောက် ကြည့်လိုက်ကြ၏။ ထို့နောက် အခြေအနေကို တစ်ချက်အကဲခတ်လိုက်ပြီး အခန်းအမှတ် (၇) ထံသို့ လှမ်းဝင်လိုက်ကြလေသည်။

ခါးကုန်းကြီးက ရှစန်းကျင်းနှင့် ဆင့်လျှန်တို့ ရုတ်တရက်ရောက်ရှိလာသည်ကို တွေ့သောအခါ မျက်မှောင်ကြုတ်သွားသည်။ ရှစန်းကျင်းက ခုံတွင် ဝင်ထိုင်လိုက်ပြီး စာရွက်တစ်ရွက်ကို ခါးကုန်းကြီး ရှေ့သို့ ပို့လိုက်၏။ ခါးကုန်းကြီးက စာကိုဖတ်လိုက်သည်။

"ပန်ယ"

ရှစန်းကျင်းက ပြောလိုက်သည်။

"ကျုပ်တို့ သူ့ကိုအလိုရှိတယ်"

"တုယန်ကို ငှားပါလား၊ သူလည်း စိတ်ချရပါတယ်"



ရှစန်းကျင်းက ခေါင်းခါလိုက်သည်။

"ပန်ယနဲ့မှ ဖြစ်မယ်"

"ပန်ယမရှိဘူး၊ သူ အနားယူသွားတာ အတော်ကြာပြီ"

ရှစန်းကျင်းမှာ စိတ်ပျက်သွား၏။ သူ၏အမူအရာကြောင့် ခါးကုန်းကြီးက ...

"ကျုပ်ပြောတဲ့ တုယန်ကို ငှားလိုက်ပါ၊ ပန်ယထက် ဈေးသက်သာပြီး ပန်ယလိုပဲ တိကျပါတယ်"

"ကျုပ်တို့က ပန်ယကိုပဲ အလိုရှိတာ"

"ဝမ်းနည်းပါတယ်၊ ကျုပ် ဘာမှ ကူညီနိုင်မှာ မဟုတ်ပါဘူး"

ရှစန်းကျင်းက အိတ်ထဲ သက်နှိုက်လိုက်သည်။ ပြန်ထုတ်ယူလိုက်သောအခါ ငွေရွက်နှစ်ရွက် ပါလာသည်။ ခါးကုန်းကြီးရှေ့သို့ ချပေးလိုက်ရင်း ...

"သူ့ကိုရမှဖြစ်မယ်"

"သူ အလုပ်လက်မခံတော့ဘူးဗျ"

"သူနဲ့တွေ့ရင် ဖျောင်းဖျလို့ ရနိုင်ပါတယ်၊ သူ့နေရာသာ ပြောလိုက်ပါ"

"နေရာအတိအကျ မမှတ်မိဘူး"

ရှစန်းကျင်းက နောက်ထပ် ငွေရွက်နှစ်ရွက် ချပေးလိုက်ပြီး

"သူ့နေရာသိရရင် ဒါဟာ ခင်ဗျားအပိုင်ပါပဲ"

ခါးကုန်းကြီး၏မျက်လုံးများ လောဘကြောင့် ဝင်းလက်သွား၏။ အတန်ကြာမှ ...

"ယီကျန်းမြို့ ဝတ်မှုန်တည်းခိုခန်းမှာ"

★

ဝတ်မှုန်တည်းခိုခန်း ...။

တည်းခိုခန်းများအနက် အတော်သေးငယ်သော တည်းခိုခန်းတစ်ခု ဖြစ်ပေသည်။ အခန်း (၁၂) ခုသာ ရှိပေသည်။

ရှစန်းကျင်းတို့ရောက်သောအခါ တည်းခိုခန်းတွင် အခန်းလွတ် (၁၀) ခန်းတိတိ ရှိနေ၏။ သူတို့နှစ်ဦးက တစ်ယောက်တစ်ခန်း ငှားရမ်းကာ တည်းခိုလိုက်ကြလေသည်။

သူတို့နှစ်ဦးက အရင်ငှားရမ်းထားသော အခန်းနှစ်ခုကို မသိမသာ အကဲခတ်နေကြ၏။ အခန်း (၁)တွင် ရှိသူသည် အသက် (၆၀) ခန့် အဘိုးအိုတစ်ယောက် ဖြစ်ပေသည်။

အခန်း (၃) တွင်ရှိသူသည် ထို အသက်အရွယ်ခန့်ပင် ဖြစ်ပါသည်။ ရှစန်းကျင်းက ...



"ဆင့်လျန် ... ဒီအဘိုးကြီးနှစ်ယောက်အနက် မင်း ဘယ်သူ့ကို သံသယရှိသလဲ"

ဆင့်လျန်က တစ်ချက်စဉ်းစားလိုက်၏။

"အရွေးရ အတော်ကျပ်တာပဲ"

ရှစန်းကျင်းက ...

"ကျုပ်က အခန်း (၁) က အဘိုးအိုကို ပိုပြီး သံသယရှိတယ်၊ သူ့ရဲ့သွားလာဟန်က သိုင်းလောကသားတစ်ယောက်ရဲ့ ဟန်မျိုးပဲ"

ဆင့်လျန်က ခေါင်းညိတ်လိုက်၏။

"ကျုပ်တို့ အခြေအနေကို စောင့်ကြည့်ကြသေးတာပေါ့"

★

ပန်ယမှာ ရင်ထဲ၌ ထိတ်ခနဲဖြစ်သွား၏။ သူ့အား စောင့်ကြည့်နေသူ တစ်စုံတစ်ယောက် ရှိနေပြီဟု အလိုလို ခံစားလိုက်ရလေသည်။

သူ မသိမသာအကဲခတ်လိုက်၏။ စာပေသမားနှစ်ယောက်က သူ့အား မသိမသာ အကဲခတ်နေကြသည်ကို တွေ့လိုက်ရလေသည်။

"ဘယ်သူတွေလဲ ကျုပ်ကိုစောင့်ကြည့်နေတာ ... တွေ့ကြသေးတာပေါ့"

ပန်ယက ညဝတ်စုံကို လဲလှယ်ဝတ်ဆင်လိုက်၏။ ထို့နောက် အခန်းထဲမှ တိတ်တဆိတ် ထွက်လာခဲ့လေတော့၏။

★

'ဒေါင် ဒေါင် ဒေါင်'

သံချောင်းခေါက်သံ တစ်ဆယ့်နှစ်ချက်တိတိ ထွက်ပေါ်လာသည်။ ရှစန်းကျင်း၏ အခန်းပြတင်းပေါက် ရုတ်တရက်ပွင့်လာပြီး လူရိပ်တစ်ခု ခုန်ဝင်လာ၏။

တစ်ဆက်တည်းပင် ဓားပျံလေးငါးချောင်းက ခုတင်ပေါ်အိပ်နေသူထံ စိုက်ဝင်သွားလေသည်။

'ဒုတ် ဒုတ်'

အိပ်နေသူထံမှ ညည်းညူသံပင် မထွက်လာပါ။ ပန်ယမျက်မှောင်ကြုတ်သွား၏။ ထိုစဉ် ရယ်မောသံ ထွက်ပေါ်လာ၏။ သူက မော့ကြည့်ရာ ထုပ်တန်းပေါ်တွင် စာပေသမားတစ်ဦးကို တွေ့လိုက်ရသည်။



နောက် ရယ်သံတစ်သံက သူဝင်လာရာ ပြတင်းပေါက်မှ ဖြစ်၏။ သူလှည့်ကြည့်လိုက်ရာ စာပေသမားတစ်ယောက်က ပြတင်းပေါက်ပေါင်တွင် ထိုင်နေသည်ကို တွေ့လိုက်ရလေသည်။

ပန်ယက ဓားကို ဆွဲထုတ်လိုက်၏။ ထို့နောက် သူ၏ခန္ဓာကိုယ်က အပေါ်သို့ လျှပ်တစ်ပြက် တက်လာပြီး ထုပ်တန်းပေါ်မှ လူအား ဓား (၃) ချက်တိတိ ခုတ်ချလိုက်လေသည်။

စာပေသမားက ပန်ယ၏ဓားချက်များကို လှပစွာ ရှောင်တိမ်းပြီး လက်ဝါးတစ်ချက် ရိုက်ထုတ်လိုက်၏။ ပန်ယမှာ အောက်သို့ ပြန်လည်ခုန်ဆင်းလိုက်ရပေသည်။

အောက်သို့ရောက်သည်နှင့် ဒုတိယစာပေသမားက ဆီးကြို၍ တိုက်ခိုက်လိုက်၏။ ပန်ယက လက်ပြန်ဓားချက်ဖြင့် ခုခံပေးလိုက်၏။

ထိုစဉ် ပထမစာပေသမားက ထုပ်တန်းပေါ်မှ ပေါ့ပါးစွာ ခုန်ချလာလေသည်။ အောက်ရောက်သည်နှင့် ပန်ယထံ ခုန်ပျံကာ ဝင်ရောက်တိုက်ခိုက်လိုက်၏။

ထိုစဉ် ဒုတိယစာပေသမားက ကြမ်းပေါ် လှိမ့်ချလိုက်ပြီး ပန်ယ၏ ဒူးခေါင်းနှစ်ဖက်ကို လက်သီးဖြင့် ထိုးချလိုက်၏။

ပန်ယက ထိတ်လန့်သွားပြီး ဓားကို အောက်သို့ ဝှေ့ယမ်း

ကာကွယ်မည်အပြု ပထမစာပေသမား၏ဓားက သူ၏ရင်ဝသို့ တိုးဝင်လာလေသည်။

ပန်ယက ဓားကိုသာ ဦးစားပေး ကာကွယ်လိုက်ရစဉ် သူ၏ဒူးခေါင်းတစ်ခုလုံး ထုံကျဉ်သွား၏။ လူမှာလည်း မဟန်နိုင်တော့ဘဲ ကြမ်းပေါ်သို့ လဲကျသွားလေတော့သည်။

ပန်ယက အံကြိတ်လိုက်၏။

"ရှစန်းကျင်း ... မင်းတို့က နှစ်ယောက်တစ်ယောက်မို့သာ ကျုပ်ကိုနိုင်တာပါ"

ဟု ခံပြင်းစွာ ပြောလိုက်၏။ ရှစန်းကျင်း အံ့သြသွားသည်။ သူသည် စာပေသမားဟန် ဝတ်ဆင်ရုပ်ဖျက်ထားသော်လည်း ပန်ယက သိသွားသည် မဟုတ်ပါလော။

ရှစန်းကျင်းက မျက်နှာဖုံးများ ချွတ်လိုက်၏။ ထို့နောက် ပန်ယအား စေ့စေ့ကြည့်လိုက်၏။

"မင်းကြောင့် ကျုပ်တို့ နက္ခတ်ရှစ်လုံးက လူတွေ သေဆုံးခဲ့ရတာ မနည်းတော့ဘူး ဒီတစ်ခါတော့ မင်းအလှည့်ပဲ"

ပန်ယက မထီလေးစားဟန်ဖြင့် ...

"ခင်ဗျား ကြိုက်တဲ့အချိန် သတ်ပစ်လိုက်ပါ၊ ကျုပ်က ကြောက်တတ်တဲ့လူစား မဟုတ်ဘူး"



"မင်းလိုလူမျိုးကို သတ်မယ့်အစား လက်တစ်ဖက်၊ ခြေတစ်ဖက် ဖြတ်ပြီးမှ စီးမင်းအကျဉ်းထောင်ထဲ ပို့လိုက်တာက ပိုကောင်းလိမ့်မယ်"

ပန်ယက ရယ်မောလိုက်၏။

"ကျုပ်ကို အသေမသတ်ရင် မင်း မှားသွားလိမ့်မယ်၊ ကျုပ်က အခွင့်အရေးရတာနဲ့ မင်းကို အသေသတ်မှာပဲ"

"လောလောဆယ်တော့ မင်းကို နှိပ်စက်ရဦးမယ်"

ဓားသည် ပန်ယ၏နားရွက်အနီး ရောက်ရှိလာ၏။

"ကျုပ်ဟာ ဝံပုလွေလို ကောက်ကျစ်ရုံမကဘူး ရက်စက်ကြမ်းကြုတ်တဲ့အလုပ်တွေလည်း ကျွမ်းကျင်တယ်၊ ဒီတော့ မင်းကို နှိပ်စက်ပြီး မေးရမှာလား၊ မင်းဘာသာ မင်းပြောမလား"

ရှစန်းကျင်းက ပြောလိုက်၏။ ပန်ယက ...

"ကျုပ်တို့ ကြေးစားတွေအကြောင်း မင်းသိတာပဲ၊ ဘာလို့ အချိန်ကုန်ခံပြီး မေးနေမှာလဲ"

"မမေးလို့မရဘူး၊ ကျုပ်က သွေးဘီလူးအကြောင်း သိချင်နေတာကိုး"

ပန်ယက ပါးစပ်ပိတ်ထားလိုက်၏။ ရှစန်းကျင်းက ပန်ယ၏နဖူးကို ဓားနှင့်ခြစ်ရန် ဟန်ပြင်လိုက်၏။

ဆင့်လျှန်က ဟန့်တားလိုက်၏။

"မလုပ်နဲ့ ... မင်း ဘယ်လောက်နှိပ်စက် နှိပ်စက် သူက ပြောမှာမဟုတ်ဘူး"

"ဒါဆို ဘာလုပ်မလဲ"

"သတ်ချင်သတ်၊ ဒါမှမဟုတ် ဒုက္ခိတဖြစ်အောင် လုပ်ရင် လုပ်လိုက်၊ ပြီးရင် သွားကြမယ်"

ပန်ယမှာ မျက်နှာကွက်ခနဲ ပျက်သွားရလေသည်။ ရှစန်းကျင်းက ပြုံးလိုက်၏။

"ခြေတစ်ဖက် လက်တစ်ဖက်ဆိုရင် တော်ပြီလား"

"လက်ချောင်းတွေ တစ်ခုမှမချန်နဲ့၊ ဒါမှ နောင်ရေးအတွက် ပါ စိတ်အေးရမယ်"

ပန်ယ၏ခန္ဓာကိုယ်တစ်ချက် တုန်ခါသွား၏။

"မင်းတို့ မယုတ်မာနဲ့"

ဆင့်လျှန်က ...

"ဘာလဲ ... မင်းကို မသတ်လို့လား၊ စိတ်ချ ... ကျုပ်တို့က လူ့အသက်ကို အရမ်းကာရော သတ်တဲ့လူတွေ မဟုတ်ဘူး"

ပန်ယက ဒေါသခြောင်းခြောင်းထသွား၏။

"တောက် ... မင်းတို့က နှစ်ယောက်တစ်ယောက် အရှက်



မရှိ တိုက်ခိုက်ပြီး အနိုင်ရခဲ့တာကိုးကွ"

ရှစန်းကျင်းက နှာခေါင်းရှုံ့လိုက်၏။

"တစ်ယောက်ချင်းလည်း ခင်ဗျားကို အချိန်မရွေး အနိုင်ယူလို့ရပါတယ်"

"ဒါဆို သွေးကြောဖွင့်ပေးလေ၊ မင်းနဲ့ကျုပ် ဘယ်သူနိုင်မလဲ ကြည့်ကြသေးတာပေါ့"

"ကျုပ်က အနိုင်ရပြီးသားပဲ၊ ဘာလို့ အကျိုးမဲ့ ယှဉ်ပြိုင်ရမှာလဲ၊ ယှဉ်ပြိုင်ပြီး အကျိုးရှိမယ်ဆိုရင်တော့ ဟုတ်ပါရဲ့"

ပန်ယက အံကြိတ်လိုက်၏။

"မင်းရှုံးရင် ကျုပ်ကိုလွှတ်ပေးရမယ်၊ မင်းနိုင်ရင် သွေးဘီလူး ဘယ်သူဆိုတာ ပြောပြမယ်"

ရှစန်းကျင်း ရယ်မောလိုက်၏။ သူဆင်ထားသောအကွက်ထဲသို့ ရောက်ရှိလာပြီ မဟုတ်ပါလား။

"ဒီလိုလုပ် ... မင်းက စာရွက်ပေါ် အရင်ရေးထားခဲ့ပါ၊ တော်ကြာ မင်းသေနေရင် ကျုပ် ဘာမှမသိဘဲနေဦးမယ်"

ပန်ယက ခေါင်းညိတ်လိုက်၏။ ဆင့်လျှန်က သွေးကြောဖွင့်ပေးလိုက်၏။ ပန်ယက ခြေလက်တစ်ချက် ဆန့်ပြီးနောက် စာရွက်တစ်ရွက်ပေါ်တွင် အမည်တစ်ခု ရေးလိုက်၏။

ထို့နောက် စာရွက်အားခေါက်ကာ အင်္ကျီကြားထဲ ထည့်သိမ်းလိုက်၏။

"ဘယ်မှာ ယှဉ်ပြိုင်မလဲ"

ရှစန်းကျင်း မေးလိုက်၏။ ပန်ယက ...

"လိုက်ခဲ့"

သူတို့သည် ဝတ်မှုန်တည်းခိုခန်းနောက်ဘက်သို့ ထွက်လာခဲ့ကြ၏။ မကြာမီ ကွက်လပ်တစ်ခုသို့ ရောက်ရှိသွားကြလေတော့သည်။ ပန်ယက ကွက်လပ်အလယ်တွင် ရပ်လိုက်၏။

ရှစန်းကျင်းက ပန်ယနှင့်ခြေလှမ်း ဆယ်လှမ်းခန့်အကွာတွင် ရပ်တန့်လိုက်၏။ တစ်ဦးနှင့်တစ်ဦး အလစ်မပေးဘဲ အကဲခတ်ကြည့်လိုက်ကြ၏။

ခန္ဓာကိုယ်များက တည်ငြိမ်သော်လည်း ခြေထောက်များကမူ အလိုက်သင့် ရွေ့လျားနေ၏။ စက်ဝိုင်းပုံသဏ္ဍာန် တဖြည်းဖြည်း ရွေ့လျားရင်း တစ်ဦးနှင့်တစ်ဦး နီးကပ်လာကြ၏။

"ယား"

ပန်ယက ဩသံတစ်ချက်ပေးလိုက်၏။ သူ၏ခန္ဓာကိုယ် ရုတ်တရက် မြောက်ကြွလာပြီး ရှစန်းကျင်းအား 'ခွား'ခုနစ်ချက်တိတိ ခုတ်ချလိုက်၏။



ရှစန်းကျင်း၏ခန္ဓာကိုယ်က ရှဉ့်တစ်ကောင်သဖွယ် တိုက်ခိုက်မှုများကြားမှ လျှောခနဲ ထွက်သွားလေ၏။

"မင်းဓားက တုံးလှချည်လား"

ပန်ယက ဓားကို စက်ဝိုင်းပုံဝိုင်းပြီး ထိုးသွင်းလိုက်လေသည်။ ဓားစက်ဝိုင်းက ရှစန်းကျင်း၏ခန္ဓာကိုယ်အား ရစ်ပတ်တိုးဝင်လာ၏။

ရှစန်းကျင်းက ဤတစ်ကြိမ်တွင် မရှောင်တိမ်းတော့ပါ။ ဓားသုံးချက်ထုတ်ကာ ပန်ယ၏ တိုက်ခိုက်မှုကို ဟန့်တားလိုက်လေ၏။

'ချွင် ချွင်'

ဓားဓားချင်း ထိတွေ့သွားပြီး မီးပွင့်ကလေးများ ဖြာထွက်လာလေ၏။ တိုက်ပွဲကား ရုတ်ခြည်းပြင်းထန်လာသည်။ သိုင်းကွက် ငါးဆယ်ကျော်သည်အထိ မည်သူမျှ အသာမရကြသေးပါ။

ပန်ယမှာ စိတ်လောလာ၏။ သူက ရှစန်းကျင်းကို စောစီးစွာ အနိုင်မရလျှင် လွတ်မြောက်ရန် အလွန်ခဲယဉ်းပေလိမ့်မည်။ ထို့ကြောင့် သူက ဓားကွက်ကို ပြောင်းလဲလိုက်၏။

ရှစန်းကျင်းက ပန်ယအား အထင်မသေးရဲပါ။ ထို့ကြောင့် အတွင်းအား အပြည့်အဝ စုစည်းပြီး တရကြမ်း တိုက်ခိုက်လိုက်လေ၏။

သူတို့နှစ်ဦးစလုံး၏ ဓားကွက်များသည် ပြင်းထန်ရက်စက်ပြီး ရန်သူသေဆုံးသွားရန်သာ ရည်ရွယ်ထား၏။ ထို့ကြောင့် တိုက်ပွဲတွင် တစ်ဦးတစ်ယောက်သာ အသက်ရှင်ကျန်ရစ်မည် မှန်းဆနိုင်ပေ၏။

'ချွင်'

ဓားချင်းထိခတ်သွား၏။ ရှစန်းကျင်းက ဓားသုံးကွက်တိတိ ပြောင်းလဲထိုးချလိုက်သည်။ သူ၏ဓားကွက်များက လျှပ်စီးကဲ့သို့ လျင်မြန်လှ၏။

ပန်ယက ကာကွယ်လိုက်သည့်ကြားမှပင် ထိုးဖောက် ဝင်ရောက်လာလေ၏။

"အား"

ပန်ယမှာ နာကျင်စွာအော်ဟစ်ရင်း ရင်ဝကို လက်ဝါးဖြင့် အုပ်လိုက်လေသည်။ သူ၏လက်ကြားမှ သွေးများ မြင်မကောင်းအောင် ယိုစီးကျလာ၏။

သူသည် ရှစန်းကျင်းအား တစ်ချက်စိုက်ကြည့်လိုက်ပြီး ပျော့ခွေကျသွားလေသည်။

ရှစန်းကျင်းက ဓားတွင်ပေကျံနေသော သွေးများကို သုတ်လိုက်ပြီးနောက် ပန်ယ၏အင်္ကျီကြားမှ စာရွက်ကို ဖွင့်ဖတ်လိုက်သည်။



"ဘာတဲ့လဲ"

ဆင့်လျန်က မေးလိုက်သည်။ ရှစန်းကျင်းက စာရွက်ကို ထိုးပေးလိုက်၏။

"ယန်ကျိုးမြို့က ယန် သခင်ကြီး"

ရှစန်းကျင်းက အံကို တင်းတင်းကြိတ်လိုက်၏။

"ကျုပ်လာပြီ၊ ခင်ဗျား ဘယ်သူ့ပဲဖြစ်ဖြစ် နက္ခတ်ရှစ်လုံးအတွက် သွေးကြွေးပြန်ပေးရမယ်"

ကြုံးဝါးပြီး နေရာမှ ပြေးလွှားထွက်ခွာသွားလေတော့သည်။

★★★

## အခန်း (၂၈)

တပ်မှူးလေးမှာ အခန်းထဲ၌ ခေါက်တုံ့ခေါက်ပြန် လျှောက်နေ၏။ အတွင်းဝင်လူက ...

"ဘာတတ်နိုင်မလဲ ... မြို့စားကြီးသေမယ်ဆိုတာ ကျုပ်တို့ ရှေးမဆွကတဲ သိထားခဲ့တယ် မဟုတ်လား"

"ဟုတ်တော့ ဟုတ်ပါတယ်၊ ဒါပေမဲ့ တကယ်ဖြစ်ပျက်သွားတဲ့အခါကျတော့ စိတ်ထိခိုက်မိတာပေါ့"

ဘဏ္ဍာထိန်းက ခေါင်းညိတ်လိုက်၏။

"မနက်ဖြန်ဆိုရင် စာပေပညာရှင် ကျင့်ဝူကို မြို့စားအဖြစ် ရွေးချယ်ကြောင်း ကြေညာပေးရမယ်၊ ဒါပေမဲ့ ထုံးစံအရ မြို့စားကြီး ဈာပနပြီးမှသာ တရားဝင်အခမ်းအနား လုပ်ရမယ်"

"ကျုပ် စောစောကပဲ ကျင့်ဝူကို အခေါ်လွှတ်ထားပါတယ်"

ထိုစဉ်မှာပင် ရဲမက်တစ်ယောက် အခန်းထဲသို့ ဝင်ရောက်လာသည်။



"စာပေပညာရှင် ရောက်လာပါပြီ"

ကျင့်ဝူ အခန်းတွင်းသို့ ဝင်ရောက်လာ၏။

တပ်မှူးလေး၊ အတွင်းဝန်၊ ဘဏ္ဍာထိန်းတို့က ကျင့်ဝူအား ဒူးထောက်အရိုအသေ ပြုလိုက်ကြ၏။ ကျင့်ဝူ ကြောင်သွားသည်။

"ခင်ဗျားတို့ ဘာလုပ်ကြတာလဲ"

အတွင်းဝန်လုက ...

"မြို့စားကြီးကို ကြိုဆိုတာပါ"

"ဘာ ... ဘယ်လိုပြောတယ်"

အတွင်းဝန်လုက ...

"မြို့စားကြီးကျင့်ဝူကို မြို့စားအဖြစ် ရွေးချယ်ထားပါတယ်၊ ဒါကြောင့် ကြိုဆိုတာပါ"

ကျင့်ဝူက မျက်မှောင်ကြုတ်သွား၏။

"ကျုပ်ကို မြို့စားအဖြစ် ရွေးချယ်ရအောင် လက်ရှိမြို့စားကြီးက ဘယ်ရောက်သွားလို့လဲ"

"မြို့စားကြီးဟာ ဒီနေ့မနက်ကတင် ကွယ်လွန်သွားပါပြီ"

"ဘာ ... မြို့စားကြီးကွယ်လွန်သွားပြီ ... ဟုတ်လား"

ထိုစဉ်မှာပင် တပ်မှူးလေး၏မျက်လုံးများက ကျင့်ဝူ၏ ခြေထောက်ဆီသို့ ရောက်ရှိသွားသည်။ ကျင့်ဝူ၏ ခြေထောက်များမှာ

ကြမ်းကြမ်းတမ်းတမ်း ရှိလှသည်။

'ဒီခြေထောက်ဟာ အလုပ်ကြမ်း လုပ်တဲ့သူရဲ့ ခြေထောက်မျိုးပဲ၊ ဒီလူဟာ ကျင့်ဂူကော ဟုတ်ရဲ့လား'

သို့သော် ထိုအတွေးကို ချက်ချင်း ဖျောက်ပစ်လိုက်၏။ ထိုလူသည် စာပေပညာရှင် ကျင့်ဂူဖြစ်ကြောင်း ကောင်းစွာ သိနေသောကြောင့် ဖြစ်သည်။ ကျင့်ဂူက ...

"ကျုပ်ကိုရွေးချယ်တာ ကျေးဇူးတင်ပါတယ်၊ ကျုပ်အနေနဲ့ မြို့သူမြို့သားတွေကို ကျောသားရင်သား မခွဲခြားဘဲ အုပ်ချုပ်ပါ့မယ်"

"မြို့စားကြီး ဒီနေ့ကစပြီး ဒီဂေဟာမှာ နေထိုင်ရပါမယ်၊ မြို့စားဟောင်းရဲ့ ဈာပနကို ကျင်းပပြီးစီးတော့မှ မြို့စားအရိုက်အရာ ခံပွဲ ကျင်းပနိုင်မှာ ဖြစ်ပါတယ်"

ကျင့်ဂူ ခေါင်းညိတ်လိုက်၏။

"ဒီရက်ပိုင်းအတွင်းမှာ ကျုပ်ရဲ့ဂေဟာမှာပဲ နေပါရစေ"

"ဘာဖြစ်လို့လဲ မြို့စားကြီး"

"လွှတ်လပ်တဲ့ စာပေပညာရှင်ဘဝနဲ့ နေချင်သေးလို့ပါ"

★



ကျင့်ဂူ၏အိမ်ဂေဟာရှေ့သို့ လှပသော မြင်းလှည်းတစ်စီး ဆိုက်ရောက်လာ၏။ မြင်းလှည်းအား ရဲမက် (၆) ဦးက ခြံရံလိုက်ပါလာ၏။

ရဲမက်များက မြင်းလှည်းတံခါးကို ဖွင့်ပေးလိုက်သည်။ ကျင့်ဂူက မြင်းလှည်းပေါ်မှ တစ်လှမ်းချင်း ဆင်းလာ၏။

"ကဲ ... မင်းတို့ပြန်ကြပေတော့"

"တပ်မှူးလေးက ဒီမှာစောင့်ကြပ်ရမယ်လို့ တာဝန်ပေးလိုက်ပါတယ်"

"ကိစ္စမရှိဘူး ... ကျုပ် လွတ်လွတ်လပ်လပ် နေပါရစေ"

ရဲမက်များက အကျပ်ရိုက်သွား၏။ သူတို့သည် ကျင့်ဂူ၏ စကားကို နားမထောင်၍မရပ်။ ဦးညွှတ်အရိုအသေပြုပြီး ထွက်ခွာသွားကြလေသည်။

ကျင့်ဂူက အိမ်တံခါးကို တွန်းဖွင့်ကာ ဝင်လိုက်၏။ သူ၏ မျက်နှာပေါ်မှအပြုံးများ ရုတ်ခြည်းပျောက်ကွယ်သွားသည်။ အိမ်ထဲတွင် လူတစ်ယောက်ရောက်ရှိနေသည်ကို တွေ့လိုက်ရသောကြောင့် ဖြစ်ပါသည်။

ထိုလူမှာ ရှီ့ခွမ်းပင် ဖြစ်ပါသည်။ ရှီ့ခွမ်းက ...

"ဘယ်လိုလဲ ... မြို့စားဖြစ်တော့မယ်ဆိုလို့ ပျော်ရွှင်နေသလား"

ကျင့်ဂူက ...

"မင်းက ဘာကိစ္စနဲ့ ရောက်လာသလဲ"

"ခင်ဗျားသာမရှိရင် ကျုပ်သခင်က မြို့စားဖြစ်မှာပဲ"

"မင်းမှားနေပြီ"

"ခင်ဗျားကို အသက်ရှင်ခွင့်မပေးနိုင်တာ ဝမ်းနည်းပါတယ်"

ရှိ့ခွမ်းက ပြောပြီးသည်နှင့် ဓားကိုဆွဲထုတ်ကာ ထိုးချလိုက်၏။ သို့သော် သူ၏ဓားချက်က လေကိုသာ တိုးမိသွား၏။ ရှိ့ခွမ်း အံ့အားသင့်သွား၏။

ကျင့်ဂူသည် သိုင်းပညာမတတ်ပါ။ သူ၏ဓားချက်ကို ကျင့်ဂူ မဆိုထားနှင့် ... တော်ရုံသိုင်းသမားတစ်ယောက်ပင် ရှောင်တိမ်းနိုင်မည် မဟုတ်ပါ။

ယခုမူ သူ၏ဓားချက်သည် လွဲချော်သွားရချေပြီ။ ရှိ့ခွမ်းက ကျင့်ဂူအား စိုက်ကြည့်လိုက်၏။

"ခင်ဗျား ကျင့်ဂူမဟုတ်ဘူး"

"ဒီအကြောင်းကို မင်း ဘယ်သူ့မှ ပြန်ပြောပြနိုင်မှာမဟုတ်ပါဘူး"



"ခင်ဗျား ကျင့်ဂူမဟုတ်တော့ ကျုပ်အတွက် ပိုပြီးလွယ်ကူသွားတာပေါ့၊ ကျုပ်သခင်အတွက်လည်း အခွင့်အလမ်း ပိုပြီးများလာတာပေါ့"

"မင်းထင်လို့ပါ၊ မင်း ဒီကနေ ထွက်သွားလို့ မရတော့ပါဘူး"

ရှိ့ခွမ်း ဘာမှ မပြောတော့ပါ။ ဓားကို ဝှေ့ယမ်းပြီး တိုက်ခိုက်လိုက်လေသည်။ သူ၏ဓားချက်အောက်တွင် ကျင့်ဂူတစ်ယောက် လဲကျသွားမည်ဟု ယုံကြည်ထား၏။

သို့သော် အလင်းနှင့်အမြင် လွဲချော်သွားရချေပြီ။ သူ၏ဓားချက်များသည် ကျင့်ဂူ၏အင်္ကျီစများကိုပင် ထိမှန်ခြင်းမရှိပါ။

ရှိ့ခွမ်း လှောက်ခနဲ အော်လိုက်၏။

"ကျင့်ဂူ ... ခင်ဗျားဘယ်သူလဲဆိုတာ ကျုပ်သိပြီဗျ"

ကျင့်ဂူမျက်နှာ ကွက်ခနဲ ပျက်သွား၏။ သူသည် ရုတ်ခြည်းပင် ရှိ့ခွမ်းအား ဝင်ရောက်တိုက်ခိုက်လိုက်လေသည်။ ကျင့်ဂူ၏လက်သီးက ရှိ့ခွမ်း၏ရင်ဝသို့ ထိုးချမိသွားလေသည်။

'ဝုန်း'

ရှိ့ခွမ်းမှာ နောက်သို့ လွင့်စဉ်သွား၏။ သူ ပြန်ထမည်အပြု ကျင့်ဂူက ဦးခေါင်းအား ရိုက်ချလိုက်ရာ ...

'အွန့်'

ရှို့ခွမ်းမှာ မသဲမကွဲ တစ်ချက်ညည်းပြီး သေဆုံးသွားလေတော့သည်။ ကျင့်ဝူက သဘောကျစွာ ရယ်မောလိုက်သည်။ သူသည် မြို့စားဂေဟာတွင် မနေထိုင်ခြင်းမှာ သူ၏မြေရာလက်ရာများ ဖျောက်ပစ်ရန် ဖြစ်၏။

တစ်ဖန် ဖမ်းဆီးထားသော ကျင့်ဝူအစစ်ကိုလည်း ရှင်းပစ်ရဦးမည် ဖြစ်သည်။

★

ရှစန်းကျင်းနှင့် ဆင့်လျန်တို့ ယီကျန်းမြို့သို့ ရောက်ရှိလာ၏။ သူတို့သည် ယန်သခင်ကြီး၏ဂေဟာကို မေးမြန်းစုံစမ်းလိုက်၏။

"ခင်ဗျားတို့ ယန်သခင်ကြီးဆီသွားမလို့လား"

"ဟုတ်ပါတယ်"

"ဟောဟိုက မီးလောင်နေတဲ့ ဂေဟာပဲ"

ရှစန်းကျင်း မျက်လုံးပြူးကျယ်သွား၏။ သူတို့နှစ်ယောက်သည် မီးလောင်နေသည့်နေရာသို့ အလျင်အမြန် ပြေးလွှားသွားကြလေ၏။

ယန်ဂေဟာမှာ မီးဟုန်းဟုန်းတောက်လောင်နေသည်။



"ခြေရာဖျောက်သွားပြီ ထင်တယ်"

ဆင့်လျန်က ပြောလိုက်သည်။ ရှစန်းကျင်းက ...

"ကျုပ်တို့လာမယ်ဆိုတာ သူသိနိုင်တာမှ မဟုတ်ဘဲ"

သူတို့နှစ်ဦး ပြောဆိုနေစဉ် လူအုပ်ကြားမှတစ်ယောက်က သူတို့အား စိုက်ကြည့်နေသည်ကို သူတို့ သတိမထားမိချေ။

"ရှစန်းကျင်းပါလား၊ ဒီအထိလိုက်လာနိုင်ပြီဆိုတော့ သူ့ကို ရှင်းပစ်မှ ဖြစ်တော့မယ်"

★

ရှစန်းကျင်းမှာ ခံပြင်းနေ၏။ သူသည် ယီကျန်းမြို့မှ ထွက်လာပြီး လိုက်လံစုံစမ်းရာမှ နောက်ဆုံး ယီကျန်းမြို့သို့ ပြန်လည်ရောက်ရှိလာခဲ့၏။

နီးလျက်နှင့်ဝေးခဲ့ရခြင်းပင် ဖြစ်သည်။ ဆင့်လျန်က ...

"သခင်ကြီးယန်ဟာ ဘယ်သူဖြစ်နိုင်သလဲ"

ရှစန်းကျင်းက ...

"နက္ခတ်ရှစ်လုံးထဲက ပျောက်နေတာ လျှူဝေကျိုနဲ့ ချူကျောင်းပဲ၊ ဒီနှစ်ယောက်ထဲက တစ်ယောက်ယောက် ဖြစ်မှာပေါ့"

"ယန်ဘဝကို ဖျက်ဆီးလိုက်ရင် နောက်ဘဝတစ်ခု အသင့်ဖြစ်လို့နေလိမ့်မယ်"

ရှစန်းကျင်းက ခေါင်းညိတ်လိုက်၏။

"ဟုတ်တယ် … ကျုပ်တို့စုံစမ်းရခက်ပြီ"

ဆင့်လျန် ခေါင်းညိတ်လိုက်၏။ သူတို့အနည်းငယ် နောက်ကျသွားသည့်အတွက် သဲလွန်စများ ပျောက်ဆုံးသွားရသည် မဟုတ်ပါလား။ ရှစန်းကျင်းက …

"ကျုပ်တို့ ကွန်းလုယန့်ဆီ ခဏသွားရအောင်၊ သူလည်း တစ်စုံတစ်ရာ သိထားချင် သိနေမယ်"

သူတို့သည် ကွန်းလုယက်ထံသို့ ထွက်လာကြလေ၏။ ကွန်းလုယန်ကား မရှိပါ။ ဝေချီနှင့်တွေ့ခဲ့ပြီး ကွန်းလုယန် စုံစမ်းခဲ့သော အကြောင်းအရာများကို သိလိုက်ရ၏။ ဝေချီက …

"သခင်လေးဟာ သူဌေးကြီးထန်းယန့်ကို အတော်ပဲ မကျေမနပ် ဖြစ်နေခဲ့တယ်၊ ဒီနေ့မနက်လင်းကတည်းက သခင်လေးကို မတွေ့ရဘူး၊ ဘယ်သွားသလဲ မသိဘူး"

ရှစန်းကျင်းက မျက်မှောင်ကြုတ်ကာ စဉ်းစားလိုက်သည်။

"ထန်းယန့်ဆီများ သွားသလား"

ဝေချီ လှုပ်လှုပ်ရှားရှား ဖြစ်သွား၏။



"ဒါဆို ဒုက္ခပဲ"

"ဘာမှ စိတ်မပူပါနဲ့၊ ခင်ဗျားက အခြားနေရာတွေမှာ ရှာဖွေလိုက်ပါ။ ကျုပ်တို့ ထန်းယန့်ဂေဟာကို လိုက်သွားမယ်"

သူတို့သည် ဂေဟာအတွင်းမှ လျှင်မြန်စွာ ပြေးထွက်လာခဲ့ကြလေသည်။

★★★

## အခန်း (၂၉)

'ကျွီ'

သီးသန့်ခန်းတံခါး ပွင့်သွားသည်။ သူဌေးကြီးတန်းယန့်က အခန်းထဲ ဝင်လာ၏။ သူသည် အခန်းထဲ၌ ခေါက်တုံ့ခေါက်ပြန် လျှောက်လှမ်းနေသည်။

သူက ရှီခွမ်းအတွက် စိတ်ပူနေခြင်း ဖြစ်သည်။ ရှီခွမ်းက ကျင့်ဂူအား လုပ်ကြံရန် ထွက်သွားသည်။ ယခုဆိုလျှင် ပြန်လည် ရောက်ရန် သင့်နေပြီဖြစ်သည်။ ရှီခွမ်းအား ပြန်မရောက်သေးပါ။

ထန်းယန့်မှာ အခန်းတွင်လျှောက်နေရင်းမှ နေ့စဉ်မှတ်တမ်း စာအုပ်ကို သတိရလာသည်။ သူက ဖျောက်ဖျက်မည်ပြုပြီးမှ တပ် မှူးလေး ရောက်လာသဖြင့် မဖျောက်ဖျက်ပစ်ဘဲ ထားခဲ့သည်။

ယနေ့ သူ၏ မဟာမိတ်ယန်သခင်ကြီး၏ဂေဟာ မီးလောင် သွားခဲ့သည်။ ယန်သခင်ကြီး ပျောက်ဆုံးသွားသည်။ အခြေအနေ မကောင်းပါ။



ယန်သခင်ကြီးနှင့်ဆက်သွယ်မှု အစအနအားလုံး ဖျောက် ပစ်ရမည်။ ရှီခွမ်းပြန်လာလျှင် ယန်သခင်ကြီးကို ရှာဖွေလုပ်ကြံရမည် ဟု ဆက်တိုက် တွေးတောလိုက်သည်။

ထို့နောက် မှတ်တမ်းများ မီးရှို့ဖျက်ဆီးရန်အတွက် ထုတ် ယူလိုက်လေသည်။

"ဟင်"

အံဆွဲထဲမှမှတ်တမ်းများ မရှိတော့ပါ။ ထန်းယန့် မျက်လုံး ပြူးသွားသည်။

"ဘယ်သူ့လက်ချက်လဲ"

သူ တွေးတောလိုက်စဉ် ဖုန်မှုန့်လေးများ ကျလာသည်ကို အမှတ်မထင် တွေ့လိုက်ရ၏။ ထန်းယန့်က ပြုံးလိုက်၏။ သူသည် လျှပ်တစ်ပြက် ဓားကို ဆွဲထုတ်ပြီးနောက် မျက်နှာကြက်အတွင်း ထိုး သွင်းလိုက်၏။

'ဝုန်း'

မျက်နှာကြက် ပြိုကွဲသွားပြီး လူတစ်ယောက် ပြုတ်ကျလာ ၏။ သူကား ကွန်းလုယန် ဖြစ်သည်။ ထန်းယန့်က ...

"မင်းကိုး"

ကွန်းလုယန်က အံကြိတ်လိုက်၏။

"ကျုပ်အဖေကိုသတ်တာ ခင်ဗျားပဲ"

"မင်း ဒီအကြောင်းကို ဘယ်သူ့မှ မပြောနိုင်တော့ပါဘူး"

ကွန်းလုယန်က ဓားကို ဆွဲလှုတ်ကာ ထန်းယန့်ထံသို့ တစ်ရှိန်ထိုး ဝင်ရောက်တိုက်ခိုက်လိုက်လေသည်။ ကွန်းလုယန်၏ သိုင်းပညာများ မဆိုးပါ။ သို့သော် ထန်းယန့်က သူထက် များစွာသာလွန်နေသည်ကို အံ့ဩစွာ တွေ့လိုက်ရလေသည်။

ကွန်းလုယန်က အံကို တင်းတင်းကြိတ်ကာ ဖခင်အကွက်အသက်စွန့် တိုက်ခိုက်သွားရန် ဆုံးဖြတ် လိုက်၏။

သို့သော် သိုင်းကွက် (၂၀) ကျော်လာသည့်အခါ ကွန်းလုယန်မှာ တိုက်စစ်လုံးဝ မဆင်နိုင်တော့ပါ။ ထန်းယန့်၏ ပြင်းထန်သော တိုက်ခိုက်မှုများကိုသာ အသေအလဲ ခုခံနေရတော့၏။

"မင်းက အေးအေးဆေးဆေး မနေဘဲ သေချင်နေတာကိုး၊ မင်းကိုသတ်ရမှာ စိတ်မကောင်းပါဘူး"

"ခင်ဗျား ကျုပ်ကိုနိုင်ပေမယ့်လည်း ဥပဒေကိုတော့ အနိုင်မရနိုင်ပါဘူး"

"သွားစမ်း" ... 'ချွင်'

ထန်းယန့်၏ ပြင်းထန်သောဓားချက်ကြောင့် ကွန်းလုယန်၏ ဓားမှာ လွင့်စဉ်သွား၏။ ထန်းယန့်က ရယ်မောလိုက်၏။



"ကဲ မင်းအဖေနောက် အမြန်ဆုံး လိုက်သွားကြပေတော့"

ဓားက လျှင်မြန်စွာဖြင့် ကွန်းလုယန်၏ ခန္ဓာကိုယ်ပေါ်သို့ ကျရောက်လာ၏။ ကွန်းလုယန်က မည်သို့မျှ မရှောင်နိုင်ဘဲ ခုတ်ချလာသောဓားကို ကြောင်ကြည့်နေမိ၏။

ထိုစဉ်မှာပင် လူရိပ်တစ်ရိပ် ပြတင်းပေါက်မှ ထိုးဖောက်ဝင်ရောက်လာ၏။ ကွန်းလုယန်ရှေ့သို့ ကျရောက်သွားပြီး ထန်ယန့်၏ ဓားချက်ကို ခုခံပေးလိုက်၏။

ကွန်းလုယန်က ဝင်ရောက်လာသူအား တွေ့သောအခါ ဝမ်းသာအားရ ခေါ်လိုက်လေသည်။

"ရှစန်းကျင်း"

★

ထန်းယန့်၏ပခုံးတွင် သွေးခြင်းခြင်းနီရဲနေ၏။ သူ၏ဓားက ကြမ်းပြင်ပေါ် ကျနေ၏။ သူ၏မျက်လုံးများက ရှစန်းကျင်းအား မယုံကြည်နိုင်သော မျက်လုံးများဖြင့် စိုက်ကြည့်နေ၏။ ရှစန်းကျင်းက ကွန်းလုယန်ဘက်သို့ လှည့်လိုက်၏။

"မင်းဖခင်ကို မြို့စားရာထူးအတွက် အဟန့်အတား ဖြစ်မှာ

စိုးလို့ လုပ်ကြံခဲ့တာပဲ၊ မင်း သူ့ကို စိတ်ကြိုက် လက်စားချေပေတော့"

ကွန်းလုယန်က ဓားကို တင်းကျပ်စွာ ဆုပ်ကိုင်ပြီး ထန်းယန့်ရှေ့သို့ တစ်လှမ်းချင်း လျှောက်သွား၏။ ထန်းယန့်မှာ ကြောက်ရွံ့ထိတ်လန့်သွား၏။ ကွန်းလုယန်က ...

"ကိုယ့်အသက် သေရမှာကျတော့ အတော်ကြောက်တတ်သားပဲ"

ကွန်းလုယန်က ဓားကို မြှောက်လိုက်၏။ ဆင့်လျန်က ဟန့်တားရန် ဟန်ပြင်လိုက်၏။ ကွန်းလုယန်က ဓားကို လွှတ်ချလိုက်၏။

"သူ့ကို တရားဥပဒေအရ အရေးယူတာ အကောင်းဆုံးပါ"

ထိုအခိုက် တပ်မှူးလေးလီနှင့် ရဲမက်အချို့ ရောက်ရှိလာကြသည်ကို တွေ့လိုက်ရ၏။ ရှစန်းကျင်းက ဆင့်လျန်၏လက်ကို ဆွဲလိုက်၏။ ကွန်းလုယန်ဘက်လှည့်ပြီး ...

"ကွန်းလုယန် ... ကျုပ်တို့သွားတော့မယ်"

★

ဆင့်လျန်က ...

"ကျုပ်တို့ ဘယ်လိုသဲလွန်စရှာရမလဲ"



ရှစန်းကျင်းက ...

"ယန်သခင်ဟာ ဘာကြောင့် ဇာတ်မြုပ်သွားတာလဲ၊ သူ လိုအပ်တဲ့သော့ မပြည့်စုံသေးဘူး"

"ကျုပ်တို့ကို ခြေရာခံမိသွားလို့ဖြစ်မယ်"

ရှစန်းကျင်းက ...

"သူဟာ ယီကျန်းထဲမှာရှိမှာ သေချာတယ်"

ဆင့်လျန်က ...

"ကျုပ်တို့ ထောင်ချောက်တစ်ခု ဆင်ရမယ်"

"ဘယ်လိုထောင်ချောက်လဲ"

"ကျုပ်တို့နှစ်ယောက် လမ်းခွဲမယ်၊ ခင်ဗျားက မူလရုပ်သွင်နဲ့ လှုပ်ရှားပါ၊ ခင်ဗျားနောက်မှာ ကျုပ်ရှိမယ်၊ သူဟာ ခင်ဗျားကို တွေ့ရင် မလွဲမသွေ ထွက်လာမှာပဲ"

"ကောင်းပြီ ... ကျုပ်သွားမယ်"

ရှစန်းကျင်းက ရှေ့မှ ထွက်လာခဲ့၏။ ဆင့်လျန်မှာ ရှစန်းကျင်းနှင့် ခပ်လှမ်းလှမ်းမှာ မသိမသာ နောက်ယောင်ခံလိုက်လာခဲ့၏။

သူ၏လှုပ်ရှားမှုမှာ ပိရိသဖြင့် ရှစန်းကျင်းနောက်မှ သူပါလာသည်ကို တော်ရုံလူ တွေ့မည်မဟုတ်ပါ။ ရှစန်းကျင်းမှာ ရှေ့မှ

လျှောက်သွားရင်း လမ်းကြားကလေးတစ်ခုအတွင်း ချိုးဝင်သွား၏။

ဆင့်လျှန်ကလည်း ခဏကြာမှ လိုက်ဝင်မည်အပြု ဝတ်စုံနက် (၃) ဦးက သူ့အား ဟန့်တားထားလိုက်၏။

ဆင့်လျှန် ရင်ထိတ်သွား၏။

ရန်သူသည် သူ့အား စတင်တိုက်ခိုက်လာပြီ မဟုတ်ပါလော။ ဆင့်လျှန်မှာ ထိုလူများ၏ တိုက်ကွက်ကို တွေ့သည်နှင့် ရှစန်းကျင်းအတွက် စိတ်ပူသွား၏။

ရန်သူများက သူ့အား ရှစန်းကျင်းကို အကူအညီမပေးနိုင်စေရန် ဟန့်တားတိုက်ခိုက်လိုက်ခြင်း မဟုတ်ပါလော။ ဆင့်လျှန်က ရန်သူများ၏ ရည်ရွယ်ချက်ကို သိလိုက်သောအခါ ညာတာပြီး မတိုက်ခိုက်နိုင်တော့ပါ။ တရကြမ်း တိုက်ခိုက်လိုက်လေတော့သည်။

★

ရှစန်းကျင်းမှာ လမ်းကျဉ်းကလေးအတွင်း ဝင်ရောက်လာ၏။ လမ်းကြားတစ်ဖက်တစ်ချက်တွင် ဆင်းရဲသားအိမ်ကလေးများ ရှိကြပေသည်။

လမ်းကြားကလေးထဲ၌ ဗွက်များရှိနေသဖြင့် ရှောင်ကွင်းကာ လျှောက်ခဲ့၏။ ထိုစဉ်မှာပင် အိမ်တံခါးတစ်ချပ်ပွင့်လာပြီး ဝတ်စုံနက်တစ်ဦး ပေါ်ထွက်လာ၏။



မျက်နှာကို အနီရောင်ပဝါဖြင့် စည်းထား၏။ ရှစန်းကျင်းမှာ ရင်ထိတ်သွား၏။

“မင်းက သွေးဘီလူးလား”

ထိုသူက ခေါင်းညိတ်လိုက်၏။

“ရှစန်းကျင်း ... မင်းရဲ့သော့ ပေးမှာလား”

“မင်းရဲ့ယုတ်မာမှုအတွက် ငရဲပြည်ကိုသွားဖို့သော့တော့ ရမယ်ကွ”

ရှစန်းကျင်းက ချက်ချင်းပင် ဓားကိုဆွဲထုတ်ကာ တိုက်ခိုက်လိုက်လေသည်။ သွေးဘီလူးက ကိုယ်ကိုရှို့ကာ လွတ်ရုံမျှ ရှောင်တိမ်းလိုက်ပြီး ဓားဆွဲထုတ်လိုက်လေသည်။ ရှစန်းကျင်းက ...

“မင်း ဘယ်သူလဲ”

“မင်းတောင် မခန့်မှန်းနိုင်ဘူးဆိုတော့ မဆိုးပါလား”

ရှစန်းကျင်းက မျက်မှောင်ကြုတ်သွား၏။ ထိုလူ၏ကိုယ်ဟန်သည် လျှူဝေကျိုနှင့် ဆင်သည်ဟု ထင်မိ၏။

“မင်းသေတော့မှပဲ မင်းရဲ့မျက်နှာဖုံးကို ချွတ်ကြည့်ပါတော့မယ်”

ရှစန်းကျင်းက ပြောရင်း တရကြမ်း တိုက်ခိုက်လိုက်လေသည်။ သွေးဘီလူးကလည်း တစ်ကွက်ချင်း ပြန်လည်တိုက်ခိုက်လိုက်သည်။

ရှစန်းကျင်း၏ဓားကွက်များက လှိုင်းတံပိုးကဲ့သို့ တစ်ကွက်ပြီးတစ်ကွက် ပြင်းထန်လာလေသည်။ သွေးဘီလူးမှာ သိုင်းကွက် (၃၀) ကျော်သည့်အခါ ခံစစ်သို့ ကျရောက်သွားလေသည်။

ရှစန်းကျင်းက ဓားကို ဝှေ့ယမ်းတိုက်ခိုက်ရင်းမှ ရုတ်တရက် ဘယ်လက်ကို စွန်ကုတ်သဏ္ဌာန်ဖြင့် သွေးဘီလူး၏ခေါင်းစွပ်ကို ဆွဲချလိုက်လေသည်။

သွေးဘီလူးက ခေါင်းစွပ်ကို ပြန်ဆွဲလိုက်သော်လည်း မမီပါချေ။ ရှစန်းကျင်းက ထိုသွေးဘီလူး၏မျက်နှာကို ငေးစိုက်ကြည့်လိုက်လေသည်။

သူ ထိုမျက်နှာကို တစ်ကြိမ်မှ မမြင်ဖူးပါ။ သူစိမ်းမျက်နှာတစ်ခုဖြစ်၏။ လှျို့ဝှက်ချီလည်း မဟုတ်သဖြင့် အံ့သြသွားရ၏။ ထိုအခွင့်အရေးကို သွေးဘီလူးက အရယူကာ ပြန်လည်တိုက်စစ်ဆင်လာ၏။

သို့သော် အတွေ့အကြုံရင့်ကျက်သော ရှစန်းကျင်းက ချက်ချင်း ဟန့်တားပိတ်ဆို့နိုင်ခဲ့၏။



"သွေးဘီလူး ... မင်း ဒီကနေ ပြေးလို့မလွတ်တော့ပါဘူး"

သွေးဘီလူးက ရယ်မောလိုက်၏။

"မင်း ကျုပ်ကို သတ်လို့မရပါဘူး"

"အခု သတ်ပြမယ်"

"မင်း ကျုပ်ကိုသတ်လိုက်ရင် သော့တွေ ရတော့မှာ မဟုတ်ဘူး"

ရှစန်းကျင်းက ...

"ဒီငွေတွေ ကျုပ် မမက်မောတာ ကြာနေပြီဗျ"

"ဒါပေမဲ့ မင်း တစ်ခုတော့ အရေးမထားဘဲ မနေနိုင်ပါဘူး"

ရှစန်းကျင်း မျက်မှောင်ကြုတ်သွား၏။ သွေးဘီလူးတွင် မည်သည့်လျှို့ဝှက်ချက် ရှိလေသနည်း။ သူ စဉ်းစားမရပါ။

သွေးဘီလူးက တဖြည်းဖြည်း နောက်ဆုတ်သွားရင်း ...

"ရှစန်းကျင်း ... မင်းက ကျုပ်ကို ဒုက္ခပေးရင် မင်းရဲ့ ချင်းကျဲ့ကျဲ့ကို ဘယ်တော့မှ ပြန်မတွေ့စေရဘူး"

"ဟင်"

ရှစန်းကျင်း၏တိုက်ခိုက်မှုများ ရုတ်ခြည်း ရပ်တန့်သွား၏။ သွေးဘီလူးက ရလာသောအခွင့်အရေးအား လက်လွှတ်မခံပါ။ ရုတ်ခြည်း ရှေ့တိုးပြီး ရှစန်းကျင်း၏ ရင်ဝကို လက်ဝါးတစ်ချက် ရိုက်ချ

လိုက်လေသည်။

'ဝုန်း'

ရှစ်နံးကျင်းမှာ အငိုက်မိသွားပြီး နောက်သို့ ယိုင်ထွက်သွား၏။ ဓားလည်း လွင့်ထွက်သွား၏။ သူ၏ရင်ထဲ၌ နာကျင်သွား၏။ အတွင်းဒဏ်ရာ ရသွားချေပြီ။

အသက်ရှူလိုက်တိုင်း အောင့်နေ၏။ သွေးဘီလူးအား မည်သို့မျှ ခုခံနိုင်တော့မည် မဟုတ်ပါ။ ရှစ်နံးကျင်းသည် လူးလဲထပြီး တွေ့ရာလမ်းအတိုင်း ပြေးလွှားလိုက်လေသည်။ သွေးဘီလူးက ...

"ရှစ်နံးကျင်း ... မင်း ကျုပ်လက်က ပြေးလို့မလွတ်ပါဘူး"

ဟု ကြုံးဝါးရင်း နောက်မှ ပြေးလိုက်လာ၏။ လမ်းကြားလေးမှာ မှောင်မည်းနေပြီး အကွေ့အကောက်များလှ၏။

ရှစ်နံးကျင်းမှာ ခြေဦးတည့်ရာ ပြေးလာခဲ့ရာ လမ်းကွေ့နှစ်ခုအရောက်တွင် အိမ်တံခါးတစ်ချပ် ရုတ်တရက်ပွင့်သွား၏။

ဖြူဖွေးသောလက်တစ်ချောင်း ထွက်လာပြီး ရှစ်နံးကျင်းအား အိမ်ထဲဆွဲသွင်းပြီး တံခါးကို ပြန်ပိတ်လိုက်လေသည်။

★



ရှစ်နံးကျင်းက အသက်ကို ပြင်းပြစွာ ရှူလိုက်၏။ သူ၏နှာခေါင်းထဲသို့ အမွှေးနံ့တစ်ခု ဝင်ရောက်လာ၏။ ရှစ်နံးကျင်း၏ မျက်လုံးမှာ ပြူးကျယ်သွား၏။

"ငါ စိတ်ထင်လို့လား"

ထိုအမွှေးနံ့မျိုး လူတစ်ယောက်ထံမှ မကြာခဏ ရှူရှိုက်ခဲ့ဖူး၏။ သူ၏ရင်များ ဆက်ဆက်ခုန်လာ၏။

"ညီမ"

ထိုစဉ် အိမ်ကလေးအတွင်း မီးရောင်မှိန်မှိန် ထွက်ပေါ်လာ၏။ စားပွဲနားတွင်ရပ်နေသော ချင်းကျဲ့ကျဲ့ကို တွေ့လိုက်ရလေသည်။ ရှစ်နံးကျင်းက ဝမ်းသာအားရနှင့် ချင်းကျဲ့ကျဲ့အား ပွေ့ဖက်ထားလိုက်၏။

"ညီမ ဘာမှမဖြစ်ဘူးနော်"

"ဟုတ်ကဲ့၊ ကဲ ... အစ်ကို ဒဏ်ရာရထားတယ် မဟုတ်လား၊ ဆေးသောက်လိုက်ဦး"

ရှစ်နံးကျင်းက ဒဏ်ကြေဆေးတစ်လုံး ထုတ်၍ သောက်လိုက်၏။ သူ၏အတွင်းဒဏ်ရာသည် ဒဏ်ကြေဆေးနှင့် မလုံလောက်ကြောင်း သူသိထား၏။ ချင်းကျဲ့ကျဲ့က ...

"အစ်ကို့ဒဏ်ရာ အရင်ကုသမယ်၊ ပြီးမှ ညီမအကြောင်း

ပြောပြမယ် ... ဟုတ်လား"

သူမက ရှစန်းကျင်းအား အတွင်းအားကိုအသုံးပြု၍ ဒဏ်ရာကို ကုသပေးလိုက်၏။ ရှစန်းကျင်းမှာ အတော် နေသာထိုင်သာ ရှိသွား၏။

ချင်းကျဲ့ကျဲ့က ...

"ညီမလည်း ရန်သူလက်ကလွတ်အောင် ခုတ်မြှုပ်ပုန်းနေလိုက်တယ်၊ အစ်ကို့သတင်းစုံစမ်းပြီး အစ်ကိုနဲ့တွေ့ဖို့ စီစဉ်နေတုန်း မထင်မှတ်ဘဲ အစ်ကိုနဲ့သွေးဘီလူး တိုက်ခိုက်နေတာ တွေ့လိုက်ရတာ၊ အဲဒီသွေးဘီလူးက ဘယ်သူလဲ"

"မသိဘူး ... အစ်ကိုလည်း တစ်ခါမှမမြင်ဖူးတဲ့ လူတစ်ယောက်ပဲ"

"လူစိမ်းတော့မဖြစ်နိုင်ဘူး၊ ကျွန်မတို့ရဲ့သော့ကိစ္စကို သူက သိနေတယ်"

"အစ်ကိုလည်း မပြောတတ်ဘူး၊ ဒါပေမဲ့ ဒီလူကို အမြန်ဆုံးရှာတွေ့မှဖြစ်မယ်"

"ကဲ အစ်ကို ... အနားယူလိုက်ဦး၊ မနက်ကျမှ ရှာဖွေကြတာပေါ့"

ရှစန်းကျင်းက ...



"သူက ဒီညပဲ ထွက်ခွာသွားရင်ကော"

"မြို့စားကြီးကွယ်လွန်သွားတဲ့အတွက် ဒီရက်တွေမှာ မြို့တံခါးတွေ ပိတ်ထားပါတယ်၊ ဘယ်သူမှ မြို့ထဲက မထွက်သွားနိုင်ပါဘူး"

ရှစန်းကျင်း စိတ်သက်သာရာ ရသွားလေသည်။

★

ဆင့်လျန်မှာ ဓားကို ဓားအိမ်ထဲ ပြန်သွင်းလိုက်၏။ သူ့အားဟန့်တားတိုက်ခိုက်သူ (၃) ဦးမှာ မြေပေါ်လဲကျနေပြီ ဖြစ်ပါသည်။

ဆင့်လျန်က ထိုအလောင်းများပေါ်မှ ဖြတ်ကျော်ကာ လမ်းကြားထဲသို့ ဖြတ်ဝင်လိုက်၏။

လမ်းကြားထဲ၌ မည်သူ့ကိုမျှ မတွေ့ပါ။ ဆင့်လျန်က အံ့အား သင့်သွား၏။

"ရှစန်းကျင်း ဘယ်ရောက်သွားပြီလဲ၊ ရန်သူတွေ ဖမ်းသွားပြီလား"

သူသည် တွေးရင်း တုန်လှုပ်သွား၏။ လမ်းကြားလေးထဲမှ ပြန်ထွက်လာခဲ့၏။ ထိုစဉ်မှာပင် ...

"မလှုပ်နဲ့"

ဟူသော အသံနှင့်အတူ ခြေသံများကိုကြားလိုက်ရလေသည်။ ဆင့်လျှန်က လှည့်ကြည့်လိုက်သည်။ တပ်မှူးလေးလီနှင့် ရွှံ့ပေါင်တို့ဦးဆောင်သော ရဲမက်များကို တွေ့လိုက်ရသည်။ တပ်မှူးလေးလီက ...

"မိတ်ဆွေတို့ ခုခံဖို့ မကြိုးစားပါနဲ့၊ လက်နက်ချလိုက်ပါ"

ဆင့်လျှန်က ပခုံးတွန့်လိုက်ပြီး ဓားကို မြေပေါ်သို့ ပစ်ချလိုက်လေတော့သည်။

★

ကျင့်ဝူမှာ အိမ်တွင်းသို့ ပြန်ရောက်လာ၏။ သူသည် ရှိခွမ်းအလောင်းကိုထမ်းကာ အပြင်သို့ ထွက်လာခဲ့သည်။ ထို့နောက် ခြံဝင်းအတွင်း၌ မြေကျင်းတူးလိုက်ပြီး အလောင်းကို မြေမြှုပ်လိုက်သည်။

ခြေရာလက်ရာမပျက်ရန် မြေကြီးကို သေသေချာချာ ညှိလိုက်သည်။ ပြီးမှ ပန်းအိုးတစ်လုံးကို ရွှေ့ထားလိုက်လေ၏။ ကျင့်ဝူက အိမ်တွင်း ပြန်ဝင်လာသည်။

ညစ်ပေနေသော ကိုယ်လက်နှင့်အဝတ်အစားများကို ဆေးကြော သုတ်သင်လိုက်၏။ အဝတ်အစား အသစ်တစ်စုံ လဲလှယ်ဝတ်ဆင်လိုက်သည်။



ပြီးမှ ကုလားထိုင်တွင် ထိုင်ကာ အရက်ကို ဖိမ်နှင့်သောက်လိုက်လေသည်။ မကြာမီ အရက်ဦး၏အလင်းရောင် ထွက်ပေါ်လာတော့မည် ဖြစ်ပေသည်။

ကျင့်ဝူက ရှေ့ဆက်ရမည့် အလုပ်များကို စဉ်းစားလိုက်လေသည်။ ရှစန်းကျင်း ဒဏ်ရာပြင်းထန်စွာ ရနေပြီဖြစ်သည်။ သူက မနက်ဖြန် နံနက်လင်းသည်နှင့် မြို့စောင့်ရဲမက်များကို အသုံးပြု၍ ရှစန်းကျင်းအား ရှာဖွေရန် စဉ်းစားလိုက်သည်။

တစ်ဖန် ကျင့်ဝူအစစ်ကိုလည်း ရှင်းရပေဦးမည်။ သူက ကျင့်ဝူအစစ်အား ရှင်းပစ်ရန် ဆုံးဖြတ်လိုက်ပြီး မြေအောက်ခန်းသို့ ဆင်းသည့်အဖုံးအား ဆွဲလှန်ရန် ဟန်ပြင်လိုက်သည်။

ထိုစဉ်မှာပင် ...

"မြို့စားကြီး မြို့စားကြီး"

ဟု ခေါ်သံကို ကြားလိုက်ရလေသည်။ ကျင့်ဝူက သက်ပြင်းချလိုက်၏။ သူက အိမ်တံခါးကို ဆွဲဖွင့်လိုက်သည်။ အပြင်တွင် ဘဏ္ဍာထိန်းနှင့် အတွင်းဝန်တို့ကို တွေ့လိုက်ရပေသည်။

ကျင့်ဝူက ...

"ဘာကိစ္စလဲ"

အတွင်းဝန်က ...

"မနက်ဖြန် မနက်ပိုင်းမှာ မြို့သူမြို့သားတွေရဲ့ ဂါရဝပြုပွဲ ရှိပါတယ်၊ ဒါကြောင့် ကြိုတင် ပြင်ဆင်ရအောင် လာခေါ်တာပါ"

ကျင့်ဂူက ခေါင်းတစ်ချက်ကုတ်လိုက်ပြီး အတွင်းဝန်နောက်မှ လိုက်ပါသွားလေတော့သည်။

★

တပ်မှူးလေးလီက အရှိအသေပြုလိုက်သည်။ ဆင့်လျန်က သူ၏တံဆိပ်ကို ပြန်သိမ်းလိုက်သည်။

ရွှန်ပေါင်က ...

"မနက်ကျရင် ရှစ်နန်းကျင်းကို တွေ့အောင် ရှာဖွေဖို့ ကျုပ်တို့ တာဝန်ယူပါတယ်"

ဆင့်လျန်က ...

"ကောင်းပြီ၊ သူ့ကို အန္တရာယ် မဖြစ်ပါစေနဲ့၊ မိတ်ဆွေလို ဆက်ဆံပါ"

တပ်မှူးလေးလီက ...



"ဘဏ္ဍာငွေကိစ္စနဲ့ပတ်သက်ပြီး နေပြည်တော်က အထူးအရာရှိ လာမယ်ဆိုတာ သိထားကြပေမယ့် ခင်ဗျားဖြစ်လိမ့်မယ်လို့ မထင်ဘူးဗျ"

ဆင့်လျန်က ...

"ကျုပ်က အနီးကပ် ထောက်လှမ်းနေတာကိုး"

"အခြေအနေနီးစပ်ပြီလား"

"ကွင်းဆက်တစ်ခုရရင် အားလုံး အဖြေပေါ်ပါပြီ"

တပ်မှူးလေးလီက ...

"ဘဏ္ဍာငွေတွေ ရှိသေးရဲ့လား၊ ဒီလောက်နှစ်ကြာတော့ ပြန်ရပ့ါမလား"

"နက္ခတ်ရှစ်လုံးက ခုထက်ထိ ဘဏ္ဍာငွေတွေကို မသုံးရသေးပါဘူး"

"တော်ပါသေးရဲ့"

ဆင့်လျန်က ...

"ကျုပ်ရှိနေတာကို ခင်ဗျားတို့ကလွဲပြီး ဘယ်သူ့ကိုမှ အသိမပေးနဲ့"

တပ်မှူးလေးလီက ...

"အတွင်းဝန်နဲ့ မြို့စားကော"

"မပြောတာ ကောင်းပါတယ်"

တပ်မှူးလေးသီကာ ခေါင်းညိတ်လိုက်၏။

"ကောင်းပါပြီ ... နိုင်းစရာရှိရင် အချိန်မရွေး ခေါ်လိုက်ပါ"

★★★



## အခန်း (၃၀)

သစ်လွင်သော အုတ်ဂူတစ်ခု။ အုတ်ဂူရှေ့တွင် ကွန်းလုယနက ဒူးထောက်နေ၏။ သူ၏မျက်ဝန်းအစုံတွင် မျက်ရည်များကျနေ၏။

"ဖေဖေ ... ဖေဖေ့ကို လုပ်ကြံတဲ့တရားခံကို သားကိုယ်တိုင်ဖော်ထုတ်ပြီး ဥပဒေဘောင်အတွင်း ပို့ဆောင်ပြီးပါပြီ၊ ဖေဖေ ကျေနပ်မှုရပါစေ"

သူ၏မျက်လုံးထဲတွင် ဖခင်ဖြစ်သူ၏ လှုပ်ရှားဟန်များကို အလိုလို မြင်ယောင်နေမိ၏။

လောကတွင် လောဘတရား၊ ဒေါသတရားတို့သည် အလွန်ကြောက်စရာကောင်းလှသည်ဟုလည်း တွေး နေမိ၏။

သူ၏တာဝန် တစ်ခုသာ ပြီးသေး၏။ သူ့ဖခင်၏ လုပ်ငန်းများကို ဦးစီးဦးဆောင်ပြုရမည့် တာဝန်များက ကျန်နေသေး၏။

သူသည် သူ့ဖခင်ကဲ့သို့ပင် ရိုးသားကြိုးစားစွာ လုပ်ကိုင်သွားမည်ဟုလည်း ဆုံးဖြတ်ချက် ချလိုက်လေတော့သည်။

★

မြို့စားကြီး ကျင့်ဂူ။ ကျားသစ်ရေအုပ် ခုံရှည်တွင် ဣန္ဒြေဖြင့် ထိုင်နေ၏။ သူသည် အလွန်စိတ်အိုက်နေ၏။ နံနက်လင်းကတည်းက မြို့သူမြို့သားများက တဖွဲဖွဲ လာရောက်ဂါရဝပြုနေကြပေသည်။

သူ့စိတ်က ဂါရဝပြုရာတွင် မရှိပါ။ အိမ်သို့ ပြန်ရောက်နေ၏။ ကျင့်ဂူအစစ်ကို မရှင်းရသေးခြင်းက သူ့အား နောက်ဆံငင်စရာ ဖြစ်နေ၏။

တစ်ဖန် ရှစန်းကျင်းကိုလည်း တွေ့အောင်ရှာဖွေရဦးမည် ဖြစ်၏။ သူ၏စိတ်များ ရှုပ်ထွေးနေ၏။ အဖြစ်အပျက် အပြောင်းအလဲ များက မြန်လှပေသည်။

ဘန်းယန့်အား ဖမ်းဆီးထားကြောင်းလည်း သူ တစ်ခွန်း တစ်စ ကြားလိုက်၏။ သူသာ ကျင့်ဂူဘဝ ယူမထားလျှင် ထွက်ပြေး နေရပြီဟုလည်း တွေးနေ၏။

ရှစန်းကျင်းသည် တစ်ယောက်တည်းနှင့်ပင် သူ့ကို ပြန် လည်မွေနှောက်နိုင်သည် မဟုတ်ပါလော။ သူက မြို့စားရာထူးရပြီး နောက် ဘဏ္ဍာငွေများမရလျှင်လည်း အကြောင်းမဟုတ်တော့ပါ။

ရှစန်းကျင်းအား ရှင်းပစ်နိုင်လျှင် သူ့အား နှောင့်ယှက်နိုင်သူ မရှိတော့ဟု တွေးလိုက်မိ၏။ သူက အတွင်းဝန်ဘက် လှည့်လိုက်ပြီး

"ဂါရဝပြုပွဲက ဘယ်တော့ပြီးမှာလဲ"



ဟု မေးလိုက်၏။ အတွင်းဝန်က ...

"တော်တော်ကြာဆိုရင် ပြီးပါပြီ"

ကျင့်ဂူ သက်ပြင်းချလိုက်သည်။ စိတ်အိုက်နေသဖြင့် ချွေး များကလည်း တစ်ကိုယ်လုံး စိုရွှဲနေ၏။ နံဘေးမှာ မည်မျှ ယပ်ခတ် ပေးနေစေကာမူ ချွေးက ထွက်မြဲထွက်နေ၏။

ဂါရဝပြုပွဲ မြန်မြန်ပြီးသွားစေရန် ဆုတောင်းနေမိလေသည်။ ထိုစဉ် မြို့သူမြို့သားတစ်စု ထပ်မံရောက်ရှိလာကြသည်ကို တွေ့ လိုက်ရလေသည်။

ရဲမက်များက စနစ်တကျ ဂါရဝပြုနိုင်ရန် စီစဉ်ပေးနေ၏။ မြို့သူမြို့သားများက တန်းစီဝင်ရောက်ကာ တစ်ဦးချင်း ဂါရဝပြုနေ ကြ၏။

ရှစန်းကျင်းနှင့် ချင်းကျဲ့ကျဲ့တို့မှာလည်း သွေးဘီလူးအား ရှာဖွေရင်းမှ ဂါရဝပြုပွဲသို့ ရောက်ရှိလာကြ၏။ ချင်းကျဲ့ကျဲ့က ရှေ့မှ ဝင်သွားပြီး ဂါရဝပြုလိုက်၏။

ကျင့်ဂူမှာ ချင်းကျဲ့ကျဲ့အား တွေ့လိုက်ရသောအခါ မျက်နှာ ပျက်သွားလေသည်။ ထိုစဉ် ရှစန်းကျင်းကလည်း ဝင်ရောက်လာပြီး ဒူးထောက် ဂါရဝပြုနေသဖြင့် စိတ်လှုပ်ရှားသွား၏။

သူ မည်သို့ဆောင်ရွက်ရမည်ကို အလျင်အမြန် တွေးတော

လိုက်၏။ ရှစ်နံ့ကျင်းက ဒူးထောက်၍ ဂါရဝပြုပြီးမှ မြို့စားကြီးကျင့်ဂူအား မော်ဖူးလိုက်၏။

"ဟင်"

သူ၏မျက်လုံးများ ပြာသွား၏။ ချင်းကျဲ့ကျဲ့က ...

"အစ်ကို ဘာဖြစ်တာလဲ"

ရှစ်နံ့ကျင်းက ...

"သွေးဘီလူးတွေ့ပြီ"

ဟု လေသံဖြင့် ပြောလိုက်၏။ ချင်းကျဲ့ကျဲ့က ...

"ဘယ်မှာလဲ"

ရှစ်နံ့ကျင်းက ...

"မြို့စားကြီးပဲ"

ချင်းကျဲ့ကျဲ့က ...

"မဖြစ်နိုင်ဘူး၊ မြို့စားကြီးက စာပေပညာရှင်တစ်ဦးပဲ၊ သိုင်းသမားတစ်ဦး မဟုတ်ဘူး"

ရှစ်နံ့ကျင်းက အံကြိတ်လိုက်၏။ သူ့မျက်စိကို သူယုံ၏။ ညက သူနှင့်ရင်ဆိုင်ခဲ့သော သွေးဘီလူးပင် ဖြစ်ကြောင်း အခိုင်အမာ ယုံကြည်ထား၏။

သွေးဘီလူးအား တိုက်ခိုက်လိုလျှင် ယခုအချိန်သည်



အကောင်းဆုံးအချိန်ပင် ဖြစ်၏။ ရဲမက်များက အလှမ်းဝေးနေ၏။ သူက သွေးဘီလူးအား အမြန်ဆုံး သုတ်သင်နိုင်ရမည်ဟု တွက်ဆလိုက်၏။

သူ အောင်မြင်သည်ဖြစ်စေ မအောင်မြင်သည့်ဖြစ်စေ ရဲမက်များလက်မှ လွတ်မြောက်နိုင်မည် မဟုတ်ပါ။ ရှစ်နံ့ကျင်းက အံကြိတ်လိုက်၏။ ရုတ်တရက် ဒူးထောက်ရာမှ ခုန်ထလိုက်ပြီး ...

"သေစမ်း"

လက်ဝါးတစ်ချက် ရိုက်ထုတ်လိုက်လေသည်။ ကျင့်ဂူမှာ ရှစ်နံ့ကျင်း ဤမျှ အဟင့်ရဲစွာဖြင့် တိုက်ခိုက်လာမည်ဟု မထင်ခဲ့ပါ။

ယခု သူက ထိတ်လန့်သွားပြီး ချက်ချင်း လက်ဝါးတစ်ချက် ပြန်တွန်းထုတ်လိုက်၏။

'ဖုတ်'

နှစ်ယောက်စလုံး အောက်သို့ပြုတ်ကျလာလေသည်။ ရဲမက်များက သတိဝင်လာ၏။ အားလုံး ရုတ်ရုတ်သဲသဲ ဖြစ်သွားကြ၏။

ရှစ်နံ့ကျင်းက ကျင့်ဂူအား တရကြမ်းဖိ၍ တိုက်ခိုက်လိုက်၏။ ကျင့်ဂူက ပြန်လည်တိုက်ခိုက်ရင်းမှ ရဲမက်များအား အော်ဟစ်အမိန့်ပေးလိုက်၏။

"ရဲမက်တို့ ဒီတောသားအရိုင်းကို ဖမ်းကြစမ်း"

ရဲမက်များသာမက တပ်မှူးလေးလီပါ ရောက်ရှိလာပြီး ရှစန်းကျင်းအား ဝိုင်းရံထားလိုက်၏။ ရှစန်းကျင်းက ...

"တပ်မှူးလေး ... ဒီလူဟာ ဒုစရိုက်ကောင်ဗျ"

ကျင့်ဂူက ...

"မင်း တော်တော်စော်ကားပါလား"

ရဲမက်များက မြို့စားကြီးကျင့်ဂူအား စော်ကားသည့်အတွက် တိုက်ခိုက်ရန် ပြင်လိုက်ကြ၏။

ထိုစဉ် ချင်းကျဲ့ကျဲ့အသံ ထွက်ပေါ်လာ၏။

"တပ်မှူးလေး ... ဒီလူဟာ ကျင့်ဂူအစစ်မဟုတ်ဘူး၊ သူဟာ သိုင်းပညာတတ်တယ်၊ မယုံရင်ကြည့်"

သူမက လှျပ်တစ်ပြက် ကျင့်ဂူထံသို့ ခုန်ဝင်ကာ ဓားနှင့်ခုတ်ချလိုက်လေသည်။ ကျင့်ဂူမှာ သိုင်းပညာမကတတ်သလို ဟန်ဆောင်နေလျှင် ချင်းကျဲ့ကျဲ့၏ ဓားချက်အောက်ဝယ် အသက်ပျောက်သွားရမည်သာ ဖြစ်၏။

ကျင့်ဂူက မတတ်နိုင်ပါ။ ဓားချက်ကို ရှောင်တိမ်းပြီး လက်ပြန်တစ်ချက် ရိုက်ထုတ်လိုက်၏။

'ဝုန်း'



ချင်းကျဲ့ကျဲ့က နောက်သို့ လွင့်စဉ်သွား၏။ ရဲမက်အားလုံး ကြောင်အမ်းအမ်းဖြစ်သွားလေသည်။ တပ်မှူးလေးလီက ...

"ခင်ဗျားဘယ်သူလဲ၊ စာပေပညာရှင် ကျင့်ဂူမဟုတ်တာ သေချာသွားပြီ"

ကျင့်ဂူမှာ အခြေအနေမကောင်းတော့ကြောင်း နားလည်လိုက်၏။ လျှပ်တစ်ပြက် သူက ခုန်ထွက်ပြီး တံခါးပေါက်မှ ပြေးထွက်လိုက်၏။

'ဝုန်း'

ကျင့်ဂူမှာ ရုတ်တရက် တိုက်ခိုက်ခံလိုက်ရပြီး အခန်းထဲ ပြန်လည်ကျရောက်လာ၏။ သူက လူးလဲထမည်အပြု တပ်မှူးလေးလီ၏ ဓားက သူ၏ရင်ဝသို့ ထောက်ထားပြီးသား ဖြစ်သွား၏။

အခန်းအပြင်မှ ဆင့်လျန်က အထူးအရာရှိဝတ်စုံဖြင့် ဝင်ရောက်လာလေသည်။ ကျင့်ဂူက မတတ်သာတော့ပါ။ သူ၏မျက်နှာဖုံးကို ချွတ်ချလိုက်၏။

မြွေချူကျောင်းဖြစ်နေသည်ကို တွေ့လိုက်ရ၏။ ရှစန်းကျင်းက ...

"မင်းက ဘာကြောင့် သွေးဘီလူး ဟန်ဆောင်ရတာလဲ"

ချူကျောင်းက ...

"ကျုပ်က ဒီငွေတွေကို တစ်ယောက်တည်း ပိုင်ဆိုင်ချင်စိတ် ဖြစ်မိလို့ပါ။ ကျုပ်မှားသွားပြီ၊ သော့ (၆) ချောင်းက ကျင့်ပူရဲ့အိမ်မှာ ရှိပါတယ်၊ ပြီးတော့ ကျင့်ပူအစစ်လည်း အဲဒီအိမ်မြေအောက်ခန်းမှာ ရှိပါတယ်"

★

အားလုံးအေးချမ်းသွားပြီဖြစ်၏။ ရှစန်းကျင်းက ဘဏ္ဍာငွေများအားလုံး ပြန်လည်ထုတ်ပေးလိုက်၏။

ယနေ့ သူက ချစ်သောဇနီးသည် ချင်းကျဲ့ကျဲ့နှင့်အတူ ရွာကလေးတစ်ရွာဝယ် အခြေချ နေထိုင်၏။

ယခင်က ဓားကိုင်သောလက်သည် ယခု ပေါက်ပြားကိုင်နေ၏။ သို့သော် သူ၏စိတ်အစဉ်မှာ လန်းဆန်းတက်ကြွနေ၏။

ယခင်က ဆိုးသွမ်းခဲ့သော်လည်း ယခုလို အမြင်မှန်ရလာသော သူတို့ဇနီးမောင်နှံအား အားလုံးက နွေးထွေးစွာ ကြိုဆိုခဲ့၏။

သူတို့အတွက် မှောင်မိုက်ကြမ်းတမ်းသော နေ့ရက်များ ကုန်ဆုံးသွားခဲ့ပြီ ဖြစ်ပါသည်။

ဝဏ္ဏအောင်